မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၀၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှက်ဆစ်ဟာ MTA ၏ တစ်ဖွဲ့လုံး အကြွင်းမဲ့လက်နက်ချခဲ့စဉ်က ပါဝင်ခဲ့ပြီး မူးယစ်ဆေးဝါးလုပ်ငန်းကို ဆက်လက်လုပ်နိုင်ဖို့ ပြန်လည်တောခိုသွားသူဖြစ် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ဂိုဏ်းဖွဲ့လုပ်ဆောင်နေ

၁၉၉၀ ခုနှစ်ကသော အမျိုးသားညီလာခံကြီးကို တစ်ဆက်တစ်စပ်တည်း ကျင်းပနိုင်ခဲ့မည်ဆိုလျှင် ယခုအချိန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေလောက်ပြီ NLD ၏ ကိုယ်ကျိုးကြည့်လုပ်ရပ်ကြောင့် ယနေ့အထိ နှောင့်နှေးကြန့်ကြာနေခဲ့ရခြင်းဖြစ်

ပြည်သူလူထုကို ကိုယ်စားမပြုတော့သည့် NLD နှင့်တွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပအဖျက်သမားများက နိုင်ငံရေးကိစ္စ ဗန်းပြပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုအပါအဝင် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စားကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၇

ပြည်တွင်းပြည်ပအဖျက်သမားများက နိုင်ငံရေးကိစ္စဗန်းပြပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုအပါအဝင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စားကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတ တိုးတက်ထုတ်လုပ် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီလ၂၃ရက်နေ့က ချောက်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)နှင့် စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်) စက်ရုံရှင်းလင်းခန်းမ၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက-

"စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝန်း၌ မြေအောက်သယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တဖြည်းဖြည်းချင်းလျော့နည်းလာသည့် အခြေအနေဖြစ်နေရာ တိုးတက်ထုတ်လုပ်နိုင်သည့် ဇီဝလောင်စာဘက်ကို အာရုံစူးစိုက်လာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများစွာ ကျန်ရှိနေသေးရာ အကျိုးရှိအောင် တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အခြားတစ်ဖက်တွင် ဒီဇယ်အစားထိုး ဇီဝဒီဇယ်ဖြစ်သည့် ကြက်ဆူဆီအပြင် ကြံနှင့်ပီလောပီနံတို့က ထုတ်လုပ်သည့် အီသနောတို့ကို စမ်းသပ်ထုတ်လုပ်ရန် စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း "

မှာကြားခဲ့သည်။

အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)၏ သက်တမ်းမှာ နှစ် ၅၀ကျော်ပြီဖြစ်သော်လည်း နိုင်ငံခြားငွေ ခြိုးခြံချွေတာသောအားဖြင့် စက်ရုံမှဝန်ထမ်းများ၏ တီထွင်ကြိုးပမ်းအားထုတ်မှုဖြင့် စက်ရုံလည်ပတ်နိုင်လျက်ရှိသည်။ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှဖယောင်းတိုင်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဓာတ်မြေဩဇာစက်ရုံများမှ တစ်နှစ်တန်ချိန် ၃၃သမ ၅ သိန်း ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံများ အဆင့်မြှင့်တင်ရေးလုပ်ငန်း အဆင့်ဆင့်ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုးတက်ထုတ်လုပ်နိုင်လျက်ရှိသည်။

စက်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် မြန်မာပညာရှင်များ၏ နည်းပညာစွမ်းအား၊ နိုင်ငံအတွင်းရှိ အစိုးရနှင့်ပုဂ္ဂလိကပိုင် စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၏ စွမ်းအားတို့ ပေါင်းစပ်ပြီး စလေ ဓာတ်မြေဩဇာစက်ရုံကဲ့သို့သော စက်ရုံကြီးများ၏ အပိုပစ္စည်းများထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်နေသည်ကို တွေ့ရသည်။ အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုအပြင် လုပ်သားအင်အား စီမံခန့်ခွဲမှု၊ လုပ်အားစွမ်းရည်စီမံခန့်ခွဲမှုတို့ ကောင်းမွန်မှသာ စက်ရုံ၏အရည်အသွေး တိုးတက်မည် ဖြစ်သည်။

တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများအားလုံး ပေါင်းစု၍သော်လည်းကောင်း၊ စက်ရုံတစ်ရုံချင်းအတွက်သော်လည်းကောင်း အသုံးစရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio) ကိုက်ညီအောင် စနစ်တကျ စာရင်းဇယားများပြုစုပြီး စောင့်ကြည့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအားလုံးကို လစာများထိုက်တန်စွာ တိုးမြှင့်ပေးခဲ့ပြီးဖြစ်သဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းပြီး အရည်အချင်းကောင်းကောင်း၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် အလုပ်ကို တိုးတက်လုပ်ဆောင်ကြရန် လိုပေသည်။ လုပ်ငန်းတိုင်း၌ အလေအလွင့်မရှိစေရန်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်သကဲ့သို့ ဒီဇယ်အစားထိုး ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဩစတြေးလျမြောက်ပိုင်း၌ မိုနီကာမုန်တိုင်းကျရောက် တစ်နာရီ မိုင် ၂၂၀နှုန်းဖြင့် လေပြင်းများတိုက်ခတ်ခဲ့

ဆစ်ဒနီ ဧပြီ ၂၇

အပူပိုင်း ဆိုက်ကလုံးမုန်တိုင်း တစ်ခုဖြစ်သော မိုနီကာမုန်တိုင်းသည် ဧပြီ ၂၅ ရက်က ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်းမြို့တွင် တိုက်ခတ်ခဲ့ရာ နိုင်ငံမြောက်ပိုင်း၌ ယင်းသို့ အပြင်းအထန်ဆုံး မုန်တိုင်းမရှိခဲ့ဖူးကြောင်း ရိုက်တာက ဖော်ပြသည်။



မိုနီကာဆိုက်ကလုံးမုန်တိုင်း ဝင်ရောက်လာသည့် ဂြိုဟ်တုပုံရိပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒါဝင်းမြို့တွင် တိုက်ခတ်စဉ် ယင်းမုန်တိုင်းသည် ၁၉၇၄ ခုနှစ်က လူ ၆၀ကျော် သေဆုံးခဲ့ရသည့် တရာစီမုန်တိုင်းထက် လေပြင်းများတိုက်ခတ်ခဲ့ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

နေရာချထား

ကျွန်းသို့ ဦးတည်ရွေ့လျားလာသည့် မိုနီကာမုန်တိုင်းနှင့်အတူ တစ်နာရီလျှင် ကီလိုမီတာ ၃၅၀(တစ်နာရီလျှင် မိုင်၂၂၀)နှုန်းရှိ လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် လူ၂၀၀ခန့်ကို အနီးရှိ ဂေါ်လ်ဘွန်းကျွန်းသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လူရာပေါင်းများစွာကို ဒါဝင်းမြို့ရှိ ဘေးလွတ်ရာ နေရာများ၌ နေရာချထားပေးခဲ့ရသည်။

ရပ်ဆိုင်းထား

ယင်းမုန်တိုင်းကြောင့် ဒါဝင်း၏ အရှေ့ဘက်၁၅၅မိုင်(ကီလိုမီတာ ၂၅၀) အကွာရှိ ကမ္ဘာပေါ်တွင် ကမ္ဘာ့ဒုတိယအကြီးဆုံး ယူရေနီယံထုတ်လုပ်သည့် ရင်ဂျာသတ္တုတွင်းကို ရပ်ဆိုင်းထားလိုက်ရသည်။

အမ်အင်အေ၊ရိုက်တာ

မြဝတီရုပ်မြင်သံကြား

၂၈-၄-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅	၈။	ခါသကြီန်အဆိုအကများ
၇း၅၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၆။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅	၇။	ခါသကြီန်အဆိုအကများ
၄း၄၀	၈။	မျိုးချစ်တပ်မတော်
၄း၅၀	၉။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀	၁၀။	ခါသကြီန်အဆိုအကများ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၀)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	Goals Show
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၅)

အီရန်ကိုအရေးယူရန် အမေရိကန်၏တင်ပြချက် တရုတ်နိုင်ငံက ဗီတိုအာဏာဖြင့်ပယ်ချ

ကုလသမဂ္ဂ ဧပြီ ၂၇

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းရန်အလို့ငှာ အမေရိကန်၏တင်ပြချက်ကို တရုတ်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဧပြီ၂၅ရက်၌ ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိန်းချုပ်

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က အီရန်အား အရေးယူရန် ငြင်းဆန်လျက်ရှိပြီး အနောက်အုပ်စုသည် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာ သောကြာနေ့က ထွက်လာပြီးနောက် အီရန် နျူကလီးယား ရည်မှန်းချက်များကို တဖြည်းဖြည်းချင်း ထိန်းချုပ်သွားရန် လိုလားလျက်ရှိသည်။

ပထမဆင့်အနေဖြင့် အနောက်အင်အားကြီးအုပ်စုက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း(၇)အရ အီရန်အပေါ် တရားဝင်အရေးယူ ဆောင်ရွက်ရန် လုံခြုံရေးကောင်စီက လိုလားလျက်ရှိသည်။

ပြောကြား

သို့ရာတွင် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ကောင်ယာက သတင်းထောက်များအား ပြောကြားရာတွင် အီရန်နျူကလီးယား ပြဿနာကို သံတမန်နည်းလမ်းအရသာ ဖြေရှင်းရန်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အခန်း(၇)ကို အခြေခံသော မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ထိုကဲ့သို့ တင်ပြခြင်းကို ထိုက်တန်စွာ လုပ်ဆောင်နိုင်မည်ဟုမထင်ကြောင်း ဝမ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

NLD ဗဟိုရနချုပ်ကို ပြည်ပဆရာကြီးများ၏ သံရုံးများက ဥဒဟို သွားလာဝင်ထွက်ဆက်ဆံပြီး နည်းပေးလမ်းပြလုပ်

✡ **ရှေ့ဖုံးမှ**

ယနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်း တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် ပြည်တွင်း ပြည်ပပူးပေါင်းဆောင်ရွက်မှုများဖြင့် အစဉ်တစိုက်ကြိုးပမ်း စွမ်းဆောင် အောင်မြင်မှု များနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကျယ်တဝင့် ရှင်းလင်းပြောကြားသွားတာကို အားလုံးကြားသိကြပြီးဖြစ်ပါတယ်။

လက်ရဲဇက်ရဲ

ကျွန်တော့်အနေနဲ့ အဲဒီရှင်းလင်းပြောကြားချက်နဲ့ ဆက်စပ်နေတဲ့ ပြည်တွင်းပြည်ပ အကြမ်းဖက် အဖျက်သမားအဖွဲ့တွေဟာ တစ်ဖက်က လူကြားကောင်းအောင် နိုင်ငံရေးကိစ္စတွေကို ရှေ့တန်းတင်ဗန်းပြပြီး နောက်ကွယ်မှာတော့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှု၊ လူမျိုးတုံးအစုလိုက် အပြုံလိုက်သတ်ဖြတ်မှု၊ အမျိုးသမီးများအား အဓမ္မပြုကျင့်မှု၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှု၊ ခြိမ်းခြောက်ဆက်ကြေးကောက် ပြန်ပေးဆွဲလူသတ်မီးရှို့မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအပါအဝင် အဓမ္မလူသစ်စုဆောင်းမှုစတဲ့ လုပ်ရပ်တွေကို လက်ရဲဇက်ရဲ ရက်ရက်စက်စက် ကျူးလွန် လုပ်ဆောင်နေခြင်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

အဲဒီလိုရှင်းလင်းပြောကြားရာမှာ သမိုင်းနောက်ခံ ဖြစ်ရပ်မှန်တွေကို ခြုံငုံဆက်စပ်သိရှိနိုင်ဖို့အတွက် အကျဉ်းချုံးပြီး ဖော်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်မှာ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ အရင်းရှင်စီးပွားရေး စနစ်ကိုကျင့်သုံးပြီး လွတ်လပ်တဲ့နိုင်ငံဘဝကို အထွေထွေအကျပ်အတည်းများနဲ့ ရင်ဆိုင်ခဲ့ရပြန်ပါတယ်။ တစ်ဖက်ကလည်း ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုအရှိန် အမြင့်မားဆုံးအနေအထား အထိ ရောက်ရှိလာခဲ့ပါတယ်။ အဲဒီအခါမှာ ပြည်သူလူထုအနေနဲ့ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ အဲဒီအခြေအနေကို ခုတုံးလုပ်ပြီး ပြည်တွင်းပြည်ပ အဖျက်သမားတွေက ပွဲလှန့်ဖျာခင်းနိုင်အောင်၊ အာဏာကို ဖြတ်လမ်းက အချောင်ယူနိုင်အောင် ၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်းကို လုပ်ကြံဖန်တီးခဲ့ကြပါတယ်။

အချိန်ကိုက် အားထုတ်ကြိုးပမ်း

အဲဒီလို တိုင်းပြည်ဖရိုဖရဲနဲ့ ပြိုကွဲပျက်စီးတော့မယ့် အနေအထားအထိ ရောက်ရှိလာချိန်မှာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းကမှ ဝင်ရောက်ထိန်းသိမ်း တည့်မတ်နိုင်ခြင်းမရှိတော့တဲ့အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို တစ်ဖန်ယူခဲ့ရပြန်ပါတယ်။ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို ယူခဲ့ရချိန်မှစပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ပွဲလှန့်ပြီးဖျာခင်းဖို့ ကြံစည်ကြိုးပမ်းလာတဲ့ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ကို တွန်းလှန်ချေမှုန်းခဲ့ရပါတယ်။ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ အချိန်ကိုက် အားထုတ်ကြိုးပမ်းလာတဲ့ ပြည်ပ အန္တရာယ်ကိုလဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်သူတွေမလိုလားတော့တဲ့ တစ်ပါတီစနစ်အစား ပါတီစုံဒီမိုကရေစီ စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဆိုရှယ်လစ်စီးပွားရေး စနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲဖော်ဆောင်ပေးခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်အတွင်း တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှုရှိမှသာ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နဲ့ အနှစ်သာရရှိရှိ ကျင့်သုံးနိုင်မယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးစတဲ့ လူနေမှုဘဝများကိုလဲ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် နိုင်မယ်ဆိုတာကို နားလည်သဘောပေါက်တာနဲ့အညီ အမျိုးသားစည်းလုံး ညီညွတ်မှု ပြန်လည်ရရှိအောင် ဦးစားပေးတည်ဆောက်ခဲ့ပါတယ်။ ဒါကြောင့် နှစ်ပေါင်း၄၀ကျော်ကာလအတွင်း လက်နက်စွဲကိုင်ဆန့်ကျင်နေတဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၁၈ဖွဲ့အနက် ၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူတည်ဆောက်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး နယ်စပ်ဒေသများအထိ တည်ငြိမ်အေးချမ်းမှုနဲ့ တရား ဥပဒေစိုးမိုးမှုလွှမ်းခြုံရရှိလာချိန်မှာ နယ်စပ်ဒေသများနဲ့ ထိုဒေသရှိ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရက နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းချမှတ်ပြီး ယနေ့အထိ စဉ်ဆက်မပြတ်ဖော်ဆောင် ပေးလျက်ရှိပါတယ်။

ကြိုးပမ်းတည်ဆောက်ပေး

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးမှာ အခြေခံ အဆောက်အအုံများအကြားအလပ်မရှိ ဖြစ်ထွန်းလာအောင် အထူးဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေး ဒေသ၂၄ခု စီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအမံများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိနေပါတယ်။

တစ်ဖက်ကလဲ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်မှုကို အခိုင်အမာပြဋ္ဌာန်းပေးနိုင်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ ချမှတ်နိုင်အောင် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်မှာ စတင်ကျင်းပပေးခဲ့ပါတယ်။ အဲဒီလို အမျိုးသားညီလာခံ ကျင်းပရာမှာလဲ **စာမျက်နှာ ၄ ကော်လံ ၁**

သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)တွင် ပြသထားသည့် မှတ်တမ်း ဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

စတင်ခဲ့ပါတယ်။ ဒါပေမယ့် ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်ခံခဲ့ရမှုကြောင့် အဲဒီအချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းလျော့ကျခဲ့ရပါတယ်။ နိုင်ငံရေးပါတီ အကွဲအပြဲတွေကြောင့် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဂိုဏ်းဂဏဝါဒီများကြောင့် လက်နက်စွဲကိုင် ဆန့်ကျင် ဆူပူမှုတွေဖြစ်ပွားပြီး တိုင်းပြည်မှာတည်ငြိမ်မှုမရှိဘဲ ပြည်သူတွေရဲ့ဘဝလဲ လုံခြုံမှုကင်းမဲ့ခဲ့ပါတယ်။

ရင်ဆိုင်ကြုံတွေ့ခဲ့ရ

အဲ့ဒီဆိုးကျိုးသက်ရောက်မှုတွေကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ယိုယွင်းကျဆင်းလာခဲ့ရပါတယ်။ ပြည်သူတွေရဲ့ စီးပွားရေးနဲ့ လူမှုဘဝနိမ့်ကျခဲ့ရပါတယ်။ ဒါ့အပြင် နယ်ချဲ့အလိုကျ အလျှင်လိုရေးဆွဲခဲ့ရတဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်နဲ့ပါ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

တိုင်းပြည်မှာ အဲဒီလိုအဘက်ဘက်မှ ယိုယွင်းကျဆင်းနေတဲ့ အခြေအနေအရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်း တည့်မတ်ပေးနိုင်ဖို့အတွက် ၁၉၆၂ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ပကတိအခြေအနေအရ မအောင်မြင်မဖြစ်ထွန်းတော့တဲ့ ပါလီမန် ဒီမိုကရေစီစနစ်နဲ့ အရင်းရှင်စီးပွားရေးစနစ်အစား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမယ့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲမှုနဲ့ သဟဇာတ မဖြစ်ခြင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့ရဲ့ လုပ်ငန်းဆောင်ရွက်မှု အားနည်းခြင်းတွေကြောင့် ဆိုရှယ်လစ်စနစ်မအောင်မြင်ဘဲ တိုင်းပြည်မှာ

SSA-S ရှုက်ဆစ်နဲ့အပေါင်းပါ အကြမ်းဖက်အဖျက်သမားတွေဟာ မှောင်ခို လက်နက်ခဲယမ်းတွေကို အခြား အကြမ်းဖက်သောင်းကျန်းသူတွေဆီ ဖြန့်ဝေနေကြ။ အဲဒီလက်နက်ခဲယမ်းတွေနဲ့ ပြည်သူတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေကြ။ လက်နက်ပြ ခြိမ်းခြောက်ပြီး ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲနေကြ။ ရှမ်းပြည်လွတ်မြောက်ရေးအတွက်ဆိုပြီး ဟန်ရေးပြကြွေးကြော်နေတဲ့ SSA-S ရှုက်ဆစ်နဲ့ အပေါင်းပါတွေဟာ မူးယစ်ဆေးဝါးနဲ့ လက်နက်မှောင်ခို ရောင်းဝယ်မှုကို ဂိုဏ်းဖွဲ့ကျူးလွန်နေကြတဲ့ မူးယစ်ရာဇာ မာဖီးယားရာဇဝတ်သားများ ဖြစ်နေကြောင်းကို ကေန်မှုချ တွေ့မြင်ကြရမှာဖြစ်။

စာမျက်နှာ ၃ မှ

မကျင်းပမီမှာ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံပုဂ္ဂိုလ်များကို ဖိတ်ခေါ်ညှိနှိုင်းတိုင်ပင်ပြီး အများရဲ့သဘောတူ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ငြင်သာ ချောမွေ့စွာ အောင်မြင်ပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကို ၁၉၉၅ခုနှစ်အထိ အောင်အောင်မြင်မြင် ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူ ၁၀၄ ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရှေ့တန်းတင်ပွဲထုတ်ပြီး မြန်မာနိုင်ငံကို ၎င်းရဲ့ဩဇာခံအခြွေအရံနိုင်ငံအဖြစ် သွတ်သွင်းလိုတဲ့ ကိုလိုနီလက်သစ်နိုင်ငံကြီး တစ်ခုရဲ့ ဝင်ရောက်ခလောက်ဆန်မှုကြောင့် NLD ပါတီမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဟာ အမျိုးသားညီလာခံကို ဆန့်ကျင်ကျောခိုင်း ထွက်ခွာသွားခဲ့ကြပါတယ်။

မူဝါဒလမ်းစဉ်(၇)ရပ်

ဒါကြောင့် အမျိုးသားညီလာခံကို ခေတ္တရပ်ဆိုင်းခဲ့ရပေမယ့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမှာ မရှိမဖြစ်လိုအပ်နေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းစဉ်တွေကို မဆုတ်မနစ် မဖင့်မနွှဲဘဲ ဆက်လက်ဖော်ဆောင်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလားအလာကောင်းတွေ ရရှိဖြစ်ထွန်းလာချိန်မှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာပြီး အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလမှာ ပြန်လည်ကျင်းပခဲ့ပါတယ်။

အဲဒီအခါမှာ ယခင်အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြတဲ့ NLD အပါအဝင် နိုင်ငံရေးပါတီ ၁၀ခုကိုလဲ ဖိတ်ကြားခဲ့ပါတယ်။ NLD က တက်ရောက်မယ်လို့ပြန်ကြားပြီး လိုလားချက်တွေကို တောင်းဆိုခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက လိုက်လျောနိုင်တာတွေကို လိုက်လျောခွင့်ပြုခဲ့ပေမယ့် နောက်ဆုံးမှာ NLD ဟာ ညီလာခံကို တက်ရောက်ခြင်းမပြုခဲ့ပါဘူး။ ဒါ့အပြင် NLD ရဲ့ ဩဇာခံ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့ဟာလဲ အမျိုးသားညီလာခံကို တက်ရောက်ရန် ပျက်ကွက်ခဲ့ကြပါတယ်။ ကျန်နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် အစုအဖွဲ့အသီးသီးမှကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားညီလာခံသို့ တညီတညွတ်တည်း တက်ရောက်ခဲ့ကြပါတယ်။ ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုးထက် နိုင်ငံတော်နဲ့ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုဦးစားပေးပြီး အမျိုးသားညီလာခံမှာ တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့်မို့ ၂၀၀၆ခုနှစ် ဇန်နဝါရီလ၃၁ ရက်နေ့အထိ အမျိုးသားညီလာခံ သုံးကြိမ်တိုင် ဆက်လက်ကျင်းပနိုင်ခဲ့ပြီး အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ရာခိုင်နှုန်းအားဖြင့် ၇၀ရာခိုင်နှုန်းအထိ ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အခုရှင်းပြခဲ့တဲ့ အကြောင်းအရာအချက်အလက်တွေကိုကြည့်ရင် ယနေ့မြန်မာနိုင်ငံ ဦးတည်လျှောက်လှမ်းနေတဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်း ပေါ်ပေါက်ရေးနဲ့ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေးဖြစ်တယ်ဆိုတာကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။ ၁၉၉၆ ခုနှစ်ကသာ အမျိုးသားညီလာခံကြီးကို တစ်ဆက်တစ်စပ်တည်း၊ တစ်စိတ် တစ်ဝမ်းတည်း အနှောင့်အယှက်ကင်းကင်းနဲ့ ကျင်းပနိုင်ခဲ့မယ်ဆိုရင် အခုအချိန်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေလောက်ပြီ ဖြစ်ပါတယ်။ NLD ရဲ့ ကိုယ်ကျိုးကြည့်လုပ်ရပ်ကြောင့်သာ ယနေ့အထိ နှောင့်နှေးကြန့်ကြာနေခဲ့ရခြင်း ဖြစ်ပါတယ်။

သွေးထိုးလှုံ့ဆော်

အဲဒီနောက်ပိုင်း တစ်လျှောက်လုံးမှာလဲ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖြစ်ထွန်းရေးကို လိုလား ပါတယ်ဆိုပြီး အသံကောင်းဟစ်နေကြတဲ့ NLD အပါအဝင် ၎င်းရဲ့ဩဇာခံပါတီများ၊ ဝါရင့်နိုင်ငံရေးသမား ဆိုသူများ၊ မျိုးဆက်သစ်ဆိုသူများဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစီအစဉ်များ ပျက်ပြားအောင် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ခဲ့ပါတယ်။ တောင်းပွဲ၊ တိုက်ပွဲဆိုတဲ့ နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပြုနေကြပါတယ်။ ပြည်သူများအတွင်း ယုန်ထင်ကြောင်ထင်ဖြစ်အောင် သွေးထိုးလှုံ့ဆော် နေကြပါတယ်။ ဆူပူသောင်းကျန်းမှုတွေ ဖြစ်ပေါ်လာအောင် ကြံစည်လုပ်ဆောင်နေကြပါတယ်။

အလားတူပဲ ပြည်ပြေးအဖျက်သမားတွေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကလဲ မြန်မာနိုင်ငံအတွင်းမှ အမှန်မဟုတ်သော သတင်းအချက်အလက်များကို လုပ်ကြံဖန်တီးရယူစုဆောင်းပြီး ပြည်ပဆရာကြီးများနဲ့ လက်ဝေခံအဖွဲ့များထံ ပေးပို့တိုင်တန်းနေကြပါတယ်။ ဒီမိုကရေစီရေးအကြောင်းပြပြီး နိုင်ငံတကာအဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေတွေရယူနေကြပါတယ်။ အဲဒီထောက်ပံ့ငွေတွေကို ကိုယ်ကျိုးအတွက် အများဆုံးသုံးစွဲနေကြပါတယ်။ ပြည်ပထောက်ပံ့ငွေ အချို့အဝက်ကို သုံးစွဲပြီးဖောက်ခွဲရေးသမားများနဲ့ အမာခံ UG များမွေးမြူကာ ပြည်တွင်းမှာ အဖျက်အမှောင့်လုပ်ရပ်တွေကို ပုန်းလျှိုးကွယ်လျှိုး ကျူးလွန်နေကြပါတယ်။

ခုတုံးလုပ်အသုံးချ

ထို့အတူပဲ ပြည်ပဆရာကြီးတွေကလဲ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုအမျိုးမျိုးနဲ့ ဝိုင်းပြီး ဖိအားပေးနေပါတယ်။ ပြည်အားကိုး ပုဆိန်ရိုး ပြည်ပြေးတွေကို လက်သပ်မွေးမြူထောက်ပံ့ပြီး ၎င်းတို့ပေးပို့တဲ့ မဟုတ်မမှန် လုပ်ကြံအစီရင်ခံစာတွေကို ထပ်မံပုံကြီးချဲ့ ဖော်ပြနေပါတယ်။ ၎င်းတို့ရဲ့ ဩဇာခံ ရုပ်သေးအစိုးရအဖြစ် တင်ပေးဖို့ ရည်မှန်းထားတဲ့ ပါတီနိုင်ငံရေးသမားတွေကို ဘွဲ့တံဆိပ်အမျိုးမျိုး၊ ဆုတော်ငွေ အများအပြား ပေးအပ်မြှောက်စားနေကြပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအချို့ကို ခုတုံးလုပ်အသုံးချပြီး မြန်မာနိုင်ငံအစိုးရအပေါ် ဖိအားအမျိုးမျိုးပေးခိုင်းနေပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံအချို့နဲ့ ဒေသတွင်းနိုင်ငံအချို့ကိုလဲ မြန်မာနိုင်ငံအား အထီးကျန် ဝိုင်းပယ်ရေးအတွက် တွန်းတွန်းတိုက်တိုက် လုပ်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့ အရေးကိစ္စဟာ ဒေသတွင်းနိုင်ငံများကို ထိခိုက်နိုင်စေတယ်ဆိုတဲ့အထိ ပုံကြီးချဲ့လုပ်ကြံပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့အထိ လုပ်ဆောင်နေကြပါတယ်။

ဒါတွေအားလုံးဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖြစ်ထွန်းရေးကို လက်ငင်းလက်တွေ့ဖော်ဆောင်ပေးနေတဲ့ တပ်မတော်အစိုးရအား ဖယ်ရှားပြီး ၎င်းတို့ရဲ့ ဩဇာခံရုပ်သေး အစိုးရ အာဏာရရှိဖို့အတွက် ပြည်တွင်းပြည်ပ အဖျက်သမားတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလျက် မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေး တိုက်ကွက်ဆိုတဲ့ သုံးဘက်သုံးတန် ထိုးနှက်တိုက်ခိုက်ရေးအစီအမံကို အရှိန်မြှင့်တင် တိုက်ကွက်ဆင်နေတာ ပဲ ဖြစ်ပါတယ်။

ကိုလိုနီနယ်ချဲ့လက်သစ် ပြည်ပဆရာကြီးများနဲ့ လက်ပါးစေတွေ မြန်မာနိုင်ငံအပေါ် တိုက်ကွက်ဆင်မှုတစ်ခုကတော့ နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကို လျစ်လျူရှုနေတယ်၊ မူးယစ်ဆေးဝါး ကိစ္စတွေမှာ ပါဝင်ပတ်သက်နေတယ်၊ မူးယစ်ဆေးဝါးကရတဲ့ငွေတွေနဲ့ လက်နက်ခဲယမ်းတွေ ဝယ်ယူ နေတယ်လို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေတာပဲ ဖြစ်ပါတယ်။

ဘိန်းစိုက်ပျိုးမှုလေ့လုံးဝမရှိ

အမှန်တကယ်ကတော့ ရှေးယခင်အဆက်ဆက်က မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုဓလေ့ လုံးဝမရှိခဲ့ပါဘူး။ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ဘိန်းအစရှိတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို မျိုးရိုးစဉ်ဆက်တစ်လျှောက်လုံး ရှောင်ကြဉ်ခဲ့ကြပါတယ်။ မိဘဆရာသမားအုပ်ချုပ်သူများကလဲ မကောင်းမှုဒုစရိုက်တစ်ခုအဖြစ် ရှောင်ကြဉ်ကြရန် သွန်သင်ညွှန်ပြ ဆုံးမခဲ့ကြပါတယ်။

SSA-S ရှက်ဆစ်အဖွဲ့၏ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းခံရပြီး လက်နက်ချအလင်းဝင်ရောက်လာသူများ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်းခံရသော ကျေးရွာများမှ ကျေးရွာခေါင်းဆောင်များနှင့် ဒေသခံများအား တွေ့ရစဉ်။
(သတင်းစဉ်)

ဒါပေမယ့် အာရှတိုက်ကို ကိုလိုနီနယ်ချဲ့စနစ်ဆိုး ကျူးကျော်ဝင်ရောက်လာချိန်မှစပြီး နယ်ချဲ့ဝါဒီတွေက ဘိန်းစိုက်ပျိုးမှုဓလေ့၊ ဘိန်းသုံးစွဲမှုစရိုက်ကို သွတ်သွင်းခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ ကိုလိုနီနယ်ချဲ့တွေကလဲ မြန်မာတိုင်းရင်းသားတွေ ကျွန်သက်ရှည်စေရေးအတွက် ဘိန်းစိုက်ပျိုးရောင်းဝယ်သုံးစွဲမှုကို အစီအစဉ်ရှိရှိနဲ့ စတင်ခွင့်ပြုလုပ်ဆောင်စေခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အနောက်အင်အားကြီးနိုင်ငံတစ်နိုင်ငံရဲ့ ကူညီ အားပေးထောက်ခံမှုနဲ့ ၁၉၄၉ခုနှစ်မှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်ကို ကျူးကျော်ဝင်ရောက်လာတဲ့ တရုတ်ဖြူကူမင်တန်တပ်တွေကလဲ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုကို ၎င်းတို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့တဲ့အတွက် ဘိန်းစိုက်ပျိုးသုံးစွဲမှု ကျယ်ပြန့်လာခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ SSA-S အပါအဝင် သောင်းကျန်းသူအဖျက်သမားတွေက မူးယစ်ဆေးဝါးလုပ်ငန်းတွေကို ဆက်ခံလုပ်ဆောင်ခဲ့ကြပါတယ်။

အရင်းစစ်အမြစ်မြေက ဆိုသလို ယနေ့တိုင်ဖြေရှင်းနေရတဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးကိစ္စအဝဝရဲ့ ပင်မတရားခံဟာ ကိုလိုနီနယ်ချဲ့ လက်သစ်လက်ဟောင်း အပေါင်းအပါတွေပဲဆိုတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါးကိစ္စနှင့်ပတ်သက်ပြီး ယနေ့အပြစ်ပုံချလက်ညှိုးထိုး စွပ်စွဲနေကြတဲ့ ပြည်ပဆရာကြီးတွေမှာသာ တာဝန်အရှိဆုံးဖြစ်တယ်လို့ အသိပေးပြောကြားလိုပါတယ်။

ဘိန်းမှောင်ခိုမူးယစ်ရာဇဝ

ယနေ့ထက်တိုင် မြန်မာနိုင်ငံအတွင်းမှာ အမှန်တကယ် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်နေသူ တွေကတော့ SSA-S ရှက်ဆစ်အဖွဲ့နဲ့ ၎င်းတို့နဲ့ ပတ်သက်ဆက်စပ်နေသူတွေ၊ ပြည်တွင်းပြည်ပ အကြမ်းဖက် အဖျက်သမားတွေ၊ ဒုစရိုက်သမား ရာဇဝတ်သားတွေပဲ ဖြစ်ပါတယ်။ ၎င်းတို့ဟာ မူးယစ်ရာဇဝဂိုဏ်းဖွဲ့ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုကို ကျူးလွန်နေကြတာဖြစ်ကြောင်း ယနေ့ကျင်းပတဲ့ သတင်းစာ ရှင်းလင်းပွဲမှတစ်ဆင့် အမြင်အရှင်းရှင်းနဲ့ သိရှိနိုင်ကြပြီ ဖြစ်ပါတယ်။ အဲဒီဘိန်းမှောင်ခိုမူးယစ်ရာဇဝ အကြမ်းဖက်အဖျက်သမားတွေကသာ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ အကြမ်းဖက်မှုတွေ၊ လက်နက်မှောင်ခိုရောင်းဝယ်မှုတွေကို ပြုလုပ်နေတာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့ရှိနေရပြီ ဖြစ်ပါတယ်။

SSA-S ရှက်ဆစ်ဟာ MTA တစ်ဖွဲ့လုံး အကြွင်းမဲ့လက်နက်ချခဲ့စဉ်က ပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ မူးယစ်ဆေးဝါးလုပ်ငန်းကို ဆက်လုပ်နိုင်ဖို့ ပြန်လည်တောခိုသွားသူ ဖြစ်ပါတယ်။ *စာမျက်နှာ ၅ ကော်လံ ၁*

ကန့်လန့်ကာနောက်ကွယ်မှ မူးယစ်ရာဇဝတွေရဲ့ မာဖီးယားဇာတ်လမ်းတွေရှိနေချိန်မှာ မြန်မာ့တပ်မတော်ဟာ ၁၉၆၀ ပြည့်လွန်ကာလမှစပြီး မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးကို စစ်ဆင်ရေးအဆင့်ဆင့်နဲ့ ဆင်နွှဲဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ တင်ထားပြီးဖြစ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ချေမှုန်းရေး စစ်ဆင်ရေးအဆင့်ဆင့်မှာ မြန်မာ့တပ်မတော်သားတွေဟာ လူသားမျိုးနွယ်တစ်ရပ်လုံးအကျိုးအတွက် အသက်ခန္ဓာ ထောင်နှင့်ချီပြီး စွန့်လွှတ်ပေးဆပ်ခဲ့ရ။ ဥပမာတစ်ခုပြရရင် ၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး စစ်ဆင်ရေးတွေမှာ တပ်မတော်သား ၂၅၉ဦး အသက်စွန့်လှူခဲ့ရပြီး ၉၃၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။

28-4 (04).p65 1 1/10/32, 3:51 PM

ဒါ့အပြင် တည်ဆဲအစိုးရကို ဥပဒေအရအုပ်ချုပ်သောကောင်စီ (De Jure) အစိုးရဖြစ်ရေး ဆောင်ရွက်ပေးမယ်လို့ သူတို့ရဲ့ကြေညာချက်ထဲမှာ ဖော်ပြထား။ တကယ်တော့ ဒါဟာဆင်ခြင်နိုင်စွမ်းအားနည်းတဲ့၊ လက်တွေ့နဲ့ ကင်းကွာပြီး စိတ်ကူးယဉ်ထားတဲ့၊ ၎င်းတို့ရဲ့အကျိုးကို ဖော်ဆောင်နိုင်ဖို့ အကွက်ဆင်ထားတဲ့ လူပြိန်းကြိုက် တောင်းဆိုမှုသာ ဖြစ်။ ဘာကြောင့်လဲဆိုရင် လက်ရှိတပ်မတော်အစိုးရဟာ ၁၉၈၈ ခုနှစ်အရေးအခင်းမှာ တိုင်းပြည် ဖရိုဖရဲနဲ့ ပြိုကွဲရတော့မယ့် အခြေအနေကြောင့် နိုင်ငံတော်အာဏာကို ရယူဆောင်ရွက်ခဲ့တဲ့ တရားဝင်အစိုးရဖြစ်လို့ဖြစ်။ ဒါ့အပြင် နိုင်ငံတကာနဲ့ အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားတဲ့ တရားဝင်အစိုးရလဲဖြစ်။ ကုလသမဂ္ဂအစည်းအဝေးတွေ၊ နိုင်ငံတကာအစည်းအဝေးတွေကို ကိုယ်စားလှယ်စေလွှတ်တက်ရောက်နေတဲ့ အစိုးရလဲဖြစ်။ အာဆီယံ ဘင်းမ်စတက်၊ GMS စတဲ့ ဒေသဆိုင်ရာအဖွဲ့တွေမှာလဲ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေတဲ့ အစိုးရဖြစ်။

စာမျက်နှာ ၄ မှ

ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက သက်ဆိုင်ရာ နယ်မြေဒေသအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရနဲ့ လက်တွဲဆောင်ရွက်နေချိန်မှာ SSA-S ရွက်ဆစ်အဖွဲ့နဲ့ ပြည်တွင်းပြည်ပ ဒုစရိုက်သမားတွေဟာ အစွန်အဖျားကျတဲ့ နယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ဂိုဏ်းဖွဲ့ပြီး လုပ်ဆောင်နေကြပါတယ်။

နိုင်ငံတော်အစိုးရအပေါ် လွှဲချ

သတင်းစာ ရှင်းလင်းပွဲ (၂/၂၀၀၅)မှာ ၅–၃–၂၀၀၅ရက်နေ့၌ ထိုင်းနိုင်ငံရဲတပ်ဖွဲ့က SSA-S ရွက်ဆစ်ရဲ့ သက်တော်စောင့်လူယုံဖြစ်တဲ့ စိုင်းထွန်း(ခေါ်) နိုင်ထွန်း ဝိဝပ်ရန်အရန်ကို အလေးချိန် ၈၂ကီလိုဂရမ်ရှိတဲ့ ဘိန်းဖြူထုပ် ၁၇၂ထုပ်နှင့်အတူ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်အနီးမှာ ဖမ်းဆီးရမိခဲ့ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)မှာလည်း SSA-S တပ်မဟာ (၂၄၁)မှ အလင်းဝင်သူတွေ၊ အဖမ်းခံရသူတွေက SSA-S ဌာနချုပ်ဖြစ်တဲ့ လွယ်တိုင်းလျှံအနီးမှာ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေရှိကြောင်း၊ အစွန်အဖျားကျတဲ့ နယ်မြေတချို့မှာ SSA-S ရွက်ဆစ်အဖွဲ့က နယ်မြေခံလူထုကို ဘိန်းစိုက်ပျိုးစေပြီး ဘိန်းခွန်များကောက်ခံနေကြောင်း၊ ထွက်လာတဲ့ ဘိန်းကို SSA-S ကိုသာ ရောင်းရကြောင်း ဖွင့်ဟပြောကြားခဲ့ကြပါတယ်။ အဲဒီလို ဆိတ်ကွယ်ရာအရပ်မှာ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချနေတဲ့ SSA-S ရွက်ဆစ်ဟာ တစ်ဖက်က မီဒီယာတွေရှေ့မှာ ၎င်းတို့အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နေကြောင်း ဟန်ရေးပြကြွေးကြော်ပြီး ပြည်ပထောက်ပံ့ငွေတွေ ရယူနေပါတယ်။ အခြားတစ်ဖက်က ၎င်းတို့လုပ်ခဲ့သမျှ မူးယစ်ဆေးဝါးပြစ်မှုတွေကို နိုင်ငံတော်အစိုးရအပေါ် လွှဲချနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရဲ့ရှင်းလင်းပြောကြားချက်နဲ့ သက်သေခံအထောက်အထားများအရ SSA-S ရွက်ဆစ်နဲ့ MTA တပ်ဖွဲ့ဝင်ဟောင်း နော်ခမ်းတို့ မူလကတည်းက ပူးပေါင်းဂိုဏ်းဖွဲ့ပြီး ပြည်တွင်း ပြည်ပအဖျက်သမားတွေနဲ့ ချိတ်ဆက်ကာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ပမာဏကြီးမားစွာ လုပ်ဆောင်နေကြောင်း၊ မူးယစ်ဆေးဝါးမှရတဲ့ ငွေတွေနဲ့ ပြည်ပမှ လက်နက်ခဲယမ်းတွေကို မှောင်ခိုတင်သွင်းနေကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

SSA-S ရွက်ဆစ်နဲ့အပေါင်းပါ အကြမ်းဖက် အဖျက်သမားတွေဟာ မှောင်ခိုလက်နက်ခဲယမ်းတွေကို အခြားအကြမ်းဖက် သောင်းကျန်းသူတွေဆီ ဖြန့်ဝေနေကြပါတယ်။ အဲဒီလက်နက်ခဲယမ်းတွေနဲ့ ပြည်သူတွေကို အစုလိုက်

ကြိုးဆွဲရာကနေသည့် NLD သာ အာဏာရသွားလျှင် မြန်မာနိုင်ငံသည် နယ်ချဲ့ဩဇာခံနိုင်ငံဘဝ ကျရောက်သွားမည်

အပြုံလိုက် သတ်ဖြတ်နေကြပါတယ်။ လက်နက်ပြခြိမ်းခြောက်ပြီး ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲနေကြပါတယ်။ ရှမ်းပြည်လွတ်မြောက်ရေးအတွက်ဆိုပြီး ဟန်ရေးပြကြွေးကြော်နေတဲ့ SSA-S ရွက်ဆစ်နဲ့အပေါင်းပါတွေဟာ မူးယစ်ဆေးဝါးနဲ့ လက်နက်မှောင်ခိုရောင်းဝယ်မှုကို ဂိုဏ်းဖွဲ့ကျူးလွန်နေကြတဲ့ မူးယစ်ရာဇာ မာဖီးယားရာဇဝတ်သားများ ဖြစ်နေကြောင်းကို ဧကန်မုချ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

အဲဒီလို ကန့်လန့်ကာနောက်ကွယ်မှ မူးယစ်ရာဇာတွေရဲ့ မာဖီးယား **ဇာတ်လမ်းတွေရှိနေချိန်မှာ မြန်မာ့တပ်မတော်ဟာ ၁၉၆၀ ပြည့်လွန် ကာလမှစပြီး မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးကို စစ်ဆင်ရေးအဆင့်ဆင့်နဲ့ ဆင်နွှဲဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတင်ထားပြီး ဖြစ်ပါတယ်။ အဲဒီမူးယစ်ဆေးဝါး တိုက်ဖျက်ချေမှုန်းရေး စစ်ဆင်ရေးအဆင့်ဆင့်မှာ မြန်မာ့တပ်မတော်သားတွေဟာ လူသားမျိုးနွယ်တစ်ရပ်လုံးအကျိုးအတွက် အသက်ခန္ဓာ ထောင်နှင့်ချီပြီး စွန့်လွှတ်ပေးဆပ်ခဲ့ရပါတယ်။ ဥပမာတစ်ခုပြရရင် ၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး စစ်ဆင်ရေးတွေမှာ တပ်မတော်သား၂၅၉ ဦး အသက်စွန့်လှူခဲ့ရပြီး ၉၃၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။**

ချုပ်ငြိမ်းပပျောက်

ဒါ့အပြင် မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ချိန်မှစတင်ပြီး နယ်မြေဒေသတွေ ငြိမ်းချမ်းလာတာနဲ့အမျှ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ထုထည်ပမာဏကြီးမားစွာ ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့တစ်ချိန်က အဲဒီ ဒေသတွေမှာ ပြန့်ပွားခဲ့တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေကို ထိထိရောက်ရောက် ဖိဖိစီးစီး တားဆီးနှိမ်နင်း တိုက်ဖျက်နိုင်ခဲ့ပါတယ်။ မငြိမ်းချမ်းမတည်ငြိမ်ခဲ့တဲ့ အဲဒီဒေသအချို့မှာ ယခင်က လက်နက်မှောင်ခိုရောင်းဝယ်မှုတွေ ပျံ့နှံ့နေခဲ့ပေမယ့် အခုနောက်ပိုင်းမှာ ချုပ်ငြိမ်းပပျောက်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ဒေသခံတိုင်းရင်းသားခေါင်းဆောင်တွေကလဲ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှာပါဝင်တဲ့ ၎င်းတို့နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရရဲ့ အားပေးကူညီမှု၊ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အတူ လက်ငင်းလက်တွေ့ ဖော်ဆောင်မြှင့်တင်ပေးလျက်ရှိနေပါတယ်။ ဟိုးအရင်တုန်းက လုံခြုံမှုကင်းမဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုကင်းဝေးနေတဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ ယခုအခါမှာ အခြေခံလူ့အခွင့်အရေးတွေကို တန်းတူညီမျှ ပြန်လည်ရရှိနေကြပြီဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကိုလဲ လက်ဝယ်ပိုင်ပိုင် ရရှိခံစားနိုင်လျက် ရှိနေကြပါတယ်။ ဒါတွေဟာ တကယ့်အရှိ အမှန်တရားတွေ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးကိစ္စနှင့်ပတ်သက်ပြီး တိုက်ကွက်ဆင်နေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေဟာ တပ်မတော်အစိုးရအပေါ် လူမျိုးတုံးအစုလိုက်အပြုံလိုက် သတ်ဖြတ်နေတယ်၊ တိုင်းရင်းသူတွေကို အဓမ္မပြုကျင့်နေတယ်လို့လဲ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခဲ့ကြပြန်ပါတယ်။

တကယ်တော့ နယ်စပ်ဒေသမှာ ခြံစည်းရိုးနှစ်ဖက်ခွထိုင်ပြီး အကြမ်းဖက်လုပ်ရပ်တွေကို အလစ်အငိုက်ဝင်ရောက်လုပ်ဆောင်နေတဲ့ SSA-S ရွက်ဆစ်အဖွဲ့နဲ့အပေါင်းပါ အကြမ်းဖက်အဖျက်သမားတွေကသာ ကျေးရွာတွေကို ရွာလုံးကျွတ်မီးတင်ရှို့နေကြတာ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေကို လူမျိုးတုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်နေကြတာဖြစ်ပါတယ်။ တိုင်းရင်းသူတွေကို မတော်မတရားစော်ကားပြီး အဓမ္မပြုကျင့်နေကြပါတယ်။ လူစည်ကားရာနေရာတွေမှာ ဗုံးထောင်ဖောက်ခွဲပြီး ပြည်သူတွေရဲ့ အသက်ခန္ဓာတွေ ပျက်စီးဆုံးရှုံးအောင် လုပ်ဆောင်နေကြပါတယ်။ အဲ့ဒီလုပ်ရပ်တွေကို သတင်းစာဆရာကြီးများ အားလုံးအသိဆုံးဖြစ်ပါတယ်။ အဖျက်သမားတွေ ကျူးလွန်နေတဲ့ အဲ့ဒီအကြမ်းဖက်ရာဇဝတ်မှု အများအပြားထဲက သိသာထင်ရှားတဲ့ဖြစ်ရပ်တွေကို ထပ်မံဖော်ပြရရင်–

- ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့နံနက်မှာ ရွက်ဆစ်ရဲ့ ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ၃၀၀ခန့်ဟာ ပန်တဝိရှိတပ်မတော်စခန်းကို ချဉ်းကပ်တိုက်ခိုက်ရာမှာ မအောင်မြင်လို့အနီးရှိ ပအိုဝ်းတိုင်းရင်းသားတွေနေတဲ့ ပန်တဝိရွာကို မီးတင်ရှို့ခဲ့ပါတယ်။ အဲဒီရွာအတွင်းမှာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြစ်ခဲ့လို့ ရွာသား၆၀သေဆုံးပြီး ၃၀ဒဏ်ရာ ရရှိခဲ့ပါတယ်။ အိမ်ခြေ၁၅၀ခန့် မီးလောင်ဆုံးရှုံးခဲ့လို့ ရွာသူရွာသားတွေ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။
- ၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့ညမှာ ရွက်ဆစ်အဖွဲ့က နမ့်စန်မြို့နယ် မီးသွေးကုန်းရွာ (ဗမာရွာ)မှ နေအိမ် ငါးလုံးကို မီးတင်ရှို့ပြီး ပစ်ခတ်သတ်ဖြတ်ခဲ့လို့ ကလေးလူကြီး ၁၃ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။ ဒါ့အပြင် ကျေးရွာသူ အမျိုးသမီးတွေကိုလည်း အဓမ္မပြုကျင့်ပြီး စော်ကားသွားခဲ့ကြပါတယ်။
- ၁၉၉၇ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှာ ရွက်ဆစ်အဖွဲ့က နမ့်စန်မြို့ ရပ်ကွက်(၆)မှ မီးသွေးလာဖုတ်တဲ့ အရပ်သား၂၁ဦးကို တောထဲမှာ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။
- ၁၉၉၇ခုနှစ် ဇွန်လ ၁၃ရက်နေ့မှာတော့ ရွက်ဆစ်ရဲ့ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူ အင်အား၄၀ခန့်က ကွန်ဟိန်း–ကျိုင်းတုံကားလမ်းမှာ ခရီးသွားမော်တော်ယာဉ် အစီး၃၀ကိုတားဆီးပြီး ဆက်ကြေးကောက်ခဲ့ပါတယ်။ ခရီးသည်အမျိုးသမီးတွေကို တောထဲသို့ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားပြီး မတော်မတရားပြုခဲ့ပါတယ်။ ဒါတင်မကဘဲ ခရီးသည်တွေထဲက ဗမာလူမျိုးတွေကို သီးခြားခွဲထုတ်ပြီး အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့လို့ ၂၅ဦး သေဆုံးပြီး ငါးဦးဒဏ်ရာ ရရှိခဲ့ပါတယ်။
- ၁၉၉၈ ခုနှစ် မေလ ၂၁ရက်နေ့မှာ ရွက်ဆစ်အဖွဲ့က စေလွှတ်လိုက်တဲ့ အကြမ်းဖက် အဖျက်သမားတွေရဲ့လက်ချက်ကြောင့် မန္တလေးမြို့မ ရပ်ရှင်ရုံအတွင်း ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲပြီး ရုပ်ရှင်ကြည့်ပရိသတ်တစ်ဦးသေဆုံးကာ ၁၁ဦး ဒဏ်ရာရရှိခဲ့ပါတယ်။
- ၁၉၉၈ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့မှာ ရွက်ဆစ်ရဲ့ အကြမ်းဖက်သောင်းကျန်းသူတွေက ပင်လုံ–လဲချားကားလမ်းနံဘေး ကျောက်တောင်ရွာအနီးမှာ ကျောက်ခွဲနေကြတဲ့ အလုပ်သမားခြောက်ဦးကို ရိုက်နှက်သတ်ဖြတ်သွားခဲ့ပါတယ်။
- ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ၃ရက်နေ့ညက မိုင်းရှူးရတနာမြေ လုပ်ကွက်နှစ်ခုမှာ SSA-S ရွက်ဆစ်အဖွဲ့ရဲ့ လက်ချက်ကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး အလုပ်သမား ၁၂၀ ကျော် သေဆုံးခဲ့ပါတယ်။ အလုပ်သမား၅၀ကျော် ဒဏ်ရာရရှိပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ်သိန်းပေါင်း၂၅၀၀ကျော် ရှိခဲ့ပါတယ်။ ၂၀၀၂ခုနှစ်မှာ အလင်းဝင်ရောက်လာတဲ့ SSA-S ရွက်ဆစ်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ အိုက်မောင်းရဲ့ ထွက်ဆိုချက်အရ အဆိုပါမိုင်းရှူးရတနာမြေ ပေါက်ကွဲမီးလောင်မှုဟာ SSA-S ရွက်ဆစ်ရဲ့ ရက်စက်ယုတ်မာသော အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း ဖော်ထုတ်သိရှိခဲ့ရပါတယ်။
- ၂၀၀၁ခုနှစ် မေလ၄ရက်နေ့မှာ မန္တလေးဈေးချို အနောက်ဘက်(G) ရုံအနီးမှာ ရွက်ဆစ်ရဲ့ အကြမ်းဖက်အဖျက်သမားတွေ ထောင်ထားတဲ့ ချိန်ကိုက်မိုင်းကိုရှင်းလင်းဖို့ စီစဉ်ဆောင်ရွက်နေစဉ် ပေါက်ကွဲခဲ့ပြီး လူ၃၄ဦး ဒဏ်ရာရရှိခဲ့ပါတယ်။
- ၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့မှာ တပ်မတော်စစ်ကြောင်းနဲ့ ရွက်ဆစ်ရဲ့ အကြမ်းဖက် သောင်းကျန်းသူ ၆၀ခန့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ ရွက်ဆစ်အဖွဲ့ဟာ ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ပအိုဝ်းတိုင်းရင်းသားတွေ အများဆုံးနေထိုင်တဲ့ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးသွားခဲ့ပါတယ်။ ထီးတစ်ခုရွာမှာ အိမ်၃၂လုံးနဲ့ မူလတန်းကျောင်း မီးလောင်ဆုံးရှုံးသွားပြီး ကျေးရွာပြည်သူ၂၄၉ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါတယ်။ နောင်တေးရွာမှာ အိမ်ခြေ၃၈လုံး မီးလောင်ပျက်စီးပြီး ကျေးရွာပြည်သူ၁၁၆ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါတယ်။ မုန်းလွတ်ရွာမှာ အိမ်ခြေ၁၄လုံး မီးလောင်ပျက်စီးသွားပြီး ကျေးရွာပြည်သူ ၂၇ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါတယ်။ ပါမိုင်းရွာမှာ အိမ်ခြေ၁၄လုံး မီးလောင်ပျက်စီးသွားပြီး ကျေးရွာပြည်သူ၈၉ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။

သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၆)မှာ SSA-S တပ်မဟာ(၂၄၁)မှ အလင်းဝင် တပ်ကြပ်ကြီးစိုင်းထွန်းကျော်က ရွက်ဆစ်မှာ တရားဝင်မိန်းမနှစ်ယောက်ရှိပြီး တရားမဝင်ယူထားတဲ့ မိန်းမအများအပြားလဲ ရှိသေးကြောင်း၊ ရွက်ဆစ်ကိုယ်တိုင်က မိန်းမလိုက်စားသူဖြစ်ပြီး မိန်းမပျိုတွေကို ငွေနဲ့ပေါက်ကာဖျက်ဆီးနေကြောင်း၊ လွယ်တိုင်းလျှံမှာ ဈေးလာရောင်းတဲ့ အသက်(၁၄)နှစ်သာ ရှိသေးတဲ့ နန်းမူကျောက်ကို ငွေနဲ့ပေါက်ပြီး မတရားပြုကျင့်ခဲ့ကြောင်း၊ SSA-S (၇၅၈) တပ်မဟာမှူး မိန်းဆင်က မိန်းမအယောက်၄၀၊ (၇၅၆)တပ်မဟာမှူး ခေးလောင်က မိန်းမအယောက်၂၀အထိ ယူထားကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့ပါတယ်။

အဲဒီလို SSA-S ရွက်ဆစ်အဖွဲ့က အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို အစီအစဉ်ရှိရှိနဲ့ လက်ရဲဇက်ရဲ ကျူးလွန်နေသလို NCGUB, FTUB, ABSDF, NLD(LA),NDD ပြည်ပြေး အကြမ်းဖက်အဖျက်သမားတွေကလဲ ပြည်သူတွေသေကျေပျက်စီးပြီး အထိတ်တလန့်ဖြစ်အောင် မိုင်းထောင်ဗုံးခွဲနေကြပါတယ်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲအောင် လုပ်ကြံဝါဒဖြန့်နေကြပါတယ်။ အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်းမရှိဘဲ လုပ်ကြံဖန်တီးထားတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ နိုင်ငံတော်ရဲ့ပုံရိပ် သေးသိမ်ပျက်စီးအောင် လုပ်ဆောင်နေကြပါတယ်။ ဒါတွေအားလုံးကို ပြည်ပြေးတိုက်ကွက်နဲ့ မြေအောက်တိုက်ကွက်အဖြစ် လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

ပြည်ပြေးတွေ၊ အကြမ်းဖက်အဖျက်သမားတွေရဲ့ ရက်စက်ယုတ်မာတဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ် အမြောက်အမြားထဲက ထင်ရှားတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို ထပ်မံဖော်ပြရရင်–

- ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၂ခုနှစ်အတွင်းက ABSDF (မြောက်ပိုင်း) အဖွဲ့ဟာ ကချင်ပြည်နယ်မှာ လူ၁၀၀ခန့်ကို ဖမ်းဆီးချုပ်နှောင် ညှဉ်းပန်းနှိပ်စက်ပြီး လူ၄၀ကျော်ကို ရက်စက်ယုတ်မာစွာ ရိုက်နှက်ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ အဲ့ဒီအကြမ်းဖက်အဖွဲ့ကို ဦးဆောင်ခဲ့တဲ့ သံချောင်း(ခေါ်) စဝ်ခွန်ကျော်နဲ့အဖွဲ့ဟာ ၁၉၉၇ ခုနှစ်မှာ SSA-S ရှက်ဆစ်အဖွဲ့ထဲကို ကူးပြောင်းဝင်ရောက်သွားခဲ့ပြီး ဆက်ကြေးကောက်၊ ဓားပြတိုက်၊ လူသစ်အဓမ္မစုဆောင်းမှု တွေပြုခဲ့ပါတယ်။ SSA-S တပ်မဟာ (၂၄၁) နမ့်ခမ်းဒေသကို ၂၀၀၆ခုနှစ် ဇန်နဝါရီလက ဝင်ရောက်လာစဉ်မှာ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းစစ်ဆင်မှုဖြင့် တပ်ဖွဲ့ဝင်၃၉ဦးကို လက်ရဖမ်းဆီးရမိခဲ့ပြီး SSA-S တပ်ဖွဲ့ဝင်၁၁ဦး အလင်းဝင်ရောက်ပါတယ်။
- ၁၉၉၆ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့မှာ နှစ်နိုင်ငံချစ်ကြည်ရေးအရ တရုတ်ပြည်မှ ဒေသစာရီကြွချီလာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ရန်ကုန်မြို့ ကမ္ဘာအေးမဟာပါသဏ လိုဏ်ဂူတော်မှာ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ပူဇော်ခဲ့ကြပါတယ်။ အဲဒီလို ဘာသာရေးအခမ်းအနားကိုပင် အလွတ်မပေးဘဲ ABSDF နဲ့ အပေါင်းပါ အကြမ်းဖက်သမားတွေက ဗုံးထောင်ဖောက်ခွဲခဲ့လို့ ပြည်သူငါးဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ပါတယ်။
- ၂၀၀၅ခုနှစ် မေလ ၇ရက်နေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့ရှိ ကုန်သွယ်မှုဗဟိုဌာန ထိုင်းကုန်စည်ပြပွဲ ကျင်းပရာနေရာ၊ Junction-8 Shopping Center နဲ့ ဒဂုံစင်တာတို့မှာ NDD မှ အောင်မင်း၊ ABSDF မှ ဇော်ဝင်းလွင်၊ နဲပလဲဒိုနဲ့ ကိုပေါက်တို့ပါဝင်တဲ့ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့က ချိန်ကိုက် ဗုံးထောင်ဖောက်ခွဲခဲ့လို့ ပြည်သူ၂၃ဦးသေဆုံးပြီး ၁၅၀ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီဗုံးထောင်ဖောက်ခွဲမှု တွေကို ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUB ၊ ပြည်သစ်ညွှန့်ဝေဦးစီးတဲ့ FTUB တို့ရဲ့ ငွေကြေးထောက်ပံ့ပြီး ကြိုးကိုင်စေခိုင်းမှုအရ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေ ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။
- ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်း တမူးမြို့နယ် နန့်ဖာလုံဈေးအတွင်းရှိ ဆိုင်နှစ်ဆိုင်မှာ ABSDF (အနောက်ပိုင်း)အဖွဲ့က ချိန်ကိုက်ဗုံးဖောက်ခွဲခဲ့လို့ ပြည်သူနှစ်ဦး သေဆုံးခဲ့ရပြန်ပါတယ်။

အဲဒီလို အကြမ်းဖက်ဗုံးထောင်ဖောက်ခွဲ ဖျက်ဆီးမှုတွေမလုပ်နိုင်အောင် ပြည်သူ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖော်ထုတ်နိုင်ခဲ့လို့ အစုလိုက်အပြုံလိုက် ထိခိုက်သေကျေ ပျက်စီးမယ့် ဘေးအန္တရာယ်မှ ပြည်သူလူထုကို ကာကွယ်ပေးနိုင်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေလဲ အများအပြားရှိခဲ့ပါတယ်။ သာဓကအချို့ကို ဖော်ပြရရင်–

- ၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၁ရက်နေ့မှာ ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီး အများပြည်သူများ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပနေစဉ် ဖောက်ခွဲ ဖျက်ဆီးရန် စီမံတပ်ဆင်ထားတဲ့ ချိန်ကိုက်ဗုံးတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။ အဲဒီချိန်ကိုက်ဗုံးထောင်ခဲ့တဲ့ PP 21 အဖွဲ့ဝင် စိုးသီဟ(ခေါ်)သူရကျော်ဇင်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းရဲ့ထွက်ဆိုချက် အရ PP 21 အဖွဲ့ဝင် ရဲကျော်စွာ၊ နိုင်နိုင်၊ မင်းမင်းတို့နဲ့အတူ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။
- ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့ ညနေပိုင်းမှာ တနင်္သာရီ တံတားကို ဖောက်ခွဲဖျက်ဆီးဖို့ ဝင်ရောက်လာတဲ့ ABSDF အဖွဲ့ဝင် ဝင်းအောင်ကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေနဲ့အတူ တနင်္သာရီမြို့နယ် ချောင်းကြီးရပ်ကွက်မှာ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။
- **၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၇ရက်နေ့မှာ NLD(LA) မှ အကြမ်းဖက်ဖောက်ခွဲရေး သမားစံကြီးနှင့်အဖွဲ့က ရန်ကုန်–မန္တလေးရထားလမ်း ကွင်းချောင်းတံတား သံလမ်းပေါ်မှာ ထောင်ထားတဲ့ ပေါက်ကွဲအားပြင်းမိုင်းနှစ်လုံးနဲ့ ၎င်းအနီး သစ်ပင်ခြေရင်းမှာ အသင့်ချိန်ရွယ်တပ်ဆင်ထားတဲ့ ၃ဒသမ၅ ရော့ကက်လောင်ချာ ဗုံးသီးတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီဖော်ထုတ်ဖယ်ရှားနိုင်ခဲ့ပါတယ်။ အဲဒီမိုင်းနှစ်လုံးမှာ TNT ယမ်း၁၀ပေါင်ခန့် ပါဝင်ပါတယ်။ မိမိလုံခြုံရေးတပ်ဖွဲ့ဝင်တွေကသာ အချိန်မီမရှင်းမလင်း မဖယ်ရှားနိုင်လို့ အဖျက်သမားတွေရဲ့ မူလအစီအစဉ်အတိုင်း ဖောက်ခွဲနိုင်ခဲ့ရင်အရှိန်နဲ့ ခုတ်မောင်းနေတဲ့ ရထားတွဲတွေ လမ်းချော်တိမ်းမှောက်ပြီး ခရီးသွားပြည်သူအများအပြား ထိခိုက်သေဆုံးကြရမှာ ဖြစ်ပါတယ်။**
- **၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းကလဲ တောင်ငူမြို့နယ်အတွင်း ရန်ကုန်–မန္တလေးရထားလမ်း မိုင်တိုင်အမှတ်(၁၇၆/၂၁)သံလမ်းအောက်မှာ NLD(LA) မှ စံကြီးနဲ့အဖွဲ့ထောင်ထားတဲ့ TNT ယမ်းခုနစ်ပေါင်၊ ယမ်းပျော့မှုန့် တစ်ပေါင်ပါဝင်သော ပေါက်ကွဲအားပြင်း မိုင်းတစ်လုံးကို တာဝန်သိပြည်သူတွေရဲ့ ရှာဖွေတွေ့ရှိ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီဖယ်ရှားရှင်းလင်းပြီး ခရီးသွားပြည်သူတွေ အန္တရာယ် ကင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိ

အခုရှင်းပြခဲ့တဲ့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေနဲ့ တစ်ပြိုင်တည်းမှာပဲ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ မဟုတ်မမှန်သတင်းတွေကို လုပ်ကြံပေးပို့နိုင်ဖို့အတွက် NCGUB,FTUB,NLD(LA), ABSDF, NDD အကြမ်းဖက်အဖွဲ့တွေပူးပေါင်းပြီး ပြည်တွင်းအမာခံ UG အချို့ကို ငွေကြေးထောက်ပံ့ မွေးမြူခဲ့ကြပါတယ်။ တရားမဝင် ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးပြီး လုပ်ကြံသတင်းတွေကို ဆက်သွယ်ပေးပို့စေခဲ့ပါတယ်။ တည်ငြိမ် အေးချမ်းမှု ပျက်ပြားစေအောင် ဆူပူလှုံ့ဆော်စာများ ပေးပို့ဖြန့်ဝေခဲ့ကြပါတယ်။ အဲ့ဒီလို အဖျက်အမှောင့်လုပ်ရပ်တွေ တစ်ပြိုင်တည်းလုပ်ဆောင်နေတာကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိလျက် ရှိနေပါတယ်။

ကျွန်တော်အခုရှင်းပြခဲ့တဲ့ သာဓကအချို့ကိုကြည့်ရင် အကြမ်းဖက်အဖျက်သမား ပြည်ပြေးအုပ်စုတွေနဲ့ သောင်းကျန်းသူအဖွဲ့တွေဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို အကြမ်းဖက်ဖျက်ဆီး နေကြတယ်။ ၎င်းတို့ မလိုလားတဲ့ တိုင်းရင်းသားလူမျိုးစုတွေကို လူမျိုးတုံးအောင် အစုလိုက်အပြုံလိုက် သတ်ဖြတ်နေကြတယ်။ အပြစ်မဲ့ပြည်သူတွေကိုလဲ ရက်ရက်စက်စက် သတ်ဖြတ်နေကြတယ်။ တိုင်းရင်းသူ မိန်းမပျိုတွေကိုလဲ အဓမ္မပြုကျင့် စော်ကားနေကြတယ်ဆိုတာတွေကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီဖြစ်ရပ်တွေကို ရင်နဲ့အမျှခံစားခဲ့ကြရတဲ့ ပြည်သူတွေကိုယ်တိုင်က ကမ္ဘာတစ်ဝန်းလုံးမှ ကြားသိရအောင် ရင်ဖွင့်ပြဖို့ အဆင်သင့် ရှိနေကြပါကြောင်း အသိပေးပြောကြားလိုပါတယ်။

ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိ

မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံမှုတစ်ခုကတော့ ကလေးစစ်သားတွေ အသုံးပြုနေတယ် ဆိုတဲ့ စွပ်စွဲချက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အချို့နိုင်ငံတွေမှာလို စစ်မှုမထမ်းမနေရ ဥပဒေသတ်မှတ်ထားခြင်း မရှိပါဘူး။ ဒါကြောင့်မို့ နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်၁၈နှစ်မှ ၂၅နှစ်အတွင်း ရှိသူများကိုသာ ၎င်းတို့ရဲ့ဆန္ဒအရ စစ်မှုထမ်းချင်တယ်ဆိုရင် စိစစ်ပြီးမှ လက်ခံပါတယ်။ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သားအဖြစ် လက်ခံအသုံးပြုမှု မရှိစေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံးက အမိန့်နဲ့ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အမှန်တကယ် အရွယ်မရောက်သေးတဲ့ တိုင်းရင်းသား ကလေးသူငယ်တွေကို အတင်းအဓမ္မ လူသစ်စုဆောင်းပြီး အကြပ်ကိုင်အသုံးချနေသူကတော့ SSA-S ရှက်ဆစ်အဖွဲ့အပါအဝင် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များသာ ဖြစ်ကြောင်း ယခင်သတင်းစာရှင်းလင်းပွဲ အဆက်ဆက်မှာ ရှင်းလင်း ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အကြောင်းတိုက်ဆိုင်လို့ အနီးစပ်ဆုံး ၎င်းတို့ရဲ့ အဓမ္မလုပ်ရပ်တွေကို ထပ်မံဖော်ပြရရင်–

- ၂၀၀၄ခုနှစ် ဇူလိုင်လ ၂ရက်နေ့မှာ SSA-S ရှက်ဆစ်အဖွဲ့ဟာ ဟွေခန်ရွာ၊ နားလောရွာနဲ့ နိမ့်တိန်းရွာတွေမှ တိုင်းရင်းသား ငါးယောက်စီကို လူသစ်အဖြစ် အဓမ္မစုဆောင်းခဲ့ပါတယ်။
- ၂၀၀၅ခုနှစ် မေလမှ စက်တင်ဘာလအတွင်း SSA-S ရှက်ဆစ်က ကွန်ဟိန်းမြို့နယ် ဝမ်လော့ရွာမှ ရွာသားရှစ်ယောက်၊ ဆိုက်ခေါင်ရွာမှ ရွာသား၁၀ယောက်၊ ကျိုင်းတောင်းမြို့နယ်မှ ရွာသားခြောက်ယောက်၊ မောက်မယ်မြို့နယ်မှ ရွာသား၅၅ယောက်၊ လင်းခေးမြို့နယ်မှ ရွာသား ၂၅ယောက်ကို အတင်းအဓမ္မ ဝင်ရောက်ဖမ်းဆီးပြီး လူသစ်စုဆောင်းခဲ့ပါတယ်။
- **၂၀၀၅ခုနှစ် အောက်တိုဘာလမှာ SSA-S ရှက်ဆစ်အဖွဲ့က ကွန်ဟိန်းမြို့နယ် ဝမ်လော့ ကျေးရွာမှ အိုက်ပီး(၁၆နှစ်)၊ အိုက်လူ(၁၀နှစ်)၊ အိုက်စိုင်း(၁၃နှစ်)နဲ့ ခမ်းအွန်(၁၃နှစ်)တို့ကို လူသစ်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။**
- **၂၀၀၆ခုနှစ် ဇန်နဝါရီလအတွင်းက နမ်းခမ်းဒေသကိုဝင်ရောက်လာတဲ့ SSA-S တပ်မဟာ (၂၄၁)ဟာ လမ်းခရီးတစ်လျှောက်မှာ လူသစ် ၁၅ယောက်ကို အဓမ္မစုဆောင်းခဲ့ပါတယ်။ အဲဒီအထဲမှာ အသက်(၁၃) နှစ်ရှိတဲ့ မောင်စိုးနိုင်ဆိုတဲ့ ကလေးငယ်လေးကိုပါ SSA-S ရှက်ဆစ်အဖွဲ့က အဓမ္မလူသစ်စုဆောင်းခဲ့တာကို သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ကြပြီး ဖြစ်ပါတယ်။**

အလင်းဝင်ရောက်လာသူတွေကိုယ်တိုင်က ဖွင့်ဟပြောကြား

SSA-S ရှက်ဆစ်အဖွဲ့ဟာ ကျေးရွာတွေကို ခွဲတမ်းချပြီး အဓမ္မလူသစ်စုဆောင်းနေတာ ဖြစ်ပါတယ်။ လူသစ်တစ်ဦးမပေးနိုင်ရင် ငွေကျပ်ငါးသိန်းကောက်ခံနေပါတယ်။ ရှက်ဆစ်အဖွဲ့ရဲ့ အဓမ္မလူသစ်စုဆောင်းမှုကြောင့် ကျေးရွာများမှ မိဘပြည်သူတွေဟာ ၎င်းတို့ရဲ့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို လက်လှမ်းမီရာမြို့တွေကို စေလွှတ်ပြီး ရှင်သာမဏေဝတ်ခိုင်းနေရပါတယ်။ အတင်းအဓမ္မ လူသစ်စုဆောင်းခံရတဲ့ ကလေးတွေဟာ ပြန်လည်ထွက်ပြေးတာတွေရှိပါတယ်။ ဒီအခါမှာ ရှက်ဆစ်အဖွဲ့ဟာ ထွက်မပြေးရဲအောင် အများရှေ့မှာ သတ်ဖြတ်မှုတွေလုပ်ပြီး ခြိမ်းခြောက်အကြပ်ကိုင်ပါတယ်။ ဒါ့အပြင် ၎င်းတို့အဓမ္မစုဆောင်းထားသူတွေနဲ့ မိဘဆွေမျိုးတွေ အဆက်ပြတ်အောင် မိဘတစ်ချို့ကို သွားရောက် သတ်ဖြတ်တာတွေလဲ လုပ်နေပါတယ်။ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ အဲဒီအကြမ်းဖက် အဖျက်လုပ်ရပ် တွေကို ရှက်ဆစ်အဖွဲ့မှ ထွက်ပြေးလွတ်မြောက်လာသူတွေ၊ အလင်းဝင်ရောက်လာသူတွေ ကိုယ်တိုင်က ဖွင့်ဟပြောကြားခဲ့ကြလို့ ကျွန်တော်တို့သိရတာ ဖြစ်ပါတယ်။

အထက်ပါသက်သေသာဓကတွေအရ မြန်မာနိုင်ငံမှာ အမှန်တကယ် မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချနေသူတွေဟာ ဘယ်သူတွေလဲ...၊ လူမျိုးတုံး အစုလိုက် အပြုံလိုက် သတ်ဖြတ်နေသူတွေဟာ ဘယ်သူတွေလဲ၊ တိုင်းရင်းသူ မိန်းမပျိုတွေကို မတော်မတရား အဓမ္မပြုကျင့် စော်ကားနေသူတွေဟာ ဘယ်သူ တွေလဲ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်နေသူတွေဟာ ဘယ်သူတွေလဲ၊ ကလေးသူငယ်တွေကို တပ်သားသစ်တွေအဖြစ် အဓမ္မစုဆောင်းနေသူတွေဟာ ဘယ်သူတွေလဲလို့ စစ်တမ်းထုတ်ကြည့်စေ လိုပါတယ်။ အဲ့ဒီစစ်တမ်းအရ SSA-S ရှက်ဆစ်အဖွဲ့နဲ့ NCGUB,FTUB,ABSDF အပါအဝင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ ပူးပေါင်းကျူးလွန်နေကြတယ်ဆိုတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်က အထက်ပါအဖွဲ့(၄)ဖွဲ့ကို မတရား အသင်းများအဖြစ် ကြေညာထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် NCGUB, FTUB,ABSDF,NLD(LA) အဖွဲ့တွေနဲ့ ယင်းအဖွဲ့ဝင် အားလုံးကိုလဲ အကြမ်းဖက်သမား (Terrorist) များဖြစ်ကြောင်း တရားဝင် ကြေညာထားပြီး ဖြစ်ပါတယ်။

တစ်ပြိုင်တည်းလုပ်ဆောင်

အဲဒီလို ခိုင်လုံတဲ့အထောက်အထားနဲ့ သက်သေသက္ခာယတွေ အမြောက်အမြားရှိနေပေမယ့် ပြည်ပဆရာကြီးတွေကတော့ နိုင်ငံတော်အစိုးရအပေါ်မှာသာ အပြစ်အားလုံးပုံချပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေပါတယ်။ ဒါ့အပြင် ၎င်းတို့ရဲ့ မူလရည်ရွယ်ချက်အတိုင်း ပြည်တွင်းနဲ့ပြည်ပ အတိုင်အဖောက် အချိတ်အဆက်လုပ်ပြီး မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်နဲ့ ပြည်ပြေးတိုက်ကွက်တွေကို တစ်ပြိုင်တည်းလုပ်ဆောင်နေကြတာ တွေ့ရှိနိုင်ပါတယ်။

ပြည်တွင်းမှ မြေပေါ်တိုက်ကွက်တစ်ခုကို ကြည့်မယ်ဆိုရင် NLD က ၁၂–၂–၂၀၀၆ ရက်နေ့မှာ အထူးကြေညာချက်ထုတ်ပြန်ပြီး တိုက်ကွက်ဆင်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲ့ဒီကြေညာချက်မှာ ဧပြီလ ၁၇ ရက်နေ့နောက်ဆုံးထားပြီး လွှတ်တော်ခေါ်ယူပေးရန်၊ တားဆီးထားသော ၎င်းတို့ရဲ့ခေါင်းဆောင်များကို ပြန်လွှတ်ပေးရန်နှင့် NLD နဲ့ တွေ့ဆုံဆွေးနွေးရန်ဆိုတာတွေ ပါဝင်ပါတယ်။

ဒါ့အပြင် တည်ဆဲအစိုးရကို ဥပဒေအရအုပ်ချုပ်သောကောင်စီ (De Jure)အစိုးရဖြစ်ရေး ဆောင်ရွက်ပေးမယ်လို့ သူတို့ရဲ့ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ တကယ်တော့ ဒါဟာဆင်ခြင် နိုင်စွမ်းအားနည်းတဲ့၊ လက်တွေ့နဲ့ ကင်းကွာပြီး စိတ်ကူးယဉ်ထားတဲ့၊ ၎င်းတို့ရဲ့အကျိုးကို ဖော်ဆောင်နိုင်ဖို့ အကွက်ဆင်ထားတဲ့ လူပြိန်းကြိုက်တောင်းဆိုမှုသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် လက်ရှိတပ်မတော် အစိုးရဟာ *စာမျက်နှာ ၇ ကော်လံ ၁*

တစ်မျိုးသားလုံးအရေးကိစ္စ NLD က ကျောခိုင်းပစ်ပယ်ခဲ့

NLD ဟာ တွေ့ဆုံဆွေးနွေးရေးဆိုတာကို တောင်းဆိုနေပြန်ပါတယ်။ တစ်နိုင်ငံလုံးမှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၀၀၀ကျော် တက်ရောက်ဆွေးနွေးနေတဲ့ အမျိုးသားညီလာခံဟာ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာထက် ပိုမို ကျယ်ပြန့်မြင့်မားတဲ့ အမျိုးသားရေးတွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်။ အမျိုးသားညီလာခံကို ၁၉၉၅ ခုနှစ်မှာ NLD ကပဲ ဆန့်ကျင်ကျောခိုင်းသွား။ ၂၀၀၄ခုနှစ်မှာလဲ တက်ရောက်ဖို့ ပျက်ကွက်ခဲ့။

တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့အရေးကိစ္စတွေကို NLD က ကျောခိုင်းပစ်ပယ်ခဲ့ပေါင်း များနေပြီဖြစ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိတော့တဲ့ ပြည်သူလူထုကို ကိုယ်စားမပြုတော့တဲ့ NLD နဲ့ တွေ့ဆုံဆွေးနွေးဖို့အကြောင်း မရှိတော့တာပဲဖြစ်။

28-4 (06).p65 1 1/10/32, 3:51 PM

စာမျက်နှာ ၆ မှ

၁၉၈၈ခုနှစ် အရေးအခင်းမှာ တိုင်းပြည် ဖရိုဖရဲနဲ့ ပြိုကွဲရတော့မယ့်အခြေအနေကြောင့် နိုင်ငံတော်အာဏာကို ရယူဆောင်ရွက်ခဲ့တဲ့ တရားဝင်အစိုးရဖြစ်လို့ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာနဲ့ အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားတဲ့ တရားဝင်အစိုးရလဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂ အစည်းအဝေးတွေ၊ နိုင်ငံတကာအစည်းအဝေးတွေကို ကိုယ်စားလှယ်စေလွှတ်တက်ရောက်နေတဲ့ အစိုးရလည်းဖြစ်ပါတယ်။ အာဆီယံ ဘင်းမ်စတက်၊ GMS စတဲ့ ဒေသဆိုင်ရာအဖွဲ့တွေမှာလဲ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေတဲ့အစိုးရဖြစ်ပါတယ်။

NLD က လွှတ်တော်ခေါ်ယူပေးဖို့ကိုလဲ တောင်းဆိုထားပါတယ်။ NLD အနေနဲ့ အဲဒီလိုတောင်းဆိုနိုင်ခွင့်ရှိမရှိ ဆန်းစစ်ကြည့်စေလိုပါတယ်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်မြေ ၄၈၅နေရာမှာ NLD က ၃၉၂နေရာ အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ယနေ့အထိ တည်ဆဲဥပဒေများကို ဖောက်ဖျက်လို့ ပြစ်ဒဏ်ကျခံရပြီး ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခံရသူ ၁၀၅ဦးရှိပါတယ်။ ဆန္ဒအလျောက်နုတ်ထွက်သူ ၇၉ဦးရှိပြီး ကွယ်လွန်သူ ၇၃ဦး ဖြစ်ပါတယ်။ အဲဒီလိုအကြောင်းအမျိုးမျိုးကြောင့် ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်သွားသူ ၃၀၅ဦးရှိလို့ NLD ကိုယ်စားလှယ်၈၇ဦးသာ ကျန်ပါတော့တယ်။ အဲ့ဒီ ၈၇ဦးအပါအဝင် လက်ကျန်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဟာ ၁၃၁ဦး ဖြစ်ပါတယ်။

နိုင်ငံတကာစံများနဲ့ကိုက်ညီမှုမရှိ

နိုင်ငံအသီးသီးရဲ့ အခြေခံဥပဒေတွေကို လေ့လာကြည့်ရင် လွှတ်တော်ခေါ်ယူဖို့အတွက် ကိုယ်စားလှယ် အနည်းဆုံးသုံးပုံတစ်ပုံက တောင်းဆိုရန်လိုအပ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ၁၉၇၄ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလဲ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၃၄ရာခိုင်နှုန်းက တောင်းဆိုရင် နိုင်ငံတော်ကောင်စီက လွှတ်တော်ကို အမြန်ဆုံးခေါ်ယူပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် NLD မှ ကိုယ်စားလှယ်၈၇ဦးရဲ့ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုမှုဟာ နိုင်ငံတကာစံများနဲ့ ကိုက်ညီမှုမရှိပါဘူး။ အကယ်၍ နိုင်ငံတော်အစိုးရက ခေါ်ယူပေးသည့်တိုင် အဲဒီလွှတ်တော်အစည်းအဝေးဟာ အထမမြောက်နိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူတွေကလဲ NLD ကို အယုံအကြည်မရှိတော့ပါဘူး။ ပြည်သူတွေအကျပ်အတည်းတွေ့အောင် ပြည်ပဆရာကြီးတွေနဲ့ ပေါင်းပြီး အမျိုးမျိုးလုပ်ကြံနေတဲ့ NLD ကို ဖျက်သိမ်းပေးစေလိုကြောင်း၊ ပြည်ပစွက်ဖက်မှုဖြင့် တိုင်းပြည်ကိုအန္တရာယ်ပြုနေသော NLD ကို ပြည်သူ့သဘောထား နဲ့အညီ ဖယ်ရှားရှင်းလင်းပေးစေလိုကြောင်း၊ တရားမဝင်ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)ကိုလဲ ဥပဒေနဲ့အညီ အရေးယူပေးစေလိုကြောင်း ၁၉၉၈ခုနှစ်ကတည်းက ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့ကြီးများမှာ လူထုအစည်းအဝေးကြီးတွေကျင်းပပြီး ပြည်သူ့ဆန္ဒကို ထုတ်ဖော်ပြသခဲ့ကြပါတယ်။

ဒါ့အပြင် **အမျိုးသားရေးကိုသစ္စာဖောက်တဲ့ NLD ရဲ့လုပ်ရပ်ကို မယုံကြည်တော့တဲ့အတွက် ၁၉၉၉ ခုနှစ်အတွင်းမှာ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့သူတွေ အများအပြားရှိခဲ့ပါတယ်။ မြို့နယ် NLD တော်တော်များများကို အလုပ်အမှုဆောင်အဖွဲ့တွေရဲ့ဆန္ဒအရ ဖျက်သိမ်းခဲ့ကြပါတယ်။ မဲဆန္ဒနယ်မြေအများအပြားမှ ပြည်သူတွေကလဲ ၎င်းတို့မဲပေးမှားခဲ့မိတဲ့ NLD ကိုယ်စားလှယ်တွေကို လုံးဝမထောက်ခံ တော့ပါဘူး။ မူလမဲပေးစဉ် အရေအတွက်ထက် သာလွန်များပြားသော အင်အားများဖြင့် ဆန္ဒပြုလက်မှတ် ရေးထိုးပြီး ပြန်လည်ဖြုတ်ချခဲ့ကြပါတယ်။ ဒါတွေကိုကြည့်ရင် ပြည်သူလူထုက NLD ကို လုံးဝမထောက်ခံတော့ဘူးဆိုတာကို တွေ့ရှိနိုင်ပါတယ်။**

NLD ဟာ တွေ့ဆုံဆွေးနွေးရေးဆိုတာကို တောင်းဆိုနေပြန်ပါတယ်။ တစ်နိုင်ငံလုံးမှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၀၀၀ကျော် တက်ရောက်ဆွေးနွေးနေတဲ့ အမျိုးသားညီလာခံဟာ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာထက် ပိုမိုကျယ်ပြန့်မြင့်မားတဲ့ အမျိုးသားရေးတွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်ပါတယ်။ အမျိုးသားညီလာခံကို ၁၉၉၅ ခုနှစ်မှာ NLD ကပဲ ဆန့်ကျင်ကျောခိုင်းသွားပါတယ်။ ၂၀၀၄ခုနှစ်မှာလည်း တက်ရောက်ဖို့ ပျက်ကွက်ခဲ့ပါတယ်။

တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့အရေးကိစ္စတွေကို NLD က ကျောခိုင်းပစ်ပယ်ခဲ့ပေါင်း များနေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိတော့တဲ့၊ ပြည်သူလူထုကို ကိုယ်စား မပြုတော့တဲ့ NLD နဲ့ တွေ့ဆုံဆွေးနွေးဖို့အကြောင်း မရှိတော့တာဘဲဖြစ်ပါတယ်။

စွပ်စွဲချက်တွေနဲ့ ထပ်တူထပ်မျှ

NLD ဟာ ၂၁-၄-၂၀၀၆ ရက်နေ့မှာ အထူးကြေညာချက် ထပ်မံထုတ်ပြန်ပြီး နိုင်ငံတော်ရဲ့ ပကတိအခြေအနေမှန်များနဲ့ ကင်းကွာနေတဲ့ စွပ်စွဲချက်တွေကို ဖော်ပြလာပြန်ပါတယ်။ အဲဒီစွပ်စွဲချက်တွေဟာ ပြည်ပဆရာကြီးတွေရဲ့ စွပ်စွဲချက်တွေနဲ့ ထပ်တူထပ်မျှ ဖြစ်နေပါတယ်။

စွပ်စွဲချက်အမျိုးမျိုးနဲ့ တိုက်ကွက်ဆင်နိုင်အောင်လဲ ပြည်ပဆရာကြီးတွေက NLD ကို အခါပေးညွှန်ကြားနေပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ NLD ဌာနချုပ်ကို ပြည်ပဆရာကြီးတွေရဲ့ သံရုံးတွေမှ ဥဒဟိုသွားလာ ဝင်ထွက်ဆက်ဆံပြီး နည်းပေးလမ်းပြလုပ်နေကြပါတယ်။ သာဓကပြရရင် ပြီးခဲ့တဲ့မတ်လတစ်လထဲမှာပဲ အဲ့ဒီသံရုံးများမှ သံတမန်ဆိုသူတွေဟာ NLD ဌာနချုပ်ကို (၅၁)ကြိမ်တိုင်တိုင် ဝင်ထွက်သွားလာခဲ့ပါတယ်။ စာရွက်စာတမ်းတွေ အပြန်အလှန် ဖလှယ်နေကြပါတယ်။ NLD မှ CEC အဖွဲ့တွေနဲ့ ဆွေးနွေးတိုင်ပင်နေကြပါတယ်။ ပြည်ပဆရာကြီးတွေရဲ့ အခါပေးညွှန်ကြားချက်အတိုင်း ကြိုးဆွဲရာကနေတဲ့ NLD သာ အာဏာရသွားရင် မြန်မာနိုင်ငံဟာ နယ်ချဲ့သြဇာခံနိုင်ငံ၊ အခြွေအရံနိုင်ငံဘဝသို့ ကျရောက် သွားမှာပဲဖြစ်ပါတယ်။

NLD ရဲ့ ကြေညာချက်ထဲမှာ တိုင်းပြည်ရဲ့စီးပွားရေး ယိုယွင်းကျဆင်းနေတယ်၊ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်နိုင်မှုမရှိဘူး၊ လူကုန်ကူးမှုကိုလဲ မတားဆီးမပိတ်ပင်နိုင်ဘူး၊ ကူးစက်ရောဂါတွေကို ကာကွယ်တားဆီးရာမှာ အခက်အခဲတွေနဲ့ ကြုံနေတယ်လို့ အခြေအမြစ်ကင်းမဲ့စွာ စွပ်စွဲထားပါတယ်။ ပြီးတော့မှ အဲ့ဒီကိစ္စတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပြည်ပကူညီထောက်ပံ့မှုကိုရရှိဖို့လိုအပ်ကြောင်း၊ လက်ရှိအစိုးရ(De Jure)ဖြစ်မှသာ ပြည်ပမှကူညီထောက်ပံ့မည်ဖြစ်၍ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရန်ဖြစ်ကြောင်း တောင်းဆိုထားပါတယ်။

တကယ်လို့သာ NLD အနေနဲ့ မြန်မာနိုင်ငံကို လက်ရှိအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ဆန္ဒအမှန်ရှိရင် ပြည်ပဆရာကြီးတွေကိုသာ တောင်းဆိုဖို့သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ NLD နဲ့ ပြည်ပြေးတွေရဲ့ဘက်မှ လိုက်ပြီး ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံအပေါ် ဟန့်တားပိတ်ဆို့ ထားလို့ပဲဖြစ်ပါတယ်။ NLD ရဲ့စနက်ကြောင့် ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံအပေါ် စီးပွားရေး ဟန့်တားပိတ်ဆို့ထားပါတယ်။ ကုန်သွယ်ရေးဟန့်တားပိတ်ဆို့ထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုမပြုဖို့ ဟန့်တား ပိတ်ဆို့ထားပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ မလာရောက်ဖို့ ဟန့်တားပိတ်ဆို့ထားပါတယ်။ အဲဒီလို ဟန့်တားပိတ်ဆို့ထားမှုတွေသာမရှိရင် တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စိတ်သွားတိုင်းကိုယ်ပါ ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်နေမှာ သေချာပါတယ်။

ဒါကြောင့်မို့ **NLD အနေနဲ့ ပြည်တွင်းမှာတွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုနေမယ့်အစား ပြည်ပမှ ပိတ်ဆို့ဟန့်တားမှုတွေ ရုပ်သိမ်းပေးဖို့ကိုသာ အလေးပေးပြီး တောင်းဆိုသင့်ပါတယ်။ ပြည်ပဆရာကြီး တွေအနေနဲ့လဲ စွပ်စွဲချက်အမျိုးမျိုးနဲ့ ဖိအားပေးနေမယ့်အစား မြန်မာနိုင်ငံမှာ ယနေ့ဖော်ဆောင်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပိုမိုထိရောက်လျင်မြန်အောင် အားပေးကူညီသင့်ပါတယ်။**

မဆုတ်မနစ်မဖြစ်မနေထူထောင်ပေးနေ

အခုလို တစ်ဖက်စောင်းနင်း နိုင့်ထက်စီးနင်း လုပ်ကြံစွပ်စွဲမှုတွေဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီး မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် မဆုတ်မနစ်မဖြစ်မနေ ထူထောင်ပေးနေချိန်ကျမှ ပေါ်ပေါက်လာတာဟာ သဘာဝမကျပါဘူး။ အမှန်တရားနဲ့ ကင်းကွာနေပါတယ်။ တရားမျှတမှု လုံးဝမရှိပါဘူး။ ယဉ်ကျေးတဲ့ လူ့သမိုင်းဖြစ်ပေါ်တိုးတက်မှု အစီအစဉ်တွေနဲ့လဲ ဆန့်ကျင်ခြားနားနေကြောင်း အံ့အားသင့်စဖွယ် တွေ့ရှိနိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ၁၉၈၈ ခုနှစ်မတိုင်မီကာလက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေထက် ၁၉၈၈ ခုနှစ်နောက်ပိုင်း (၁၇)နှစ်ကျော် ကာလအတွင်း မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွေက အဆပေါင်းများစွာ သာလွန်တိုးတက် အောင်မြင်လျက်ရှိကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြလို့ပဲ ဖြစ်ပါတယ်။

၁၉၈၈ မတိုင်မီကာလတုန်းက မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသများ အပါအဝင် နယ်မြေအကျယ်အဝန်း တော်တော်များများမှာ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုတွေ ထူပြောနေခဲ့ပါတယ်။ အဲဒီနယ်မြေ ဒေသတွေမှာ နေထိုင်ကြသော တိုင်းရင်းသားပြည်သူတွေဟာ ဖွံ့ဖြိုးတိုးတက်မှု လုံးဝမရှိဘဲ ကျိုးလန့်စားစားဘဝနဲ့ လူ့အခွင့်အရေးဟူသမျှ လက်လွတ်ဆုံးရှုံးနေခဲ့ရပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေမှာ မလွဲသာမရှောင်သာ ပါဝင်ပတ်သက်ခဲ့ကြရပါတယ်။ လက်နက်မှောင်ခို ရောင်းဝယ်မှုတွေ ပြန့်ပွားနေလို့ သောင်းကျန်းသူအချို့ရဲ့ လက်နက်အားကိုး အနိုင်ကျင့်ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကို ခံခဲ့ကြရပါတယ်။ အဲ့ဒီတုန်းက အဆုံးမသတ်နိုင်ခဲ့တဲ့ ရင်ဆိုင်တိုက်ပွဲကြီးတွေကြားမှာ ဒေသခံပြည်သူတွေဟာ မြေဇာပင်ပမာ ဖြစ်ခဲ့ရပါတယ်။

မျက်နှာလွှဲခဲပစ်လုပ်ခဲ့

အဲဒီလိုအခြေအနေ၊ အဲဒီလို အချိန်ကာလတုန်းက ပြည်ပဆရာကြီးတွေဟာ မြန်မာနိုင်ငံရဲ့ အရေးကိစ္စဟာ ဒေသတွင်းနိုင်ငံတွေရဲ့ လုံခြုံရေးကို ထိခိုက်ပျက်ပြားစေနိုင်တယ်လို့ တစ်လုံးတစ်ပါဒမျှ လေသံမဟခဲ့ပါဘူး။ ဒါတင်မကဘဲ မျက်နှာလွှဲခဲပစ်လုပ်ခဲ့ကြကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံရဲ့ မျက်မှောက်ခေတ်ဟာ လူ့အခွင့်အရေးတိုးမြှင့်ဖော်ပေးနေတဲ့ ခေတ်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်အောင် ဖြန့်ကျက်ဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ တည်ငြိမ်မှု၊ အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝနီးပါး ရရှိနေချိန်ဖြစ်ပါတယ်။ ပြည်သူတွေအတွက် ဖော်ဆောင်ပေးနေတဲ့ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဘယ်ခေတ်ဘယ်ကာလနဲ့မှမတူဘဲ အောင်မြင်ဖြစ်ထွန်းနေချိန်လည်း ဖြစ်ပါတယ်။ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးလည်မသုန်ဖော်ဆောင်နေမှုတွေ တစ်နေ့တခြား ပေါ်လွင်ထင်ရှားစွာ အောင်မြင်ဖြစ်ထွန်းရရှိနေချိန်လည်း ဖြစ်ပါတယ်၊

အခုလို အချိန်ကာလမျိုးမှာ မြန်မာပြည်သူတွေ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနဲ့ ဈေးကွက်စီးပွားရေးကျင့်သုံးမှုကို လက်တွေ့ဖော်ဆောင်ပေးနေသော တပ်မတော်အစိုးရကို မဟုတ်မမှန်စွပ်စွဲချက်တွေနဲ့ ဟန့်တားနေမယ့်အစား အပြုသဘောနဲ့ ဖေးမကူညီကြဖို့သာ ရှိပါတယ်။

အပြုသဘောမဆောင်ဘဲ မြန်မာနိုင်ငံရဲ့ အရေးကိစ္စဟာ ဒေသတွင်းလုံခြုံမှုကို ထိခိုက်ပျက်ပြား စေတယ်လို့ တစ်ဖက်စောင်းနင်း လက်ညှိုးထိုးစွပ်စွဲနေခြင်းဟာ ဖုံးကွယ်လှည့်စားထားတဲ့ နိုင်ငံရေးရည်ရွယ်ချက် ပယောဂသက်သက်ကြောင့်သာဖြစ်ကြောင်း ဓမ္မဒိဋ္ဌာန်ကျကျ ရှုမြင်တွေ့ရှိနိုင်ပါတယ်။ ၎င်းတို့ရဲ့ ရည်ရွယ်ချက်ဟာ ပြည်သူတွေရဲ့ လိုလားချက်ကို မလွဲမသွေဖော်ဆောင်ပေးနေတဲ့ တပ်မတော်အစိုးရကို ဖယ်ရှားပြီး ၎င်းတို့ရဲ့သြဇာကိုနာခံမယ့် ရုပ်သေးအစိုးရ ဖြတ်လမ်းမှအာဏာရရှိရေးပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီ ဆိုတာကို ဟန်ရေးပြပြီး ဒီမိုကရေစီဖြစ်ထွန်းမှုကို ဟန့်တားပိတ်ဆို့နေတာပဲ ဖြစ်ပါတယ်။

နည်းမှန်လမ်းမှန်ဖြစ်အောင်ညွှန်ပြ

အမှန်တကယ်ဖြစ်သင့်ဖြစ်ထိုက်တာက ဒီမိုကရေစီဖြစ်ထွန်းရေးကို လိုလားသူတိုင်းဟာ ဒီမိုကရေစီဖြစ်ထွန်းအောင် မူဝါဒချမှတ်ကြေညာ လုပ်ဆောင်နေသူတွေကို အားပေးကူညီရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေသူတွေကို ဆန့်ကျင်ရှုတ်ချသွားရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နေသူတွေကို နည်းမှန် လမ်းမှန်ဖြစ်အောင် ညွှန်ပြသင့်ကြပါတယ်။

ဒီမိုကရေစီအမှန်တကယ်ဖော်ဆောင်ပေးနေသူတွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းသာ ဆက်လုပ် နေမယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တွေ ဟစ်ကြွေးနေတဲ့၊ အဲဒီအဖွဲ့အစည်းတွေ ကြွေးကြော်နေတဲ့ ဒီမိုကရေစီဆိုတာဟာ နိုင်ငံရေး မီးရှူးမီးပန်းတွေ လွှတ်တင်ပြနေတာပဲ ဖြစ်ပါလိမ့်မယ်။

အခုလို ရှင်းလင်းပြောကြားရတာဟာ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ် တွေကို နှိုင်းယှဉ်တွက်ဆ ရှုမြင်ဆင်ခြင်နိုင်ကြဖို့ ဖြစ်ပါတယ်။ အဖျက်သဘောမှ အပြုသဘောသို့ ပြုပြင် ပြောင်းလဲနိုင်ကြဖို့ ဖြစ်ပါတယ်။

လက်ရှိလမ်းမှန်အတိုင်း လျှောက်လှမ်း

မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကတော့ ခနိုးခနဲ့၊ ဆိုက်ခဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်း ကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ်၊ ရှေးရှုနှင်ကြမှာပဲ ဖြစ်ပါတယ်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်း ရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ပန်းတိုင်အရောက် လက်ရှိလမ်းမှန်အတိုင်း လျှောက်လှမ်းသွားကြမှာပဲ ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ အများပြည်သူတွေ လိုလားတောင့်တနေကြတဲ့ စစ်မှန်သောစည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်ကူးပြောင်းဖို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အခိုင်အမာချမှတ်ပြီး ဖြစ်ပါတယ်။ ကမ္ဘာသိကြေညာပြီး လက်တွေ့ဒိဋ္ဌလည်း ဖော်ဆောင်ပေးနေပါပြီ။

ဒါကြောင့်မို့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေဟာ ယနေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုယ့်အားကိုယ်ကိုးပြီး ကျော်လွှားနိုင်အောင် ပူးပေါင်းကြိုးပမ်းသွားမှာဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံဟာ ခေတ်သစ်ဆီသို့ ကူးပြောင်းရန် တာစူနေပြီဖြစ်လို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ နားလည်စာနာမှုနဲ့ ထောက်ခံအားပေးမှုတွေကို ကြိုဆိုနေပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ပြည်ပဆရာကြီးတွေက NLD ကို အခါပေးညွှန်ကြားနေ

စွပ်စွဲချက်အမျိုးမျိုးနဲ့ တိုက်ကွက်ဆင်နိုင်အောင်လဲ ပြည်ပဆရာကြီးတွေက NLD ကို အခါပေးညွှန်ကြားနေ။ ရန်ကုန်မြို့မှာရှိတဲ့ NLD ဌာနချုပ်ကို ပြည်ပဆရာကြီးတွေရဲ့ သံရုံးတွေမှ ဥဒဟိုသွားလာ ဝင်ထွက်ဆက်ဆံပြီး နည်းပေးလမ်းပြလုပ်နေကြ။ သာဓကပြရရင် ပြီးခဲ့တဲ့ မတ်လတစ်လထဲမှာပဲ သံရုံးများမှ သံတမန်ဆိုသူတွေဟာ NLD ဌာနချုပ်ကို (၅၁)ကြိမ်တိုင်တိုင် ဝင်ထွက်သွားလာခဲ့။ စာရွက်စာတမ်းတွေ အပြန်အလှန်ဖလှယ်နေကြ။ NLD မှ NLD အဖွဲ့တွေနဲ့ ဆွေးနွေးတိုင်ပင်နေကြ။ ပြည်ပဆရာကြီးတွေရဲ့ အခါပေးညွှန်ကြားချက်အတိုင်း ကြိုးဆွဲရာကနေတဲ့ NLD သာ အာဏာရသွားရင် မြန်မာနိုင်ငံဟာ နယ်ချဲ့သြဇာခံနိုင်ငံ၊ အခြွေအရံနိုင်ငံဘဝသို့ ကျရောက်သွားမှာပဲဖြစ်။

တိုင်းရင်းသားအဖွဲ့အစည်းများက ဘိန်းစိုက်ပျိုးမှုပပျောက်ရေး နိုင်ငံတော်အစိုးရနဲ့ တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်

■ *ကျော်ဖုံးမှ*

ယနေ့ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံကို တရားမဝင် ဘိန်းထုတ်လုပ်မှုများကြောင့် နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ရွှေတြိဂံနယ်မြေရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်စပ်သိရှိနေကြပါတယ်။ တကယ်တော့ ရွှေတြိဂံရဲ့ ပကတိနောက်ခံသမိုင်းဖြစ်ရပ်မှန်နဲ့ မျက်မှောက်ကာလ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်နေမှုများကိုတော့ သိရှိသူ အလွန်နည်းပါးလှ ပါတယ်။

ခါးစည်းခံခဲ့ကြရ

ဒါကြောင့် ယနေ့ သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ် အဖြစ် အားသွန်ခွန်စိုက် တစိုက်မတ်မတ်ဆောင်ရွက်နေတာတွေကို ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေကို အသေးစိတ် မတင်ပြမီမှာ မြန်မာနိုင်ငံကို မူးယစ် ဆေးဝါးရဲ့ အစဖြစ်တဲ့ ဘိန်းဘယ်ပုံဘယ်နည်း စတင်ရောက်ရှိလာတယ်ဆိုတဲ့ သမိုင်းကြောင်းကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ တကယ်တော့ မူးယစ်ဆေးဝါး ဘိန်းဟာ မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာတဲ့ နယ်ချဲ့ စနစ်ဆိုးနဲ့အတူ တစ်ပါတည်းပါလာခဲ့ပြီး အဲဒီဆိုးမွေရဲ့ဒဏ်ကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား တွေ ခါးစည်းခံခဲ့ကြရတာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးပျံ့နှံ့ ရောက်ရှိလာခဲ့တဲ့ သမိုင်းကြောင်းဟာ ကမ္ဘာမှာ နယ်ချဲ့စနစ် ထွန်းကားလာမှု သမိုင်းကြောင်းနဲ့ ဆက်စပ်ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။

သမိုင်းအထောက်အထားများအရ ပြန်ပြောင်းတင်ပြရရင် ၁၅ ရာစုနှစ်မှာ ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ် စတဲ့ ကိုလိုနီချဲ့တွေဟာ အရှေ့တောင် အာရှ အင်ဒိုချိုင်းနားဒေသကို ကျူးကျော်ရောက်ရှိလာခဲ့ကြပြီး အိန္ဒိယအပါ အဝင် အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံးကို စစ်အင်အားအသုံးပြုပြီး ကိုလိုနီ ကျွန်အဖြစ် သွတ်သွင်းခဲ့ကြပါတယ်။ ဗြိတိသျှနယ်ချဲ့တွေဟာ ၁၈၅၂ ခုနှစ်မှာ အိန္ဒိယနိုင်ငံ၊ ၁၈၈၅ ခုနှစ်မှာ မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လူဦးရေများပြားတဲ့ တရုတ်နိုင်ငံကြီးကိုလဲ ကျွန်သက် ရှည်စွာ အုပ်ချုပ်နိုင်ရေးမျှော်ကိုးပြီး တရုတ်လူမျိုးများအတွင်းမှာ ဘိန်းသုံးစွဲ သူတွေ များပြားလာအောင် ဘိန်းများကို တင်သွင်း သုံးစွဲစေခဲ့ပါတယ်။ ဒါ့ကြောင့် လူသားမျိုးနွယ်တစ်စုလုံးကို လူညွှန့်တုံး ပျက်စီးစေနိုင်တဲ့ ဘိန်း တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ဖြန့်ဝေပေးပြီး ကျွန်ပြုခဲ့သူတွေကို ပြန်လည် တွန်းလှန်တိုက်ခိုက်တဲ့ ဘိန်းစစ်ပွဲတွေ တရုတ်ပြည်မှာ ပေါ်ပေါက်ခဲ့ပါတယ်။ ဘိန်းစစ်ပွဲ သုံးကြိမ်အပြီးမှာတော့ နယ်ချဲ့တွေဟာ တရုတ်နိုင်ငံ ယူနန်ပြည် နယ်မှာ ဘိန်းများကို တရားဝင်စိုက်ပျိုးစေခဲ့ပါတယ်။ ယူနန်ပြည်နယ်ဟာ မြန်မာနိုင်ငံနဲ့ဆက်စပ်နေတဲ့အတွက် နယ်မြေချင်းထိစပ်နေတဲ့ မြန်မာနိုင်ငံ အတွင်းက ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာလဲ ဒီဘိန်းစိုက်တဲ့ဓလေ့ဟာ ကူးစက်ပျံ့နှံ့လာခဲ့ရပါတယ်။

သမိုင်းမှာအထင်အရှားတွေ့နိုင်

ဒီအချိန်မှာ ကမ္ဘာ့ဖြစ်စဉ်တွေနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအပေါ် ၁၈၈၅ ခုနှစ်ကစပြီး ကျွန်ပြုအုပ်ချုပ်ခဲ့တဲ့ ဗြိတိသျှနယ်ချဲ့ တွေဟာ မြန်မာနိုင်ငံအတွင်းမှာ ဘိန်းရောင်းချခြင်း၊ ဘိန်းသုံးစွဲခြင်းများကို တရားဝင်ခွင့်ပြုခဲ့ပါတယ်။ ရှမ်းပြည်နယ်နဲ့ ကချင်တောင်တန်းတွေမှာ တရားဝင် ဘိန်းစိုက်ပျိုးခွင့်ပြုခြင်း၊ ဘိန်းစခန်းဖွင့်၊ ဘိန်းရှုခြင်းကို မှတ်ပုံတင်ဖြင့် ခွင့်ပြုခဲ့ပါတယ်။ သံလွင်မြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာ ဘိန်းကို တရားဝင် စိုက်ပျိုးခွင့်ပြုခြင်းများ ပြုလုပ်ခဲ့တဲ့အပြင် ထိုစဉ်က ဗြိတိသျှအစိုးရကိုယ်တိုင်က ဘိန်းသယ်ယူခြင်း၊ ရောင်းဝယ်ခြင်း၊ ဘိန်းခွန်ကောက်ခြင်းတို့ကို ပြုလုပ်ခဲ့ ကြောင်း သမိုင်းမှာ အထင်အရှားတွေ့ရှိနိုင်ပါတယ်။

အဲဒီအချိန်မှာ အိမ်နီးချင်း တရုတ်နိုင်ငံမှာလဲ မော်စီတုံးရဲ့ ကွန်မြူနစ် ပါတီအစိုးရ အာဏာရပြီး ချန်ကေရှိတ်တရုတ်ဖြူတွေဟာ အမေရိကန် စီအိုင်အေရဲ့ ပံ့ပိုးမှုနဲ့ မြန်မာနိုင်ငံ ကျိုင်းတုံဒေသကို ၁၉၄၉ ခုနှစ်နောက်ပိုင်းမှာ ကျူးကျော်ဝင်ရောက်လာခဲ့ပါတယ်။ တရုတ်ဖြူတွေဟာ လက်နက်ခဲယမ်းတွေ ဝယ်ယူဖို့နဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းများအဖြစ် အခြေပြုရာ နယ်မြေတွေမှာ ဘိန်းတွေစိုက်ပျိုးခဲ့တာကြောင့် ဘိန်းစိုက်ပျိုးတဲ့ ဓလေ့ဆိုးဟာ ရှမ်းပြည်နယ်မှာ ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်လာခဲ့ပါတယ်။ မြန်မာ့တပ်မတော်ဟာ တရုတ်ဖြူ ကူမင်တန်တပ်တွေကို နဂါးနိုင်စစ်ဆင်ရေးနဲ့ တွန်းလှန်ခဲ့ပါတယ်။ တရုတ်ဖြူတပ်တွေ ထိုင်ဝမ်ကို ဆုတ်ခွာရုပ်သိမ်းသွားကြရပေမယ့် ဘိန်းစိုက် ပျိုးခြင်းဓလေ့ဆိုးကတော့ ယခုသတင်းစာရှင်းလင်းပွဲပြုလုပ်နေတဲ့ ကျိုင်းတုံ ဒေသမှသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသနဲ့ ကချင်ပြည်နယ် တောင်ပေါ်ဒေသတွေအထိပါ ဆက်လက်ပျံ့နှံ့ ကျန်ရစ်ခဲ့ပါတယ်။ ဒီလိုနဲ့ သွားလာမှုခက်ခဲတဲ့ နယ်စပ်ဒေသတစ်လျှောက် တောင်တန်းဒေသတွေမှာ ဘိန်းကို အကြီးအကျယ်စိုက်ပျိုးခဲ့ကြပြီးတော့ မြန်မာ၊ လာအို၊ ထိုင်းနိုင်ငံတို့ နယ်စပ်သုံးခုဆုံရာ ရွှေတြိဂံနယ်မြေမှာ ရောင်းဝယ်ဖောက်ကားခဲ့ကြပါတယ်။ ဒါကြောင့်လဲ ရွှေတြိဂံနယ်မြေဟာ အမည်ဆိုးနဲ့ ကျော်ကြားခဲ့ရခြင်းဖြစ်ပါ တယ်။ ဒါကြောင့် ဘိန်းစတဲ့ မူးယစ်ဆေးဝါး စတင်ရောက်ရှိလာခဲ့ပုံ၊ အမြစ်

ခဲယမ်း မီးကျောက်

တာချီလိတ်ဒေသ မူးယစ်ဆေးဝါးအမှုများတွင် သိမ်းဆည်းရမိသော လက်နက်ငယ် မျိုးစုံ ၁၉၆ လက် နှင့် ခဲယမ်းမီးကျောက်များကို တွေ့ရစဉ်။

(သတင်းစဉ်)

တွယ် အသုံးပြုခဲ့ပုံတွေကို ပြန်ပြောင်းလေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံကို ကျွန်ပြုလိုတဲ့စိတ်၊ ကျွန်သက်ရှည်လိုတဲ့စိတ်နဲ့ တမင်အကွက်ရှာ ဖန်တီးခဲ့တဲ့ နယ်ချဲ့စနစ်နဲ့ ဒီစနစ်ကိုအကောင်အထည်ဖော်ခဲ့တဲ့ ထိုစဉ်က အနောက်နိုင်ငံတွေရဲ့ ပယောဂဆိုတာဟာ သိသာထင်ရှားနေပါကြောင်း တင်ပြ လိုပါတယ်။

ယခု ဆက်လက်ပြီး ခေတ်အဆက်ဆက် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို တင်ပြလိုပါတယ်။ အားလုံး သိတဲ့အတိုင်း မြန်မာနိုင်ငံဟာ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားတဲ့နိုင်ငံဖြစ် တာနဲ့အညီ ယစ်မျိုးငါးပါးကိုရှောင်ကြဉ်ရန် ရှေးမြန်မာမင်းများလက်ထက် ကပင် ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံများအရ ပိတ်ပင်တားမြစ် ခဲ့ပါတယ်။ ဗဒုံမင်း(ခ)ဘိုးတော်ဘုရားလက်ထက် ၁၇၈၂ မှ ၁၈၂၉ ခုနှစ်အတွင်း ဘိန်း၊ ဘင်း၊ ကဇော်၊ လှော်စာ၊ အရက် ဟူ၍ ယစ်မျိုးငါးပါးကို တားမြစ်ခဲ့ သလို သီပေါမင်းလက်ထက်မှာလဲ ယစ်မျိုးငါးပါးသောက်စားမှုကို တားမြစ်တဲ့ ဥပဒေပြဋ္ဌာန်းပြီး မြို့ရွာအုပ်ချုပ်သူများကို စီရင်ခွင့်အာဏာ အပ်နှင်းခဲ့ကြောင်း သမိုင်းအထောက်အထားများနှင့်တကွ တွေ့ရှိရပါတယ်။

အက်ဥပဒေပြဋ္ဌာန်းခဲ့

လွတ်လပ်ရေးရပြီး ဖဆပလအစိုးရလက်ထက် ၁၉၅၁ ခုနှစ်မှာ နိုင်ငံတော် အစိုးရဟာ ဘိန်းစုံစမ်းရေးကော်မတီဖွဲ့စည်းခဲ့ပြီး ဘိန်းစားသုံးမှုတိုက်ဖျက်ရေး၊ ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေး၊ ရှမ်းပြည်နယ်မှာ မြန်မာနိုင်ငံ ဘိန်းဥပဒေအကျိုးသက်ရောက်မှုရှိရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်မှာ ဘိန်းစားသုံးသူများ မှတ်ပုံမတင်မနေရ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

တပ်မတော်အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်မှာတော့ သံလွင်မြစ် အရှေ့ခြမ်းဒေသရှိ ဒေသခံပြည်သူများကို ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး အတွက် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခဲ့ပါတယ်။

ဒါ့အပြင် ၁၉၆၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ကုလသမဂ္ဂရဲ့ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသောစာချုပ်ကို ပါဝင် လက်မှတ်ရေးထိုး ခဲ့ပါတယ်။ အဲဒီစာချုပ်ဟာ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့မှာ အတည်ဖြစ်ခဲ့ပြီး စာချုပ်မှပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ခဲ့ပါတယ်။

၁၉၇၄ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေမှာ မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ လက်ဝယ် ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းတို့ကို တားမြစ်ထားပြီး ဥပဒေချိုးဖောက်သူများကို ထိရောက်စွာ အပြစ်ပေးနိုင်တဲ့ ပြစ်ဒဏ်များကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်း အဝေးမှာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အမျိုးသားရေး

စုစုပေါင်းမီးရှို့ဖျက်ဆီးပြီးတဲ့ မူးယစ်ဆေးဝါး ပမာဏဟာ ဘိန်း ၂၉၆၈၀ ဒသမ ၆၃ ကီလို၊ ဘိန်းဖြူ ၅၆၄၃ ဒသမ ၈၃ ကီလို၊ ဘိန်းညို ၄၈၀ ဒသမ ၇၃ ကီလို၊ ဘိန်းဆီ ၂၂၅ ဒသမ ၄၈ ကီလို၊ ဘိန်းရည် ၅၄၉ ဒသမ ၅၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၃၃၈ ဒသမ ၃၁ ကီလို၊ ဆေးခြောက် ၆၃၆၉ ဒသမ ၆၃ ကီလို၊ ဖင်ဆီဒိုင်း ၃၁၀၈၅ ဒသမ ၉၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၄၈၃၉၆၃ ပြား၊ အက်ဖီဒရင်း ၁၆၀၆၆ ဒသမ ၁၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၇၈ ဒသမ ၀၄ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၁၈၂၁ လစ်တာ၊ ဘိန်းစာမှုန့် ၂၀၄ ဒသမ ၆၆ ကီလို၊ ဒိုင်ယာဇီဗင်ဆေးပြား ၆၅၈၁၂၁ ပြား၊ ဒိုင်ယာဇီဗင်ထိုးဆေး ၁၃၅ ပုလင်း၊ ဗျူပရီနော်ဖင်းထိုးဆေး ၄၇၄ ပုလင်း၊ မော်ဖင်းထိုးဆေး ၁၃၅ ပုလင်း၊ Ecstasy ဆေးပြား ၂၈၀၊ ကဖင်း ၃၀၈၉ ဒသမ ၂၄ ကီလို၊ ICE ၈၀၂ ဒသမ ၇၃၆ ကီလို၊ မက်သာကွာလုံးဆေးပြား ၇၃၁၁ ပြား၊ ဖီနိုင်း အက်ဆီတစ်အက်စစ် ၂၁၄၃ ဒသမ ၄၇ ကီလို၊ ဖီနိုဘာဘီတယ်ဆေးပြား ၈၀၂၈ ပြား၊ ဖီနိုဘာဘီတယ်ထိုးဆေး ၂၃ ပုလင်း၊ အက်ဖီဒရင်းထိုးဆေး ၃၃ ပုလင်း၊ အက်ဖီဒရင်းဆေးပြား ၄၁၀၅၄၄၁ ပြား၊ ဒိုင်ဖီနိုအောက်စီလိတ်ဆေးပြား ၇၂၂၃၂ ပြား၊ ဘိန်းအာနိသင်ပါ ချောင်းဆိုးပျောက်ထိုးဆေး ၁၄၈၉ ပုလင်း၊ ချောင်းဆိုးပျောက်ဆေးပြား ၃၉၁၇၇ ပြား၊ ပင်တာဇိုဆင်းဆေးပြား ၂၅ ပြား၊ မော်ဖင်းဆာလဖိတ်ဆေးပြား ၁၀ ပြား၊ လစ်ဗ်ိုတမ်ဆေးပြား ၁၅၀၀၀၀၊ ကိုဒင်းဆေးပြား ရှစ်ပြား၊ ပက်သဒင်း ၀ ဒသမ ၀၀၇၂ လစ်တာ၊ မက်သဒုံးဆေးရည် ၁၀ ဒသမ ၉၆ လစ်တာ၊ လိုရာဇီမန်ဆေးမှုန့် ၀ ဒသမ ၀၀၁ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၂၃၄ ဒသမ ၀၂ လစ်တာ၊ ဓာတုဆေးရည် ၁၁၀၄၈ ဒသမ ၀၁ လစ်တာ၊ ဘိန်းမျိုးစေ့ ၅၅၄ ဒသမ ၈၁ ကီလို ရှိပါတယ်။ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါးတွေရဲ့တန်ဖိုးဟာ ခန့်မှန်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၄၉၅ သန်းအထိ ရှိခဲ့။

၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်သွားရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းလက်တွဲပြီး ၁၅ နှစ်စီမံကိန်းဖြင့် ဆောင်ရွက်နေ

စိုင်းလုံ(ခေါ်)အားတီအား ကူမင်းမြို့၌ ဖမ်းဆီးရမိခဲ့ပြီး ၃-၃-၂၀၀၅ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

အမြင်နဲ့ တစ်မျိုးသားလုံး ပါဝင်လှုပ်ရှားဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှာတော့ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်အဖွဲ့များနဲ့ ဗဟိုလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်တွေကို သတ်မှတ်ပေးအပ်ခဲ့ပါတယ်။

ဆက်နွယ်မှုတွေရှိ

ထိုစဉ်က နယ်စပ်ဒေသများရှိ သောင်းကျန်းသူအဖွဲ့အစည်းများဟာ နိုင်ငံရေး၊ လူမျိုးရေး စသည်ဖြင့် ခံယူချက်များလွဲမှားပြီး လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပေမယ့် သူတို့ရဲ့ စားဝတ်နေရေးနဲ့ ရေရှည်မှာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နောက်ပိုင်းမှာ မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်ဆက်နွယ်မှုတွေ ရှိခဲ့ကြပါတယ်။

ဒါကြောင့် သောင်းကျန်းသူများကြီးစိုးရာ နယ်မြေတွေမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် မြန်မာ့တပ်မတော်ဟာ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေးများဖြင့် ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများ ရှင်းလင်းခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေမှာ တပ်မတော်သား ၉၃ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး ၅၃၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ဘိန်းမှောင်ခိုအဖွဲ့များကို ချေမှုန်းတဲ့

သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)တွင် ပြသထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးကျွတ်စစ်ဆင်ရေးနဲ့ ဘာကျန်တိုက်ပွဲများကိုလဲ ဆင်နွှဲခဲ့ပါတယ်။ အဲဒီလို ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုစစ်ဆင်ရေးများမှာလဲ တပ်မတော်သား ၂၅၉ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး ၉၃၇ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်လောက်အထိ သက်စွန့်ကြိုးပမ်း တားဆီးကာကွယ်ခဲ့တယ်ဆိုတာ ထင်ရှားလှပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၈၉ ခုနှစ်အတွင်းမှာတော့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နယ်စပ်ဒေသတွေကို ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနဲ့ ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်စေခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ စစ်မှန်သောစေတနာနဲ့ မှန်ကန်တဲ့လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကာ မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို နိုင်ငံတော်နဲ့လက်တွဲပြီး တက်ကြွစွာ အကောင်အထည်ဖော်လျက်ရှိနေကြပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်တဲ့အခါမှာ ထိရောက်မှုရှိအောင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှုဘဝတိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုတဲ့ မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ပေးခဲ့ပါတယ်။ မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိဿယ သုံးရပ်ကိုလဲ ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။

နည်းဗျူဟာသုံးရပ်ကတော့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးတို့ ဖြစ်ပါတယ်။ နည်းနာနိဿယ သုံးရပ်ကတော့ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးစတဲ့ အချက်တွေပဲဖြစ်ပါတယ်။

အလေးထားဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရာမှာ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးကို ရည်မှန်းချက်အဖြစ်ထားရှိပြီး ၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများဖွဲ့စည်းပြီး နိုင်ငံအဝန်း နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် နယ်စပ်ဒေသများမှာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။

နယ်စပ်ဒေသများနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့တဲ့အတွက် တိုင်းရင်းသားအဖွဲ့အစည်းများကလဲ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ရည်မှန်းချက်များချမှတ်ပြီး နိုင်ငံတော်အစိုးရနဲ့ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ကြပါတယ်။ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)မှာ ၁၉၉၁ ခုနှစ်မှစလို့ ခြောက်နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့တာကြောင့် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့ပြီး ဘိန်းပပျောက်တဲ့အထိမ်းအမှတ် ပြတိုက်တစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကိုးကန့် အထူးဒေသ(၁)မှာ ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကိုးကန့် အထူးဒေသ(၁)မှာ တရားမဝင်ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်မှ စတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုးဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုင်းရင်းသားခေါင်းဆောင်များက နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ “ဝ”အထူးဒေသ(၂)ကိုလဲ ၂၀၀၅ ခုနှစ်မှာ တရားမဝင်ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းပြီး ဘိန်းကင်းမဲ့ဒေသဖြစ်ဖို့လဲ ဆောင်ရွက်ခဲ့ကြတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။

အကောင်အထည်ဖော်

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးရဲ့အန္တရာယ်ဟာ လူသားအားလုံးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်တယ်ဆိုတာကို အလေးအနက်ယုံကြည်ခံယူထားပြီး မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ချုပ်ငြိမ်းပပျောက်ရေး ဦးတည်ချက်နဲ့ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ အာဆီယံနယ်ပယ်အတွင်းမှာ ၂၀၁၅ ခုနှစ်ကို Drug Free ASEAN ဖြစ်ရေးအတွက် အာဆီယံနိုင်ငံများအားလုံးက မျှော်မှန်းပြီး ဝိုင်းဝန်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကတော့ ၂၀၁၅ ခုနှစ်မတိုင်မီ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်သွားစေဖို့အတွက် နိုင်ငံသားအားလုံး ဝိုင်းဝန်းလက်တွဲပြီး (၁၅)နှစ်စီမံကိန်းနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ (၁၅)နှစ်စီမံကိန်းကို (၅)နှစ်စီမံကိန်းများနဲ့ သုံးပိုင်းခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။ ပထမ ငါးနှစ်ကတော့ ၁၉၉၉-၂၀၀၀ မှ ၂၀၀၃-၂၀၀၄ အထိဖြစ်ပြီး ဒုတိယ ငါးနှစ်ကတော့ ၂၀၀၄-၂၀၀၅ မှ ၂၀၀၈-၂၀၀၉ အထိ ဖြစ်ပါတယ်။ တတိယ ငါးနှစ်ကတော့ ၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄ အထိ ဖြစ်ပါတယ်။

ပထမ ငါးနှစ်စီမံကိန်းကာလ ဦးစားပေး မြို့နယ်အနေနဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းဒေသရှိ ၂၂ မြို့နယ်၊ ဒုတိယ ငါးနှစ်စီမံကိန်းကာလကို ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၂၀၊ တတိယ ငါးနှစ်စီမံကိန်းကာလမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ်ပေါင်း ကိုးမြို့နယ်၊ စုစုပေါင်း မြို့နယ်ပေါင်း ၅၁ မြို့နယ်ကို ဦးစားပေးဒေသတွေအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် (၁၅)နှစ်စီမံကိန်း ဒုတိယ (၅)နှစ်တာကာလရဲ့ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

စီမံကိန်းကြီးတစ်ခုလုံးအတွက် ခန့်မှန်းမြန်မာကျပ်ငွေ သန်းပေါင်း ၃၃၅၈၈ ဒသမ ၁၄ သန်း၊ အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျခံသုံးစွဲသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးအတွက် ဘယ်နိုင်ငံဆီကမှ ထိရောက်တဲ့ အထောက်အပံ့တွေမရသော်လဲဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်သယံဇာတများကို အခြေခံပြီး အမျိုးသားရေးတာဝန်အဖြစ် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းရဲ့ ပထမ ငါးနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ သာသနာရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပညာပေးရေး၊ ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေးနဲ့ နိုင်ငံတကာဆက်ဆံရေးကဏ္ဍများအတွက် မြန်မာငွေကျပ်သန်းပေါင်း ၆၇၆ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။

အဓိကရည်ရွယ်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ ခုနှစ် ဧပြီလမှစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးစေခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်စေရေးကို အဓိကရည်ရွယ်ပြီး ရှေ့ပြေးစီမံချက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ပန်းတိုင်သစ် စီမံကိန်းအောင်မြင်စေရေးအတွက် မူးယစ်ဗဟိုအဖွဲ့ဝင်များဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီး လေးဦးကို ဦးဆောင်ဦးရွက်ပြုစေပြီး ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

မူးယစ်ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီး လေးဦးအဖွဲ့ဟာ စီမံကိန်းဝင် ပြည်နယ်ဒေသ ငါးခုအတွင်း ကွင်းဆင်းလှည့်လည်သွားရောက်ကာ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံတောင်သူများနဲ့ တွေ့ဆုံပြီး ဘိန်းစိုက်ပျိုးခြင်းမပြုနိုင်အောင် အသိပညာပေး ဆွေးနွေးမှာကြားခြင်း၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်း၊ ဒေသအလိုက်ဖြစ်ထွန်းမယ့် မျိုးတိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ ဘိန်းမစိုက်တော့တဲ့ တောင်သူများအတွက် ဆန်နှင့်ဆား ရိက္ခာဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ပန်းတိုင်သစ်စီမံကိန်းကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ တာဝန်ရှိသူအဆင့်ဆင့်ရဲ့ အသိပညာပေးမှုကြောင့် အဓိကအောင်မြင်မှုတစ်ရပ်အနေနဲ့ ဒေသခံဘိန်းစိုက်တောင်သူများဟာ ဘိန်းစိုက်ပျိုးရန် စုဆောင်းထားတဲ့ ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ ၎င်းတို့ရဲ့ အသိစိတ်ဓာတ်ဖြင့် ကိုယ်တိုင်လာရောက်အပ်နှံလာခဲ့ကြပါတယ်။ ဘိန်းစိုက်တောင်သူများ အပ်နှံတဲ့ ဘိန်းမျိုးစေ့နဲ့ ဘိန်းသီးခြောက်တွေ မီးရှို့ဖျက်ဆီးတဲ့အခမ်းအနားများကို သက်ဆိုင်ရာ နယ်မြေဒေသတွေအလိုက် ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်းစတင်တဲ့ ၂၀၀၂ ခုနှစ် ဧပြီလမှ ၂၀၀၃ ခုနှစ် မေလအထိ (၁၃)ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါတယ်။



မလေးရှားနိုင်ငံသို့ လျှို့ဝှက်ပို့ဆောင်မည့်ဆဲဆဲတွင် ICE စိတ်ကြွဆေး ၁၀၂ ဒသမ ၀၅ ကီလိုကို ၂၄-၅-၂၀၀၅ ရက်နေ့က ရန်ကုန်မြို့၌ ဖမ်းဆီးရမိစဉ်။ (သတင်းစဉ်)

မီးရှို့ဖျက်ဆီးခဲ့တဲ့ ဘိန်းမျိုးစေ့စုစုပေါင်းဟာ ၁၆၃၇၂၀ ဒသမ ၆၁ ကီလိုရှိတဲ့အတွက် တကယ်လို့သာ ဒါတွေကို စိုက်ပျိုးခဲ့မယ်ဆိုရင် ၄၀၅၇၃ ဒသမ ၆၈ ဟက်တာစိုက်ပျိုးနိုင်ပြီး ဘိန်းစိမ်း ၄၄၁၁၃၃ ဒသမ ၃၀၈ ကီလိုထွက်ရှိမှာကို ကြိုတင်တားဆီးနိုင်ခဲ့တဲ့သဘော ဖြစ်ပါတယ်။

ဖမ်းဆီးအရေးယူနိုင်ခဲ့

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေအပေါ်မှာ သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများ ခန့်မှန်းနိုင်အောင် အကြမ်းဖျဉ်းတင်ပြရရင် ၁၉၈၈ ခုနှစ်မှ ၂၀၀၆ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိမှုဟာ ဘိန်း ၉၃၄၅ မှ ၃၇၉၆၅ ကီလို၊ ဘိန်းဖြူ ၂၆၅၅၅ မှ ၇၄၀၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၁၂ မှ ၁၅၅ သန်း၊ အက်ဖီဒရင်း ၁၈၅ မှ ၂၂၃ ဒသမ ၆ ကီလို၊ ဆေးခြောက် ၈၄၂၉ မှ ၈၄၁ ဒသမ ၃ ကီလို၊ ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည် ၂၅၁၀ မှ ၃၅၅၁၅ လစ်တာ၊ အက်စစ်တင်အင်ဟိုက်ဒြိုက် ၅၈ မှ ၈၆၅၆၂ လီတာ၊ ဓာတုပစ္စည်း ၁၃၁ မှ ၆၁၁၉၆ ဒသမ ၁ လစ်တာ၊ ဘိန်းဆီ ၈၃၂ မှ ၈၂၂ လစ်တာ၊ မော်ဖင်း ၃၁ မှ ၁၉၃၁ ကီလို၊ ဘိန်းစာမှုန့် ၂၄၈ မှ ၉၀၁ ကီလို၊ ကိုကင်းပါချောင်းဆိုးပျောက်ဆေးရည် ၂၁၁ မှ ၂၀၁၉ လစ်တာ၊ မော်ဖင်းထိုးဆေး ၄၆ မှ ၆၉၁၂ ပုလင်း၊ ပက်သဒင်းထိုးဆေး လေးမှ ၆၀၉ ပုလင်း၊ အဆင့်နိမ့်ဘိန်း ၁၅၁၁ မှ ၇၆၇၂ ကီလို၊ ကဖင်း လေးမှ ၄၇၉၃ ကီလို၊ ICE ၁၂ မှ ၁၃၁၅ ကီလို၊ မှတ်ပုံတင်ပျက်ကွက်မှု ၂၀၀၃၀ မှုနဲ့ အခြားအမှု ၃၁၅၅ မှု စုစုပေါင်း အမှု ၇၇၆၄၀ မှုဖြစ်ပြီး ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေရဲ့ ခန့်မှန်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၄၃၂ သန်းကျော်ရှိပါတယ်။ အမှုများမှ တရားခံ ကျား ၈၇၄၂၄ ဦး၊ တရားခံ မ ၁၇၉၉၃ ဦး စုစုပေါင်း ၁၀၅၄၁၇ ဦးကို ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာအသုံးပြုသော ဓာတုပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်လျက်ရှိသည့်ပြည်ပနိုင်ငံများမှ နည်းလမ်းအမျိုးမျိုးဖြင့်တင်သွင်းလာပြီး မိမိတို့နိုင်ငံနယ်စပ်မှာ မူးယစ်ဆေးဝါးများထုတ်လုပ်တာဖြစ်

စာမျက်နှာ ၉ မှ

စုပေါင်းမီးရှို့ဖျက်ဆီး

ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို ရန်ကုန်မြို့မှာ (၁၉)ကြိမ်၊ နယ်စပ် ဒေသနဲ့ အခြားမြို့များမှာ (၃၈)ကြိမ် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့ လဲ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို မီးရှို့ဖျက်ဆီးသွားဦးမှာပဲဖြစ်ပါတယ်။ စုစုပေါင်းမီးရှို့ဖျက်ဆီးပြီးတဲ့ မူးယစ်ဆေးဝါးပမာဏဟာ ဘိန်း ၂၉၆၈၀ ဒသမ ၆၃ ကီလို၊ ဘိန်းဖြူ ၅၆၄၃ ဒသမ ၈၃ ကီလို၊ ဘိန်းညို ၄၈၀ ဒသမ ၇၃ ကီလို၊ ဘိန်းဆီ ၂၂၅ ဒသမ ၄၈ ကီလို၊ ဘိန်းရည် ၅၄၉ ဒသမ ၅၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၃၃၈ ဒသမ ၃၁ ကီလို၊ ဆေးခြောက် ၆၃၆၉ ဒသမ ၆၃ ကီလို၊ ဖင်ဆီဒိုင်း ၃၁၀၈၅ ဒသမ ၉၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၄၈၃၉၆၃ ပြား၊ အက်ဖီဒရင်း ၁၆၀၆၆ ဒသမ ၁၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၇၈ ဒသမ ၀၄ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၁၈၂၁ လစ်တာ၊ ဘိန်းစာမှုန့် ၂၀၄ ဒသမ ၆၆ ကီလို၊ ဒိုင်ယာစီဗင်ဆေးပြား ၆၅၈၁၂၁ ပြား၊ ဒိုင်ယာစီဗင်ထိုးဆေး ၁၃၅ ပုလင်း၊ ဗျူပရီနော်ဖင်းထိုးဆေး ၄၇၄ ပုလင်း၊ မော်ဖင်းထိုးဆေး ၁၃၅ ပုလင်း၊ Ecstasy ဆေးပြား ၂၈၀၊ ကဖင်း ၃၀၈၉ ဒသမ ၂၄ ကီလို၊ ICE ၈၀၂ ဒသမ ၇၃၆ ကီလို၊ မက်သာကွာလုံးဆေးပြား ၇၃၁၁ ပြား၊ ဖီနိုင်းအက်ဆီတစ်အက်စစ် ၂၁၄၃ ဒသမ ၄၇ ကီလို၊ ဖီနိုဘာဘီတယ်ဆေးပြား ၈၀၂၈ ပြား၊ ဖီနိုဘာဘီတယ်ထိုးဆေး ၂၃ ပုလင်း၊ အက်ဖီဒရင်းထိုးဆေး ၃၃ ပုလင်း၊ အက်ဖီဒရင်းဆေးပြား ၄၁၀၅၄၄၁ ပြား၊ ဒိုင်ဖီနိုအောက်စီလိတ်ဆေးပြား ၇၂၂၃၂ ပြား၊ ဘိန်းအာနိသင်ပါ ချောင်းဆိုးပျောက်ထိုးဆေး ၁၄၈၉ ပုလင်း၊ ချောင်းဆိုးပျောက်ဆေးပြား ၃၉၁၇၇ ပြား၊ ပင်တာဇိုဆင်းဆေးပြား ၂၅ ပြား၊ မော်ဖင်းဆာလဖိတ်ဆေးပြား ၁၀ ပြား၊ လစ်ဗိုတမ်ဆေးပြား ၁၅၀၀၀၀ပြား၊ ကိုဒင်းဆေးပြား ရှစ်ပြား၊ ပက်သဒင်း ၀ ဒသမ ၀၀၇၂ လစ်တာ၊ မက်သဒုံးဆေးရည် ၁၀ ဒသမ ၉၆ လစ်တာ၊ လိုရာဇီပန်ဆေးမှုန့် ၀ ဒသမ ၀၀၁ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၂၃၄ ဒသမ ၀၂ လစ်တာ၊ ဓာတုဆေးရည် ၁၁၀၄၈ ဒသမ ၀၁ လစ်တာ၊ ဘိန်းမျိုးစေ့ ၅၅၄ ဒသမ ၈၁ ကီလိုရှိပါတယ်။ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါးတွေရဲ့တန်ဖိုးဟာ ခန့်မှန်းအမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၄၉၅ သန်းအထိရှိခဲ့ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေး ဘက်စုံကြိုးပမ်းဆောင်ရွက်ခြင်းများကြောင့် အောင်မြင်မှုတွေများစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို United Nations Office on Drug and Crime. UNODC ရဲ့ ၂၀၀၅ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး နှစ်ပတ်လည် အစီရင်ခံစာမှာဖော်ပြထားရာမှာ–

- **၂၀၀၁ ခုနှစ်မှာ ဘိန်း ၁၀၅၀၀၀ ဟက်တာ စိုက်ပျိုးပြီး ၁၀၉၇ တန် ထွက်ရှိပါတယ်။**
- **၂၀၀၂ခုနှစ်မှာ ဘိန်း ၇၇၇၀၀ ဟက်တာ စိုက်ပျိုးပြီး ၈၂၈တန် ထွက်ရှိ တာကြောင့် စိုက်ပျိုးမှုမှာ ၂၃၆၀၀ ဟက်တာ လျော့လာပြီး ရာခိုင်နှုန်း အားဖြင့် ၂၈ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။**
- **၂၀၀၃ခုနှစ်မှာ ဘိန်း ၆၂၂၀၀ ဟက်တာ စိုက်ပျိုးပြီး ၈၁၀ တန် ထွက်ရှိတာကြောင့် စိုက်ပျိုးမှုမှာ ၂၄ရာခိုင်နှုန်းလျော့နည်းခဲ့ပါတယ်။**
- **၂၀၀၄ ခုနှစ်မှာ ဘိန်း ၄၄၂၀၀ ဟက်တာ စိုက်ပျိုးပြီး ၃၇၀ မက်ထရစ်တန်ထွက်ရှိတာကြောင့် စိုက်ပျိုးမှုမှာ၂၉ ရာခိုင်နှုန်း လျော့နည်းပြီး ထုတ်လုပ်မှုမှာ ၅၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါတယ်။**
- **၂၀၀၅ခုနှစ် ဘိန်း ၃၂၇၇၀ ဟက်တာ စိုက်ပျိုးပြီး ၃၁၉ တန်ထွက်ရှိခဲ့တာ ကြောင့် စိုက်ပျိုးမှုမှာ ၅၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ငါးနှစ်အတွင်း ဘိန်းထုတ်လုပ်မှု ၆၁ ရာခိုင်နှုန်း ကျဆင်းကြောင်း ဖော်ပြထားပါတယ်။**

ဒါ့အပြင် အမေရိကန်နိုင်ငံ Counter Narcotics and Crime (CNC) ရဲ့တရားဝင်ဖော်ပြထားတဲ့ စာရင်းဇယားများအရလဲ ၁၉၉၆ ခုနှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၀၄ ခုနှစ်မှာ ဘိန်း ၃၀၈၈ ဟက်တာ စိုက်ပြီး ဘိန်း၂၉၂ မက်ထရစ်တန်ထွက်ရှိကြောင်း၊ ဘိန်းဖြူထုတ်လုပ်မှုအပိုင်းမှာ ၈၈ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တရားဝင် ဖော်ပြထားပါတယ်။ ဒီကိန်းဂဏန်းတွေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းကြီး ဘယ်လောက်အထိ အောင်မြင်နေတယ်ဆိုတာ သိသာထင်ရှားနေနေပါကြောင်း ပြောကြားလိုပါတယ်။

အများအပြားဖမ်းဆီးရမိ

ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်းအနေနဲ့ ဘိန်းစိုက်ပျိုးမှု ကျဆင်းလာပေမယ့် အသစ်ပေါ်လာတဲ့ စိတ်ကြွဆေးပြားရဲ့ ပြဿနာကို ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်များမတိုင်မီ လွန်ခဲ့တဲ့ ၁၀စုနှစ် အတွင်းက စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာဆိုတာ မရှိခဲ့ပါဘူး၊ ၁၉၉၆ ခုနှစ်မှာတော့ ဒေသတွင်းမှာ စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာဟာ စိုးရိမ်ဖွယ် အဆင့်ကို ရောက်ရှိလာပါတယ်။ ၁၉၉၀ ပြည့်နှစ်များအစောပိုင်းကာလမှာတော့ စိတ်ကြွရူးသွပ်ဆေးပြား လုပ်ရာမှာ အဓိက လိုအပ်တဲ့ ဓာတုပစ္စည်းတစ်မျိုးဖြစ်တဲ့ အက်ဖီဒရင်းများကို ဒေသတွင်း တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတွေ ရှိလာသလို နှစ်နိုင်ငံ နယ်စပ်တွေမှာလဲ စိတ်ကြွ ရူးသွပ်ဆေးပြားတွေ အများအပြား ဖမ်းဆီးရမိလာပါတယ်။

စိတ်ကြွရူးသွပ်ဆေးပြားဆိုတာတွေဟာ ဓာတုပစ္စည်းတွေနဲ့ ချက်လုပ်ရတာ ဖြစ်ပါတယ်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ မဖြစ်သေးတဲ့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းများ (Precursor Chemical) ကို ထုတ်လုပ်နိုင်ခြင်းမရှိသေးဘူးဆိုတာ ယခုတက်ရောက်လာတဲ့ ပုဂ္ဂိုလ်များအားလုံးသိပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများကို စီးပွားဖြစ် ထုတ်လုပ်လျက်ရှိတဲ့ ပြည်ပနိုင်ငံများမှ နည်းလမ်း အမျိုးမျိုး၊ လမ်းကြောင်းအဖုံဖုံနဲ့ နယ်စပ်များမှတစ်ဆင့် တရားမဝင် တင်သွင်းလာကြပြီးမှသာ ကျွန်တော်တို့နိုင်ငံ နယ်စပ်ဒေသမှာ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်ရဲ့ စိတ်ကြွရူးသွပ်ဆေးပြား တားဆီးရေးလုပ်ငန်းစဉ်တွေ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းတွေမှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းဟာ အထူးအရေးကြီးလာတယ်ဆိုတာကို မြန်မာနိုင်ငံအနေနဲ့ သဘောပေါက် ခံယူကျင့်သုံးနေတာဖြစ်ပါတယ်။



ဘိန်းဖြူ ဘလောက်တုံး နှင့် မူးယစ်ဆေးဝါး ဆက်စပ်ပစ္စည်းများ

ဖမ်းဆီးရမိသော ဘိန်းဖြူဘလောက်တုံး ၁၀၈ တုံး၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဆက်လက်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အပိုင်းကို ရှင်းလင်းတင်ပြသွားပါ့မယ်။ ဒီစိတ်ကြွရူးသွပ်ဆေးပြားအပါအဝင် မူးယစ်ဆေးဝါးပြဿနာတွေကို တစ်နိုင်ငံတည်း တွန်းလှန်တိုက်ဖျက်နေရုံနဲ့ ထိထိရောက်ရောက်မဖြစ်နိုင်ဘူးဆိုတာကို မြန်မာနိုင်ငံက လက်ခံသဘောပေါက်လို့ ဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၁၉၉၃ခုနှစ် မှာ မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်နိုင်ငံ လေးနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ MoU ကိုလက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၅ခုနှစ်မှာတော့ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ပါ ပါဝင်လာတာကြောင့် ခြောက်နိုင်ငံဖြစ်လာခဲ့ပါတယ်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာအသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ တရုတ်၊ အိန္ဒိယ၊ လာအို၊ မြန်မာနဲ့ ထိုင်းနိုင်ငံ ငါးနိုင်ငံဟာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိများအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအနေနဲ့ မြန်မာနိုင်ငံက ၁၉၉၃ခုနှစ် မှာ အိန္ဒိယနိုင်ငံ၊ ၁၉၉၄ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၁၉၉၅ခုနှစ်မှာ ဗီယက်နမ် နိုင်ငံ၊ ၁၉၉၇ခုနှစ်မှာ ရုရှား၊ လာအိုနဲ့ ဖိလစ်ပိုင်နိုင်ငံများ၊ ၂၀၀၁ခုနှစ်မှာ တရုတ်နဲ့ထိုင်းနိုင်ငံတို့နဲ့ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

အလားတူ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ မြန်မာ–ထိုင်း၊ မြန်မာ–တရုတ်၊ မြန်မာ–အိန္ဒိယတို့ လက်မှတ်ရေးထိုးပြီး ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ လက်တွဲဆောင်ရွက်နေကြောင်း သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး သိရှိပြီး ဖြစ်ကြပါလိမ့်မယ်။

ကျွန်တော်တို့နိုင်ငံဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အစွမ်းကုန်ဆောင်ရွက်မှု၊ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းနယ်ပယ်မှာ အောင်မြင်မှုတွေကို များစွာရရှိခဲ့ပါတယ်။

အဲဒီအောင်မြင်မှုဖြစ်စဉ်တွေများစွာအနက် အချိန်ကန့်သတ်ချက်ကြောင့် နိုင်ငံ တကာပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင်တဲ့ဖြစ်စဉ်လေးခုလောက်ကိုပဲ ထုတ်နုတ်တင်ပြလိုပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုရခဲ့တဲ့ **စိုးစံဇုန် စစ်ဆင်ရေး**လို့ အမည်ပေးထားတဲ့ မူးယစ်ဆေးဝါးစစ်ဆင်ရေးကြီးတစ်ခုကို ပထမဦးစွာ ရှင်းပြလိုပါတယ်။ စိုးစံဇုန်ဆိုတာဟာ ဒီဖြစ်စဉ်မှာ အဓိကပါဝင်နေတဲ့ မူးယစ်ဆေးဝါးတွေသယ်ဆောင်ရာမှာ အသုံးပြုတဲ့ စက်လှေတစ်စီးရဲ့ အမည်ဖြစ်ပါတယ်။

ဒီဖြစ်စဉ်ဟာ ၂၀၀၄ခုနှစ် ဇူလိုင်လ ၇ရက်နေ့မှာ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာမှာ ဖြစ်ခဲ့တာပါ။ မြန်မာကျပ်ငွေသန်းပေါင်း ၄၇၄၀၀သန်း၊ အမေရိကန်ဒေါ်လာ ၇၄သန်း တန်ဖိုးရှိတဲ့ ဘိန်းဖြူဘလောက်တုံး ၈၄၇တုံး အလေးချိန် ၅၉၂ဒသမ ၅ကီလိုကို စိုးစံဇုန်လို့အမည်ရှိတဲ့ စက်လှေနဲ့ မြန်မာ့ရေပိုင်နက်ကိုဖြတ်ပြီး နိုင်ငံတကာရေပြင်ဆီကို သယ်ဆောင်ခဲ့ပါတယ်။ တစ်ဖက်က မြန်မာသင်္ဘောကပ္ပတိန်တစ်ဦး ဦးစီးပြီး ပနားမားနိုင်ငံ အလံတပ်ဆင်ထားတဲ့ ပင်လယ်ကူးသင်္ဘောနဲ့ နိုင်ငံတကာရေပြင်မှာဆုံပြီး ဘိန်းဖြူများကို အလွှဲအပြောင်းလုပ်မယ်၊ ပြီးရင် ပင်လယ်ကူးသင်္ဘောကြီးက တောင်တရုတ်ပင်လယ်ဘက်ကို ဖြတ်သန်းပြီး အနောက်နိုင်ငံတွေဘက်ကို ပို့ဆောင်မယ်ဆိုပြီး စီမံခဲ့တဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။

ဖော်ထုတ်ဖြိုခွင်း

ဒီဖြစ်စဉ်မှာ စက်လှေသမား ၁၇ဦးက ဘိန်းဖြူများကို ကြီးကြပ်ဖို့ လိုက်ပါလာတဲ့လူသုံးဦးကိုသတ်ပြီး ရေထဲပစ်ချဖျောက်ဖျက်ခဲ့ပါတယ်။ စိုးစံဇုန်စက်လှေကိုလဲ ပင်လယ်ရေပြင်မှာ နှစ်မြှုပ်ပြီး အစဖျောက်ပစ်ခဲ့တယ်။ ပြီးတော့ ဘိန်းဖြူဘလောက်တုံးတွေကို လှေသားတွေက ခိုးယူပြီး အထက်က တင်ပြခဲ့တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ရွာထဲမှာ ဝှက်သိမ်းထားခဲ့စဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၀၀၄ခုနှစ် ဇူလိုင်လ ၉ရက်နေ့မှာ ခြေရာခံမိရာကစပြီး မူးယစ်ဆေးဝါးဂိုဏ်းကြီးတစ်ခုလုံးကို ဖော်ထုတ်ဖြိုခွင်းလိုက်နိုင်ခြင်း ဖြစ်ပါတယ်။

စိုးစံဇုန်စက်လှေနစ်မြုပ်တဲ့သတင်းကို ကြားသိတဲ့အခါ တာဝန်ရှိအဖွဲ့အစည်းတွေ လိုက်လံခြေရာမခံနိုင်အောင် ဘိန်းဖြူကိစ္စကို အဓိကစီစဉ်သူ ထိုင်းနိုင်ငံသား အားရန်(ခ)တာရာနိုင်း ဗန်ထရာကူး ဘိန်းဖြူတွေကို လက်ခံပြီး ပင်လယ်ကူးသင်္ဘောနဲ့ တောင်တရုတ်ပင်လယ်ပြင်ကို ပို့ဆောင်ပေးခဲ့တဲ့ ပင်လယ်ကူးသင်္ဘောကပ္ပတိန် မြန်မာလူမျိုး နေလင်း၊ ပြည်တွင်းမှာ ဘိန်းဖြူသယ်ဆောင်မှုကို ကြပ်မတ်ခဲ့တဲ့ အားတီ(ခ) စိုင်းလုံတို့ သုံးဦးဟာ ရန်ကုန်မြို့ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။ မူးယစ်တပ်ဖွဲ့ဝင်များရဲ့ စုံစမ်းဖော်ထုတ်ချက်တွေကြောင့် နောက်ဆုံးမှာ စိုးစံဇုန်ဖြစ်စဉ်နဲ့ ဆက်စပ်ပတ်သက်သူ ပြည်တွင်းမှ တရားခံ ၂၅ဦးကို ဖော်ထုတ်ဖမ်းဆီးရမိပြီး ၁၈ဦးကို တရားခံပြေးအဖြစ် ကြေညာနိုင်ခဲ့ပါတယ်။

ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေတဲ့ အဓိကတရားခံတွေကို ဖမ်းဆီးရမိဖို့အတွက် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ (ONCB)၊ တရုတ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့(NNCC)၊ ရန်ကုန်အခြေစိုက် အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့(DEA)၊ ဩစတြေးလျရဲတပ်ဖွဲ့ (AFP)နဲ့ ဟောင်ကောင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်မှ ရဲတပ်ဖွဲ့တို့နဲ့ပါ အကြိမ်ကြိမ်တွေ့ဆုံဆက်သွယ် သတင်းဖလှယ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

နောက်ဆုံးမှာ သင်္ဘောကပ္ပတိန်နေလင်းရဲ့ဇနီးဟောင်း သူဇာမဥ္ဇူဟာ အမေရိကန်နိုင်ငံ စီရယ်တယ်မြို့မှာ နေထိုင်ပြီး နိုင်ငံသားအဖြစ်ပါ ခံယူထားကြောင်းနဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မှာ ခိုလှုံပုန်းအောင်းနေတဲ့ ခင်ပွန်းဟောင်းဖြစ်သူ နေလင်းနဲ့ ဆက်သွယ်မှုတွေရှိကြောင်း ထိုင်းနိုင်ငံ ONCB အဖွဲ့က ခြေရာခံဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီသတင်းဆက်အရ ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာရဲတပ်ဖွဲ့ဝင်တွေဟာ သူဇာမဥ္ဇူရဲ့ လှုပ်ရှားမှုများကို အချိန်ယူစောင့်ကြည့်ခဲ့ပါတယ်။ နေလင်းကို တွေ့ဆုံဖို့ အမေရိကန်နိုင်ငံမှ သူဇာမဥ္ဇူ စတင်ထွက်လာကတည်းက စောင့်ကြည့်ခြေရာခံခဲ့ကြပြီး ဖြတ်သန်းရာနေရာတိုင်းမှာရှိတဲ့ DEA အဖွဲ့ဝင်များက ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို သတင်းပေးခဲ့ကြပါတယ်။ အဲဒီနောက် ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၈ရက်မှာ သူဇာမဥ္ဇူ ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်အရောက်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့မှ ရဲအရာရှိတွေနဲ့ ONCB က အရာရှိတွေပါတဲ့ ပူးပေါင်းအဖွဲ့က သူဇာမဥ္ဇူကို လာကြိုတဲ့ တရားခံပြေးနေလင်းကို ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၉ရက်မှာတော့ နေလင်းကို ထိုင်းနိုင်ငံ ONCB ထံမှ မြန်မာနိုင်ငံက လွှဲပြောင်းရယူခဲ့ပါတယ်။

လွှဲပြောင်းပေးခဲ့

အဲဒီနောက် နေလင်းဆီကရတဲ့ သတင်းဆက်တွေကို တရုတ်နိုင်ငံ NNCC ကို ဆက်သွယ်ပေးပို့ခဲ့ပါတယ်။ NNCC ကလဲ ရရှိတဲ့သတင်း

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

ကနေ စိုးစံဇုန်ဖြစ်စဉ်ရဲ့ အဓိကတရားခံတစ်ဦးဖြစ်သူ အားရန်(ခ) တာရာနိုင်း ဗန်ထရာကူးနဲ့ အားတီ(ခ) စိုင်းလုံတို့ကို ခက်ခက်ခဲခဲ ခြေရာခံပြီး ကူမင်းမြို့မှာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့က ရှာဖွေဖမ်းဆီးပေးခဲ့ပါတယ်။ ၂၀၀၅ခုနှစ် မတ်လ ၃ရက်နေ့မှာတော့ ဖမ်းဆီးရမိတဲ့ တရားခံနှစ်ဦးကို မူးယစ်ဗဟိုကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြီးမှာ ပြစ်မှုကျူးလွန်ရာမှာ ပါတဲ့ တရားခံ ၂၅ဦးအနက် ငါးဦးကိုသေဒဏ်အပါအဝင် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ပြီး တရားခံများပိုင်ဆိုင်တဲ့ ပစ္စည်းအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။

အမှုဟာ ကြီးမားကျယ်ပြန့်လွန်းလှပြီး နိုင်ငံတကာနဲ့ပါ ဆက်စပ်နေတဲ့အတွက် အမှုကိုစတင်ခြေရာခံမိစဉ်ကနေ ယခုအခြေအနေရောက်သည်အထိ နှစ်နှစ်ကျော်ခန့် အချိန်ယူဖော်ထုတ်ခဲ့ရပါတယ်။ ဒါတောင်အမှုကို ပြီးဆုံးပြီလို့ ပြောလို့မရသေးပါဘူး။ ပြစ်မှုကျူးလွန်သူများဟာ မူးယစ်ဆေးဝါးကရရှိတဲ့ ဒေါ်လာသန်းချီသော အကျိုးအမြတ်ငွေကြေးများကို နိုင်ငံခြားတိုင်းပြည်အချို့ရှိ ဘဏ်များမှာ စာရင်းဖွင့်လှစ်ထားကြကြောင်း စစ်ကြောဖော်ထုတ်ရရှိခဲ့ပါတယ်။ အဲဒီငွေကြေးများကို သက်ဆိုင်ရာနိုင်ငံများနဲ့ ညှိနှိုင်းပြီး ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ဒီမှုခင်းဟာ မူးယစ်ဆေးဝါးမှုခင်းသက်သက်သာမက မျက်မှောက်နိုင်ငံတကာမှာ နိုင်ငံဖြတ်ကျော်မှုခင်းများအဖြစ် ခြိမ်းခြောက်နေတဲ့ ငွေကြေးခဝါချခြင်းမှုခင်းနဲ့ပါ ယှက်နွယ်ဆက်စပ်နေတာမို့ အလွန်ရှုပ်ထွေးခက်ခဲလှတဲ့ မှုခင်းကြီးတစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီလိုမှုခင်းကို ကိုင်တွယ်ရာမှာ အချိန်ယူဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ နယ်စပ်ဖြတ်ကျော်မှုခင်းများပဲ ဖြစ်ပါတယ်။

ဒီလိုကြီးမားတဲ့ အောင်မြင်မှုကြီးရရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ DEA, ONCB, NNCC, AFP စတဲ့ အဖွဲ့အစည်းများမှ ကျွန်တော်တို့ရဲ့ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ဒီနေရာကနေ အလေးအနက် မှတ်တမ်းတင်ဖော်ပြလိုပါတယ်။

အလားတူပဲ ကျွန်တော်တို့ မူးယစ်ဗဟိုနဲ့ တရုတ်နိုင်ငံ NNCC၊ ယူနန် ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ YPNCC တို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၀၅ ခုနှစ် မေလ ၂၄ ရက်နေ့မှာ ရန်ကုန်မြို့မှာ မူးယစ်ဆေးဝါးတစ်မျိုးဖြစ်တဲ့ ICE ၁၀၂၁၃သမ၀၅ ကီလိုကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပါတယ်။ ICE ဆိုတာဟာ မက်အက်ဖီတမင်းဟိုက်ဒြိုကလိုရိုက်များဖြစ်ပြီး စိတ်ကြွစေတဲ့ အာနိသင်ရှိပါတယ်။ ဖမ်းဆီးရမိတဲ့ ICE တွေကို မလေးရှားနိုင်ငံကို လှို့ဝှက်ပို့ဆောင်မယ့်ဆဲဆဲမှာ မြန်မာနိုင်ငံ မူးယစ်ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်လိုက်နိုင်တာဖြစ်ပါတယ်။ ဖမ်းဆီးရမိ တန်ဖိုးဟာ မြန်မာကျပ်ငွေ ၃၀၆ သန်းကျော်ဖြစ်ပါတယ်။ ပါဝင်ကျူးလွန်တဲ့ မြန်မာနိုင်ငံသားတွေအပြင် မလေးရှားနိုင်ငံသားတစ်ဦးနဲ့ ထိုင်းနိုင်ငံသားတစ်ဦးတို့ကိုလဲ ဖော်ထုတ်အရေးယူခဲ့ပြီး မြန်မာနိုင်ငံမှ ပြစ်မှု ကျူးလွန်သူများရဲ့ ပိုင်ဆိုင်မှုများကိုလဲ ဖော်ထုတ်သိမ်းဆည်းကာ တရားခံများကိုလဲ ပြစ်ဒဏ်အသီးသီး ချမှတ်နိုင်ခဲ့ပါတယ်။

အလားတူပဲ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာ ကာလတန်ဖိုးမြန်မာကျပ်ငွေ ၅၃၄ သန်းဖိုးရှိ ICE ၁၇၈ ကီလိုကို ကျွန်းပွတ်လုံးတိုင်များအတွင်း လှို့ဝှက်ထည့်သွင်းပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်နေစဉ်မှာ မူးယစ်ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်မြို့မှာ ဖော်ထုတ်ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်လဲရှိခဲ့ပါတယ်။ ဖြစ်စဉ်နှစ်ရပ်ပေါင်းမှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများရဲ့ တန်ဖိုးဟာ ကျပ်သန်း၇၄၀ ဖိုး ရှိပါတယ်။

ဒီလိုကြီးမားတဲ့ အောင်မြင်မှုကြီးရရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ NNCC, YPNCC တို့မှ ကျွန်တော်တို့ရဲ့ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ဒီနေရာကနေ အလေးအနက် မှတ်တမ်းတင်ဖော်ပြလိုပါတယ်။

သတ်မှတ်ခေါ်ဝေါ်

အခုဆက်လက်ပြီး ၂၀၀၅ ခုနှစ်မှာ ထူးခြားစွာ အောင်မြင်ခဲ့တဲ့ Case 496 လို့ အမည်ပေးထားတဲ့ ဘိန်းဖြူဘလောက်တုံးများစွာ ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်ကိုလဲ အခွင့်အခါသင့်လို့ အကျဉ်းမျှ ရှင်းလင်းတင်ပြပါမယ်။ ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး ဘိန်းဖြူပမာဏဟာ ၄၉၆ ကီလိုရှိလို့ ဒီဖြစ်စဉ်ကို Case 496 လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့တာဖြစ်ပါတယ်။

အမှုဖြစ်စဉ်မှာ မြန်မာ–တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ နယ်စပ်သတင်းများ၊ သံသယပစ်မှတ်များကို စုံစမ်းဖော်ထုတ်ပြီး လပေါင်းများစွာ အပြန်အလှန် သတင်းဖလှယ် ညှိနှိုင်းဆောင်ရွက်ချက်အရ ဘိန်းဖြူသယ်ဆောင်မယ့် သတင်းတစ်ရပ်ကို အခိုင်အမာဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့မှာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နဲ့ မူးယစ်အထူးရဲတပ်ဖွဲ့တို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နောင်ချိုနဲ့ မိုင်းပျင်းကြား ကားလမ်းမပေါ်မှာ တပ်ဖျောက်စောင့်ဆိုင်းနေစဉ် ဘိန်းဖြူဘလောက်တုံး ၉၉၂ တုံး အလေးချိန် ၄၉၆ ကီလိုကို သယ်ဆောင်လာတဲ့ မော်တော်ယာဉ် ခုနစ်စီးကို လက်နက်ခဲယမ်းများ၊ ထိုင်းဘတ်ငွေ ၄၁ သိန်း၊ မြန်မာငွေကျပ် တစ်သိန်းနဲ့အတူ လျှပ်တစ်ပြက် အလစ်အငိုက်ယူ ဝိုင်းပတ်ပိတ်ဆို့ဖမ်းဆီးနိုင်ခဲ့ပါတယ်။ Case 496 မှာ ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ပြီး ထိရောက်တဲ့ ပြစ်ဒဏ်များချမှတ်ခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး တစ်ခုတည်းရဲ့ တန်ဖိုးဟာ မြန်မာငွေကျပ် သန်းပေါင်း ၃၉၆၈၀ သန်းရှိပြီး အမေရိကန်ဒေါ်လာအားဖြင့် ၆၂ သန်းကျော် ရှိပါတယ်။

အပြန်အလှန်သတင်းဖလှယ်

အဲဒီဖြစ်စဉ်မှာ အဓိကတရားခံ ဘိန်းဖြူဘလောက်တုံးပိုင်ရှင်ဟာ တရုတ် နိုင်ငံသား ဟန်ယုဝမ်ဆိုသူဖြစ်ပါတယ်။ သူဟာ တရုတ်နိုင်ငံဘက်မှာ မူးယစ် ဆေးဝါးမှုနဲ့ အလိုရှိနေတဲ့ တရားခံပြေးတစ်ယောက်ဖြစ်ပါတယ်။ ဟန်ယုဝမ်ဟာ ဒီမူးယစ်ဆေးဝါးသယ်ဆောင်မှုကို ထိုင်း–မြန်မာ နယ်စပ်တစ်နေရာကနေ စောင့်ကြည့်နေပြီး သူ့ရဲ့မူးယစ်ဆေးဝါးတွေ ဖမ်းဆီးခံရတယ် ကြားတာနဲ့ တပည့်ဖြစ်သူ အားစိုနှင့်အတူ နယ်စပ်ကနေတစ်ဆင့် လာအိုနိုင်ငံကို ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။ ထွက်ပြေးနေတဲ့ တရားခံ ဟန်ယုဝမ်တို့ကို ဖမ်းဆီးရမိဖို့အတွက် မြန်မာနိုင်ငံမူးယစ်ရဲတပ်ဖွဲ့ဝင်တွေဟာ တရုတ်၊ လာအို၊ ထိုင်း နိုင်ငံ မူးယစ်ရဲတပ်ဖွဲ့ဝင်တို့နဲ့ အပြန်အလှန်သတင်းဖလှယ် ပူးပေါင်းညှိနှိုင်းပြီး ဖမ်းဆီးနိုင်ရေးအတွက် တရားခံနောက် ထက်ကျပ်လိုက်ခဲ့ကြပါတယ်။ လာအိုနိုင်ငံရဲတပ်ဖွဲ့ကလဲ တရားခံကို အထူးတလည် လိုက်လံရှာဖွေဖော်ထုတ်ပေးခဲ့ပါတယ်။ ဒါကြောင့် ဟန်ယုဝမ်နဲ့ တပည့် အားစိုတို့ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှာ လာအိုနိုင်ငံ ဆန်နယ်ရွာမှာ လာအိုရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ တရားခံကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ မြန်မာနိုင်ငံက လွှဲပြောင်းရယူနိုင်ခဲ့ပါတယ်။

ကွင်းဆက်တရားခံများ ဆက်လက်စစ်ဆေး ဖော်ထုတ်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့မှာ မြန်မာနိုင်ငံ မူးယစ်ဗဟိုက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီတင်တဲ့ထံ တရားခံ ဟန်ယုဝမ်တို့နှစ်ဦးကို ရန်ကုန်မြို့ Seasons ဟိုတယ်မှာ လွှဲပြောင်းပေးခဲ့ပါတယ်။

ဒီလိုကြီးမားတဲ့ အောင်မြင်မှုကြီးရရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ တရုတ်၊ ထိုင်း၊ လာအိုနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ဒီနေရာကနေ အလေးအနက် မှတ်တမ်းတင်ဖော်ပြလိုပါတယ်။

မြန်မာနိုင်ငံတွင်းကို Ecstasy ဆေးပြားများ ပြည်ပနိုင်ငံကနေပြီး ဝင်ရောက်လာလို့ ဖော်ထုတ်ဖမ်းဆီးခဲ့တဲ့ ဖြစ်စဉ်တစ်ခုကိုလဲ တစ်ဆက်တည်း တင်ပြလိုပါတယ်။

Ecstasy ဆိုတဲ့ မူးယစ်ဆေးပြားဟာ စိတ်ကြွဆေးနဲ့ အာရုံပြောင်းဆေး နှစ်ခုစလုံးရဲ့ အာနိသင်ရှိပြီး သုံးစွဲသူရဲ့ခန္ဓာကိုယ်ဟာ လေထဲမှာ လွင့်မျောနေသကဲ့သို့ ခံစားမှုကိုရရှိပြီး ခံစားမှု အာရုံလွန်လာတဲ့အခါ တိုက်ပေါ်တွေမှ ခုန်ချသေဆုံးတတ်တဲ့အထိ စိတ်ကယောက်ကယက်ဖြစ်ပြီး အန္တရာယ်ကြီးမားတဲ့ မူးယစ်ဆေးတစ်မျိုးဖြစ်ပါတယ်။ သုံးစွဲသူဟာ ဆေးအရှိန်ကြောင့် အာရုံများ ရောယှက်ထွေပြားနေပြီး စိတ်ကူးနဲ့ ကြားယောင်ဟန်ရှိတဲ့ တီးလုံးအလိုက် ခေါင်းခါနေတဲ့အတွက် ခေါင်းခါဆေးလို့လဲ ခေါ်ကြပါတယ်။ Night Club တွေမှာ မနားတမ်း ကခုန်ပျော်မြူးနိုင်အောင်လို့ သုံးစွဲလေ့ရှိကြပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ဆေးပြားတစ်ပြားကို ငါးသောင်းမှ ခုနစ်သောင်းအထိ ဈေးရှိပါတယ်။

အကြိမ်ကြိမ်ခိုးဝှက်သယ်ဆောင်

ရန်ကုန်မြို့ K'Paradise ဟိုတယ်မှာ Ecstasy ဆေးပြားတွေကို လျှို့ဝှက်သုံးစွဲနေကြကြောင်း သတင်းရတဲ့အတွက် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာ မူးယစ်တပ်ဖွဲ့ဝင်တွေဟာ အသွင်အမျိုးမျိုးနဲ့ စောင့်ဆိုင်းဖမ်းဆီးတဲ့အခါမှာ ရဲကျော်(ခ)ကျော်ကျော်ဝင်းကို ကို သူဝတ်ဆင်ထားတဲ့ ဂျင်းဘောင်းဘီအိတ်ထဲက Ecstasy ဆေးပြားခြောက်ပြားနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဆက်လက်ပြီး သူနေထိုင်တဲ့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းမှာရှိတဲ့ တိုက်ခန်းကို ရှာဖွေတဲ့အခါမှာ Ecstasy ဆေးပြား ၂၉၂ ပြား စုစုပေါင်း မြန်မာကျပ်ငွေ တန်ဖိုး သိန်း ၂၄၂ သိန်းဖိုး ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ ရဲကျော်(ခ)ကျော်ကျော်ဝင်းကိုဟာ အမေရိကန်နိုင်ငံသားခံယူထားတဲ့ မြန်မာလူမျိုးဖြစ်ပြီး အဲဒီဆေးပြားတွေကို အားဆေးဘူးတွေထဲမှာ ထည့်သွင်းကာ အမေရိကန်ကနေ ရန်ကုန်ကို သူလာတဲ့အခေါက်တိုင်းမှာ လေကြောင်းကနေ အကြိမ်ကြိမ် ခိုးဝှက်သယ်ဆောင်တင်သွင်းလာခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁

ယူမီယူရီရှင်ဘွန်း သတင်းစာမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

နံနက်ခင်းသတင်းဂျာနယ်မှ ဦးဇန်ဇန် မေးမြန်းစဉ်။ (သတင်းစဉ်)

မဟာသတင်းဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ရွှေမန္တလေးဂျာနယ်မှ ဦးမျိုးမင်းမင်းက မေးမြန်းစဉ်။ (သတင်းစဉ်)

ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် မေးမြန်းစဉ်။ (သတင်းစဉ်)

နော်ခမ်းဟာလက်လွတ်ထွက်ပြေးပြီး သူ့ဆရာဟောင်း SSA-S ရှုက်ဆစ်ထံ ပြန်လည်ခိုလှုံသွား

နော်ခမ်းဟာ ရေပူစမ်းရွာအနီး ကော့ဖူးရွာမှာ ၂၀၀၅ခုနှစ်အထိ ဘိန်းဖြူတွေချက်ခဲ့ပြီး သူချက်လုပ်တဲ့ ဘိန်းဖြူနဲ့ စိတ်ကြွဆေးပြားတွေကို လာအိုနိုင်ငံသားတစ်ဦးဆီမှာ လက်နက်နဲ့ လဲလှယ်၊ ဒါ့အပြင် လက်နက်တွေကို တာချီလိတ်–ကျိုင်းတုံ–တာပင်း–မိုင်းလား–မိုင်းပေါက်–ပန်ဆန်းလမ်းကြောင်းအတိုင်း သယ်ယူလာခဲ့ကာ လက်နက်တွေနဲ့ ဘိန်းဖြူဘလောက်တုံးကို အပြန်အလှန် အလဲအလှယ်လုပ်နေတဲ့သူလဲဖြစ်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်မှုနဲ့ လက်နက်မှောင်ခိုမှုကို အများဆုံးကျူးလွန်ခဲ့သူဖြစ်။ နော်ခမ်းဟာ မူလ MTA အဖွဲ့ထဲမှာရှိစဉ်ကပင် ရှုက်ဆစ်ရဲ့ လက်ရင်းတပည့်ဖြစ်၊ အဲဒီနောက် MTA အဖွဲ့ လက်နက်ချအလင်းဝင်တဲ့အခါ ရှုက်ဆစ်နဲ့အတူပါလာ၊ နောက်ပိုင်းမှာ ရှုက်ဆစ်အဖွဲ့က MTA မှ ခွဲထွက်ပြီး ပြန်လည်တောခိုသွားတဲ့အချိန်မှာ နော်ခမ်းဟာ ရှုက်ဆစ်နဲ့ကွဲဟန်ပြပြီး ကျန်ရစ်ခဲ့၊ ခုနောက်ပိုင်း စစ်ဆေးဖော်ထုတ်ချက်များအရ တကယ်တော့ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှုများပြုလုပ်ပြီး SSA-S အဖွဲ့ကို ပံ့ပိုးနိုင်စေဖို့ အကြံကြီးလှတဲ့ ရှုက်ဆစ်ရဲ့အစီအမံနဲ့ နော်ခမ်းကိုကြိုတင်အကွက်ချ မြှုပ်နှံခဲ့ခြင်းဖြစ်၊ ဒါကြောင့်လဲ စစ်ဆင်ရေးမှာ မူးယစ်ဆေးဝါးဂိုဏ်းတစ်ခုလုံးနဲ့ လက်နက်ခဲယမ်းများကို ဖော်ထုတ်ဖမ်းဆီး ဖြိုခွင်းခံရပြီလို့လဲသိရော နော်ခမ်းဟာ လက်လွတ်ထွက်ပြေးပြီး သူ့ဆရာဟောင်း SSA-S ရှုက်ဆစ်ထံ ပြန်လည်ခိုလှုံသွားခဲ့။

စာမျက်နှာ ၁၁ မှ

Ecstasy ဆေးပြားတွေကို ပြည်တွင်းမှာ အဓိကဖြန့်ဖြူးပေးသူက တော့ ပြည်ပနိုင်ငံတစ်ခုကို ထွက်ပြေးတိမ်းရှောင်လျက်ရှိလို့ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ အမေရိကန်နိုင်ငံဘက်က Ecstasy ဆေးပြား များရောင်းချသူကိုလဲ ဖော်ထုတ်အရေးယူနိုင်ဖို့နဲ့ အမှုကွင်းဆက်တရားခံ တွေကို ဖမ်းဆီးရမိဖို့အတွက် ကျွန်တော်တို့မူးယစ်ဗဟိုနဲ့ DEA တို့ သတင်း ဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီလိုကြီးမားတဲ့ အောင်မြင်မှု ကြီးရရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ DEA မှ ကျွန်တော်တို့ရဲ့ မိတ်ဆွေ များအားလုံးကို အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ဒီနေရာကနေ အလေး အနက် မှတ်တမ်းတင် ဖော်ပြလိုပါတယ်။

ယခုတစ်ဖန် မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသမိုင်းမှာ အကြီးမားဆုံးအောင်မြင်မှုတစ်ခုကို ဆက်လက် တင်ပြလိုပါတယ်။

ဖြစ်စဉ်ကတော့ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့ကနေ ၂၀၀၆ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ တာချီလိတ်ခရိုင်ထဲမှာ ဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါး စစ်ဆင်ရေးတစ်ခုမှာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ဒသမ၉သန်းကျော်၊ ဘိန်းဖြူ ကီလို ၅၀၊ ဘိန်းညို ကီလို ၁၀၀၀ကျော်၊ ဘိန်းမဲ ၂၈ ကီလို၊ ဓာတုဆေးရည် များဖြစ်တဲ့ အက်ဖီဒရင်း ၇၂၁ဒသမ၂၄ ကီလို၊ ကဖင်း ၁၇၀၆ ကီလို၊ လွိုင် ဇော ၈၇၆ဒသမ၆ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၇၂၇ လစ်တာနဲ့ လက်နက်မျိုးစုံ ၁၉၆ လက်၊ ကျည်မျိုးစုံ ၂၇၀၀၈ တောင့်၊ လက်ပစ်ဗုံး ၄၈လုံး၊ မော်တော်ယာဉ် ၅၇စီး၊ တရားခံ ၃၃ဦး ဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးချည်းသက်သက် တန်ဖိုးနဲ့တွက် ရင်တောင် ကာလပေါက်ဈေးအရ မြန်မာငွေကျပ် ၁၂၅ဒသမ၄၃ ဘီလီယံ ရှိပြီး အမေရိကန်နိုင်ငံရဲ့ လက်ရှိဈေးကွက်တန်ဖိုးနဲ့ဆိုရင် အမေရိကန် ဒေါ်လာအားဖြင့် ၁ဒသမ၄ ဘီလီယံတန်ဖိုးရှိပါတယ်။

ဒီဖြစ်စဉ်ဟာ မူးယစ်အထူးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်တပ်ရင်းတပ်ဖွဲ့များရဲ့ စည်းလုံးညီညွတ်စွာဖြင့် ကွင်းဆက် မိမိ ကွင်းပြည့်နင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ မူးယစ်ဗဟိုနှင့် တရုတ်နိုင်ငံ NNCC၊ ထိုင်းနိုင်ငံ ONCB တို့ ဆက်စပ်ဆောင်ရွက်မှုတွေကြောင့် ရရှိခဲ့တဲ့ ကြီးမားတဲ့အောင်မြင်မှုရလဒ်တစ်ခုလဲဖြစ်ပါတယ်။

အချိန်ကြာမြင့်စွာစောင့်ကြည့်ခဲ့

ဒီဖြစ်စဉ်ကို ပြန်လည်ပုံဖော်ပြောကြားရရင် ကာလကြာရှည်စွာ ထောက် လှမ်း တည်ဆောက်ထားတဲ့ ပြည်တွင်းပြည်ပ သတင်းအချက်အလက်များအရ တာချီလိတ်မြို့ ဝိန်းကျောက်ရွာမှာရှိတဲ့ တရုတ်လူမျိုး ရန်အားဟုန်ဆိုသူရဲ့ နေအိမ်မှာ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုလုပ်ငန်း လုပ်ဆောင် လေ့ရှိကြောင်း သတင်းရရှိခဲ့တဲ့အတွက် တာချီလိတ် မူးယစ်အထူးအဖွဲ့က ပစ်မှတ် ရန်အားဟုန်ရဲ့နေအိမ်ကို လပေါင်းများစွာ အချိန်ကြာမြင့်စွာ စောင့် ကြည့်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ စိတ်ကြွရူးသွပ်ဆေးပြား များ ထုပ်ပိုးလေ့ရှိတဲ့ ပလတ်စတစ်အိတ်ငယ်လေးတွေကို တာချီလိတ်မှ မှာယူနေကြောင်းကို ထိုင်းနိုင်ငံ ONCB မှ မူးယစ်ဗဟိုသို့ သတင်းဖလှယ် ပေးပို့လာပါတယ်။ အဲဒီသတင်းနဲ့ မူးယစ်ဗဟိုက ယခင်ရပြီး သတင်းတို့ကို ပေါင်းစပ်ပြီး ရုပ်လုံးဖော်တဲ့အခါမှာ ရန်အားဟုန်နဲ့ MTA ဟောင်း အလင်း ဝင် စိုင်းပန်းမောင်တို့ဟာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုတွေ ပြု လုပ်နေတာကို ပုံဖော်ရရှိခဲ့ပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့မှာ တာချီလိတ်မှာရှိတဲ့ MTA ဟောင်း စိုင်းပန်းမောင်ရဲ့နေအိမ်ကို တားဆီးနှိမ်နင်းရေး ပူးပေါင်းတပ်ဖွဲ့ဝင် များက ဝင်ရောက်ရှာဖွေခဲ့ပြီး စိုင်းပန်းမောင်နဲ့အတူ သူ့ရဲ့တပည့်သုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ပြားနဲ့အတူ စတင်ဖမ်းဆီးရမိခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ရန်အားဟုန်ရဲ့နေအိမ်နဲ့ စိုက်ပျိုးရေးခြံကို ဝင်ရောက် ရှာဖွေခဲ့ပါတယ်။ ရန်အားဟုန်ရဲ့အိမ်မှာ သူ့ရဲ့တပည့်ကျော်ဆွေကို ဖမ်းဆီးရမိ ခဲ့ပြီး စိုက်ပျိုးရေးခြံနဲ့ သူ့အိမ်ကနေ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၈၀၀၀၊ လက်နက်မျိုးစုံ ရှစ်လက်၊ ကျည်မျိုးစုံ ၁၅၇၅တောင့်၊ လက်ပစ်ဗုံး တစ်လုံးနဲ့ မူးယစ်ဆေးဝါးချက်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ဓာတုဗေဒ ပစ္စည်းများဖြစ်တဲ့ အက်ဖီဒရင်း၂၁၃ကီလို၊ ကဖိန်း ၁၆ကီလို၊ လွိုက်ဇော ၈၇၆ဒသမ၆လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ဂါလန်၃၆၀၊ ဆာလဖျူရစ်အက်စစ် ၂၂ဒသမ၂၅ လစ်တာ၊ ဘိန်းမည်း ၂၃ဒသမ၅ကီလို၊ စိတ်ကြွဆေးပြား ရိုက်စက်တစ်လုံးနဲ့ မော်တော်ယာဉ်သုံးစီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

စစ်ကြောဖော်ထုတ်ချက်တွေအရ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်း ကျေးရွာအုပ်စု စန်းလုကျေးရွာဘက်မှာ စိတ်ကြွရူးသွပ်ဆေးပြားများစွာ သိုဝှက် ထားကြောင်း သတင်းကွင်းဆက် ဖော်ထုတ်ရရှိခဲ့ပါတယ်။ ပူးပေါင်းတပ်ဖွဲ့ဝင် များဟာ စန်းလုကျေးရွာကို ကွင်းဆင်းသွားရောက်ပြီး ကျေးရွာခေါင်းဆောင် များနဲ့ ကျေးရွာပြည်သူလူထုကို စည်းရုံးဟောပြောဆွေးနွေးခဲ့ပါတယ်။ အဲဒီ အခါမှာ တာဝန်သိကျေးရွာပြည်သူလူထုနဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ စည်းရုံးဆောင်ရွက်မှုကြောင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှာ လွယ်တော် ခမ်းကျေးရွာအုပ်စု ဟိုရဲရွာအထက် လျှိုထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၂၀၀၀၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့မှာ တာချီလိတ်–မိုင်းဆတ်ကားလမ်းဘေးရှိ ချုံတောထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၄၄၀၀နဲ့ အဲဒီနေ့မှာပဲ ကားလမ်း ဝဲဘက်လျှိုထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၁၅၅၆၄၀၀ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

ဆက်လက်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့မှာ တာချီလိတ်မြို့နယ်၊ ဝမ်ကျောက်လုံကျေးရွာရှိ နော်ခမ်းရဲ့ ငါးကန်ခြံဝင်းကို ဝင်ရောက်စီးနင်းရှာဖွေရာ နော်ခမ်းဟာထွက်ပြေး တိမ်းရှောင် သွားပေမယ့် သူ့ရဲ့တပည့်သုံးဦးနဲ့အတူ ဘိန်းဖြူဘလောက်တုံး ၄၁တုံး၊ စိတ်ကြွဆေးပြား ၁၃၆၉၈၀၀၊ ကဖင်း ၁၂၄၆ကီလို၊ အက်ဖီဒရင်း ၄၆၂ကီလို၊ လက်နက်မျိုးစုံ ၃၇လက်၊ ကျည်မျိုးစုံ ၄၉၅၇ တောင့်၊ လက်ပစ်ဗုံးလေးလုံး တို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့ ၁၅၃၀အချိန်ခန့်မှာ ဝမ်ကျောက်လုံ ရွာမှရှိတဲ့ နော်ခမ်းရဲ့ခြံထဲမှာ မြေမြှုပ်ထားတဲ့စိတ်ကြွဆေးပြား ၅၀၀၀၀၊ ကဖင်း ၂၀ဒသမ၁ကီလို၊ ဘိန်းညိုခဲ ၁၀၀၀ ကီလို၊ စိတ်ကြွဆေးပြားအကြေ ၀ဒသမ၄ကီလို၊ ဘိန်းဖြူ ၀ဒသမ၁ကီလို၊ ၉မမပစ္စတို တစ်လက်၊ ကျည်မျိုးစုံ ၁၁၇၈တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ရှေ့ထွက်မိုင်း၊ နင်းမိုင်း ၁၄ခု၊ စနက်တံ၊ ယမ်းမျိုးစုံ ၂၇ခုနဲ့ လိုင်စင်မဲ့မော်တော်ယာဉ် ၁၅စီးတို့ကို ထပ်မံရှာဖွေ ဖမ်းဆီးရမိခဲ့ပါတယ်။

ဖမ်းဆီးရမိထားသူတွေကို စစ်ကြောဖော်ထုတ်ချက်များအရ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၄ရက်မှာ အောက်မိုင်းဟဲအုပ်စု ပန်ကူရွာကိုသွားရောက်ရှာဖွေတဲ့ အခါ လက်နက်မျိုးစုံ ၄၂လက်၊ ကျည်မျိုးစုံ၂၄တောင့်၊ ဆေးပြားရိုက်စက် တစ်လုံး၊ ဖေဖော်ဝါရီလ ၄ရက်နေ့မှာ ပန်ကူရွာကျောက်ဂူအတွင်းမှ စိတ်ကြွဆေး ပြားရှစ်သိန်း၊ ပန်စလိရွာရဲ့ အရှေ့ဘက် တောင်ကြောပေါ်က မြေကျင်းထဲမှာ မြှုပ်ထားတဲ့ စိတ်ကြွရူးသွပ်ဆေးပြား ၁၃သိန်းကို ထပ်မံဖော်ထုတ်သိမ်းဆည်း ရမိခဲ့ပါတယ်။

ဘိန်းဖြူချက်ရန်နေရာရွေး

၂၀၀၆ခုနှစ် မတ်လ၉ရက်နေ့မှာ နော်ခမ်းရဲ့ တာချီလိတ်မြို့၊ဝမ်ကျောက် လုံခြံမှာ လက်နက်မျိုးစုံ ၁၄လက်၊ ဗုံးသီး ၁၅လုံး၊ လက်ပစ်ဗုံး ၁၆လုံး၊ ကျည် မျိုးစုံ ၁၅၈၀တောင့်၊ ဒသမ ၃၅ကီလိုဂရမ်ရှိတဲ့ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ WYတံဆိပ်ဆေးပြားရိုက်မိုတစ်ခုတို့ကို ထပ်မံဖော်ထုတ် တွေ့ရှိခဲ့ ပါတယ်။ စစ်ကြောဖော်ထုတ်ချက်တွေအရ အခုဖြစ်စဉ်မှာ စိုင်းပန်းမောင်၊ ရန်အားဟုန်နဲ့ နော်ခမ်းတို့ အဓိကပါဝင်နေကြကြောင်း၊ စိုင်းပန်းမောင်နဲ့ ရန်အားဟုန်တို့ဟာ MTAအဖွဲ့ဝင်ဟောင်းများဖြစ်ပြီး ၁၉၉၆ခုနှစ်မှာ MTA ကနေ အနားယူပြီးနောက် တာချီလိတ်၊ ပါလျှိုး၊ ကျိုင်းလတ်ဒေသမှာ စိုက်ပျိုးရေးကို ဘန်းပြပြီး ၂၀၀၁ခုနှစ်မှာ လာအိုနိုင်ငံ၊ ကျိုင်းကုတ်အပိုင်းမှာ ရှိတဲ့ ကျောက်ဂူဆိုတဲ့စခန်းမှာ ဘိန်းဖြူချက်ရန် နေရာရွေးခဲ့ကြောင်းသိရပါတယ်။ အဲဒီ ကျောက်ဂူစခန်းဟာ တောတောင်ထူထပ်ပြီး လူအရောက်အပေါက် မရှိတာရယ်၊ မြန်မာနိုင်ငံဘက်မှ လက်လှမ်းမမီတဲ့နေရာ ဖြစ်တာရယ်၊ ဘိန်းစိမ်း တွေကို လွယ်လင့်တကူ ဝယ်ယူရရှိတာရယ်၊ မြန်မာ–လာအို နှစ်နိုင်ငံပူးပေါင်း စစ်ဆင်ရေးနဲ့ ဘိန်းချက်စက်ရုံကို စီးနင်းမယ်ဆိုရင် မဲခေါင်မြစ်အတိုင်း စက်လှေနှင့် အချိန်မရွေးပြောင်းရွှေ့သွားနိုင်တာရယ်၊ အဲဒီဘိန်းချက်စခန်းသို့ ပြည်ပမှ ဓာတုပစ္စည်းများ အလွယ်တကူ သယ်ယူနိုင်တာရယ်တို့ကြောင့် ကျောက်ဂူစခန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောက်ဂူစခန်းမှာ ဘိန်းဖြူ ချက်လုပ်ဖို့အတွက် လိုအပ်တဲ့ ဓာတုဆေးရည်တွေကိုလဲ ထိုစဉ်အခါက တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံဘက်က သယ်ဆောင်တင်သွင်းခဲ့ပါတယ်။ ကျောက်ဂူ စခန်းမှာ ၂၀၀၁ခုနှစ်အတွင်း ဘိန်းဖြူဘလောက်တုံး၁၄၁တုံး အလေးချိန် ၉၈ ဒသမ၇ ကီလိုချက်လုပ်ခဲ့ပါတယ်။

နော်ခမ်းဟာ ရေပူစမ်းရွာအနီး ကော့ဖူးရွာမှာ ၂၀၀၅ခုနှစ်အထိ ဘိန်းဖြူတွေချက်ခဲ့ပြီး သူချက်လုပ်တဲ့ ဘိန်းဖြူနဲ့ စိတ်ကြွဆေးပြားတွေကို လာအိုနိုင်ငံသားတစ်ဦးဆီမှာ လက်နက်နဲ့ လဲလှယ်ပါတယ်။ ဒ့ါအပြင် လက်နက်တွေကို တာချီလိတ်–ကျိုင်းတုံ–တာပင်း–မိုင်းလား–မိုင်းပေါက်– ပန်ဆန်းလမ်းကြောင်းအတိုင်း သယ်ယူလာခဲ့ကာ လက်နက်တွေနဲ့ ဘိန်းဖြူ ဘလောက်တုံးကို အပြန်အလှန် အလဲအလှယ်လုပ်နေတဲ့သူလဲဖြစ်ပြီး မူးယစ် ဆေးဝါးရောင်းဝယ်ထုတ်လုပ်မှုနဲ့ လက်နက်မှောင်ခိုမှုကို အများဆုံးကျူးလွန် ခဲ့သူဖြစ်ပါတယ်။ နော်ခမ်းဟာ သတင်းများအရ ရွက်ဆစ်ဦးစီးတဲ့ SSA-S အဖွဲ့ထဲကို ဝင်ရောက်ခိုလှုံသွားကြောင်း သိရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ နော်ခမ်းအကြောင်းအနည်းငယ် ဖြည့်စွက် တင်ပြလိုပါတယ်။ နော်ခမ်းဟာ မူလ MTA အဖွဲ့ထဲမှာ ရှိစဉ်ကပင် ရွက်ဆစ်ရဲ့ လက်ရင်းတပည့်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် MTA အဖွဲ့ လက်နက်ချအလင်းဝင်တဲ့အခါ ရွက်ဆစ်နဲ့အတူပါလာခဲ့ပါတယ်။ နောက်ပိုင်း မှာ ရွက်ဆစ်အဖွဲ့က MTA မှ ခွဲထွက်ပြီး ပြန်လည်တောခိုသွားတဲ့အချိန်မှာ နော်ခမ်းဟာ ရွက်ဆစ်နဲ့ကွဲဟန်ပြပြီး ကျန်ရစ်ခဲ့ပါတယ်။ အခုနောက်ပိုင်း စစ်ဆေးဖော်ထုတ်ချက်များအရ တကယ်တော့ မူးယစ်ဆေးဝါးနှင့် လက်နက် မှောင်ခိုမှုများပြုလုပ်ပြီး SSA-S အဖွဲ့ကို ပံ့ပိုးနိုင်စေဖို့ အကြံကြီးလှတဲ့ ရွက်ဆစ်ရဲ့အစီအမံနဲ့ နော်ခမ်းကို ကြိုတင်အကွက်ချ မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးမှာ မူးယစ်ဆေးဝါး ဂိုဏ်းတစ်ခုလုံးနဲ့ လက်နက်ခဲယမ်းများကို ဖော်ထုတ်ဖမ်းဆီး ဖြိုခွင်းခံရပြီ လို့လဲသိရော နော်ခမ်းဟာ လက်လွတ်ထွက်ပြေးပြီး သူ့ဆရာဟောင်း SSA-S ရွက်ဆစ်ထံ ပြန်လည်ခိုလှုံသွားခဲ့ခြင်းဖြစ်ပါတယ်။

တစ်နည်းဆိုရင် တာချီလိတ်တစ်ဝိုက်မှာ ဖမ်းဆီးရမိခဲ့တဲ့ လက်နက် ၁၉၆လက်ဟာ SSA-S ရွက်ဆစ်ရဲ့ အစီအစဉ်နဲ့ စနစ်တကျ အကွက်ချ ကြိုတင်စုဆောင်း သိုဝှက်ထားတဲ့ လက်နက်များဖြစ်ပါတယ်။ ဒါကြောင့် SSA-S ရွက်ဆစ်ဟာ လက်နက်မှောင်ခိုဂိုဏ်းခေါင်းဆောင်ကြီးဖြစ်တယ်။ မူးယစ်ဆေးဝါးရောင်းဝယ်နေတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးလဲဖြစ်တယ်။ လက်နက် မှောင်ခိုမှုနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုတွေကိုလုပ်ဆောင်ရင်း အပြစ်မဲ့ တိုင်းရင်းသားပြည်သူတွေကို သတ်ဖြတ်မှုများ၊ ရက်စက်မှုများ အနိုင်ကျင့် နှိပ်စက်မှုများအား ကြိုးကိုင်လုပ်ဆောင်နေတဲ့ နိုင်ငံဖြတ်ကျော် အကြမ်းဖက် ဂိုဏ်းခေါင်းဆောင်ကြီးဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ယခုကျွန်တော်တင်ပြနေတဲ့ တာချီလိတ်ဖြစ်စဉ်မှာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုအပိုင်းဟာ လွန်စွာအရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ခဲ့ပါတယ်။ ပြန်ပြောင်းတင်ပြရရင် တရားခံ ရန်အားဟုန်ဟာ ထွက်ပြေးတိမ်းရှောင်နေတဲ့ အတွက် ရန်အားဟုန်ကို ဖမ်းဆီးပေးသော မူးယစ်ဗဟိုက တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် NNCC၊ ထိုင်းနိုင်ငံ မူးယစ် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ONCB၊ ရန်ကုန်အခြေစိုက် DEA ရုံးတို့နဲ့ ပူးပေါင်းပြီး တရားခံပြေး ရန်အားဟုန် ရှိနိုင်တဲ့နေရာတွေကို အချိန်နှင့် တစ်ပြေးညီဖော်ထုတ်နိုင်အောင် သတင်းဖလှယ် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။

စစ်ဆေးကြည့်ရှုအတည်ပြု

တရုတ်နိုင်ငံ NNCC က ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့မှာ ရန်အားဟုန်(ခ)ကျန်းဝေလင်း(ခ)စန်းဝေလင်း(ခ)ကြည်ဝင်းကို ရှန်ဟိုင်းမြို့မှာ ခြေရာခံမိထားကြောင်း အကြောင်းကြားတဲ့အတွက် မိမိတို့ဘက်က ပိုမို သေချာခိုင်လုံအောင် တရားခံပြေးရဲ့ ပုံပန်းသဏ္ဌာန်၊ ဓာတ်ပုံတွေကို တောင်း ယူပြီး ဖမ်းဆီးပေးသူတွေထံ ပြသတိုက်ဆိုင် စစ်ဆေးကြည့်ရှု အတည်ပြုခဲ့ပါ တယ်။ အဲဒီနောက် သေချာမှ ဖမ်းဆီးဖို့ အကြောင်းကြားစီစဉ်ခဲ့တာကြောင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလ၆ရက်နေ့မှာ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဖူတုံးမြို့နယ် ဘိုးလမ်း အမှတ်၁၂၀ရှိ သူ့ရဲ့နေအိမ်မှာ ရန်အားဟုန်ကို ဖမ်းဆီးရမိခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်ဦးဆောင်တဲ့ အဖွဲ့ဝင်ငါးဦးတို့ဟာ တရုတ်နိုင်ငံ ကူမင်းမြို့ကို သွားရောက်ပြီး ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ တရားခံ ရန်အားဟုန်ကို ကူမင်းလေဆိပ်မှာ NNCC ထံမှ လွှဲပြောင်း လက်ခံခဲ့ပါတယ်။ ဒ့ါအပြင် ထွက်ပြေးတိမ်းရှောင်နေတဲ့ အခြားတရား ခံတွေကို ဖမ်းဆီးရမိဖို့အတွက်လဲ ထိုင်းနိုင်ငံ ONCB, NNCC, DEA နဲ့ AFP တို့က ပူးပေါင်းကူညီဖော်ထုတ်ပေးလျက်ရှိပါတယ်။ ဒီလိုကြီးမားတဲ့ အောင်မြင်မှုကြီးရရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ DEA, AFP, ONCB, NNCC တို့မှ ကျွန်တော်တို့ရဲ့ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ဒီနေရာကနေ အလေးအနက် မှတ်တမ်းတင်ဖော်ပြလို ပါတယ်။

ဒီဖြစ်စဉ်လေးခုမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နိုင်ငံတကာအဖွဲ့ အစည်းတွေ၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအပြင်၊ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနဲ့ ဒေသတွင်း DEA အဖွဲ့အစည်း တွေက လိုက်လိုက်လှဲလှဲ အပင်ပန်းအနစ်နာခံပြီး ညီရင်းအစ်ကိုပမာ ချစ်ကြည် စွာ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့် အခုလို နိုင်ငံတကာနဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဂိုဏ်းကြီးတွေကို အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတကာက ရွှေတြိဂံနယ်မြေနဲ့ ဆက်စပ်သိရှိနေတဲ့ မြန်မာနိုင်ငံ အပေါ် မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး အမျိုးမျိုးစွပ်စွဲ ပုတ်ခတ်နေကြပေမယ့် တကယ်တော့ ဒါတွေဟာ ပုံဖျက်ထားတဲ့ သတင်းမှားများနဲ့ နောက်ကြောင်း ဖြစ်ရပ်မှန်များကို မျက်ကွယ်ပြုထားခြင်းများ အရံအပေါ်ယံကွက်ကွက်ကလေး ကိုသာ ပြောဆိုသိမြင်နေကြခြင်းသာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံအချို့ရဲ့ မီဒီယာတွေ နဲ့ အင်တာနက်ထဲမှာ မြန်မာအစိုးရက မူးယစ်ဆေးဝါးကိစ္စတွေနဲ့ ပါဝင်ပတ်သက်နေတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အားတက် သရော မလုပ်ဘူးလို့ စွပ်စွဲထားတာတွေ ရှိပါတယ်။

လက်တွေ့အခြေအနေမှာတော့ မူးယစ်ဆေးဝါးဟာ မြန်မာလူမျိုးတစ်မျိုး တည်းရဲ့ အန္တရာယ်သာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံး၊ လူသားမျိုးနွယ် တစ်ရပ်လုံး လူညွန့်တုံးစေတဲ့ အန္တရာယ်ဖြစ်တယ်ဆိုတာကို မြန်မာနိုင်ငံအနေနဲ့ အထူးအလေးထားခံယူထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုး သားရေး တာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်ဆိုတာ အထင်အရှား တွေ့ရှိရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ မြန်မာနိုင်ငံ အနေနဲ့ ရှိသမျှသယံဇာတ အရင်းအမြစ်တွေကို အခြေခံပြီး ပြင်ပမှ အကူအညီ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ယုံကြည်မှု သတင်းဂျာနယ်မှ ဦးအောင်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

SSA-S ရွက်ဆစ်အဖွဲ့မှလက်နက်ချ အလင်းဝင်ရောက်လာသူ လားဟူတိုင်းရင်းသား ကိုရှေလ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ºSSA-Sရွက်ဆစ်အဖွဲ့၏အတင်းအဓမ္မလူသစ်စုဆောင်းခြင်းခံရပြီး လက်နက်ချအလင်းဝင်ရောက်လာသူ အိုက်အင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ထီးတခုကျေးရွာမှ ဦးကျော် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)



နောင်တေး ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

SSA-S ရွက်ဆစ်အဖွဲ့၏ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံရသူ လားဟူတိုင်းရင်းသား ကိုမာကူး မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး H.E. Mr. Soubanh Srithirath နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez တို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

ဒုတိယဥက္ကဋ္ဌနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Foreign Anti Narcotics and Crime Community (FANC) အဖွဲ့ဝင် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ကနေဒါ၊ ဂျပန်၊ နယူးဇီလန်နှင့် ဘယ်လ်ဂျီယံ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားကြသော ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၂)နှင့် အထူးဒေသ(၄) တို့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်း အဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံမှ သတင်းစာနှင့် ရုပ်မြင်သံကြားဌာနတို့မှ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများနှင့် SSA-S ရွက်ဆစ် အဖွဲ့မှ လက်နက်ချ အလင်းဝင်ရောက်လာကြသူများ တက်ရောက်ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆) တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စွမ်းဆောင်အောင်မြင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို ကျောမျက်နှာဖုံးမှစ၍ သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်တွင်း ပြည်ပအဖျက်သမားများက နိုင်ငံရေးကိစ္စ ဗန်းပြပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှု အပါအဝင် အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စား ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို ရှေ့မျက်နှာဖုံးမှစ၍ သီးခြားဖော်ပြထားပါသည်။)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် သတင်းထောက်များ၏ မေးမြန်းချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တို့ကလည်းကောင်း၊ SSA-S ရွက်ဆစ် အဖွဲ့၏ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံရပြီး လက်နက်ချအလင်းဝင် ရောက်လာသူ အိုက်အင်၊ SSA-S ရွက်ဆစ် အဖွဲ့၏ ရွာလုံးကျွတ်မီးရှို့ ဖျက်ဆီးခြင်းခံရသော မော့မွန်းကျေးရွာ အုပ်စု ထီးတခုကျေးရွာမှ ပအိုဝ်း တိုင်းရင်းသား ဦးကျော်နှင့် နောင်တေး ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်၊ SSA-S ရွက်ဆစ်အဖွဲ့မှ လက်နက်ချအလင်း ဝင်ရောက်လာသူ လားဟူတိုင်းရင်း သား ကိုရှေလနှင့် SSA-S ရွက်ဆစ် အဖွဲ့၏ အတင်းအဓမ္မ လူသစ်စုဆောင်း ခြင်းခံရသူလားဟူတိုင်းရင်းသား ကိုမာကုတို့ကလည်းကောင်း အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာ ရှင်းလင်းပွဲကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ဧည့်သည်တော်များ၊ပြည်တွင်းပြည်ပမှသတင်းစာ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ

ဆရာများသည် သတင်းစာရှင်းလင်းပွဲ၌ပြသထားသော NCUB, DAB, NDF,NLD-LAနှင့်ABSDFတို့၏ ပူးပေါင်းဆက်သွယ်မှုနှင့် ဖွဲ့စည်းပုံ၊ NCUB,FTUB,NDD,NLD-LA အဖွဲ့တို့မှ ပြည်တွင်း ဆူပူလှုပ်ရှားမှုဖြစ်စေရန် ဆက်သွယ်ကြိုးပမ်း ဆောင်ရွက်မှုများ၊ SSA-S ရွက်ဆစ်အဖွဲ့၏ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်မှုများ၊ SSA-Sရွက်ဆစ်အဖွဲ့၏ အဓမ္မလူသစ်စုဆောင်းမှု မှတ်တမ်းဓာတ်ပုံများ၊ NCUB, FTUB, ABSDF, NLD-LA, NDD ပြည်ပြေး အကြမ်းဖက်သမားများ၏ မိုင်းခွဲလူသတ်လုပ်ရပ်များ၊၇-၅-၂၀၀၅ ရက်တွင် ရန်ကုန် သုံးနေရာ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများနှင့် အကြမ်းဖက်သမားများ၏ မိုင်းထောင်မှုများအား ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ တာချီလိတ်ဖြစ်စဉ်၊ (၄၉၆)ဖြစ်စဉ်၊ စိုးစံဖုန်ဖြစ်စဉ်၊ မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းနာနိဿယ၊ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်း၊ ပန်းတိုင်သစ်စီမံကိန်း၊ မြန်မာ – အမေရိကန် ပူးပေါင်းဘိန်းခင်း တိုင်းတာရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖမ်းဆီး မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း မှတ်တမ်းဓာတ်ပုံများ၊ စာရင်းဇယားများကိုလည်းကောင်း၊ ၂၆-၁၂-၂၀၀၅မှ ၁၉-၄-၂၀၀၆ အထိ တာချီလိတ်ဒေသ မူးယစ်ဆေးဝါး အမှုများတွင်သိမ်းဆည်းရမိသောလက်နက်ငယ်မျိုးစုံ ၁၉၆ လက်နှင့် ခဲယမ်းမီးကျောက်များကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကိုကျင်းပရာရှေးဦးစွာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီဝင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပဏာမ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး H.E. Mr. Soubanh Srithirath နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez တို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြသည်။

ယနေ့ အခမ်းအနားတွင် ဖျက်ဆီးလိုက်သောမူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒဆေးများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းသုံး ပစ္စည်းများမှာ ဘိန်း ၇၃ ဒသမ ၉၆၀၄၇ ကီလို၊ ဘိန်းဖြူ ၅၃ ဒသမ ၉၅၇၆ ကီလို၊ ဘိန်းဆီ တစ်လစ်တာ၊ အဆင့်နိမ့်ဘိန်း ၃ ဒသမ ၂၄၃၆ကီလို၊ ဘိန်းညိုခဲ ကီလို၁၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၃ ဒသမ ၆၀၃၉ ကီလို၊ စိတ်ကြွဆေး(အကြေ) ၈၀ ဒသမ၉၄၁၁ ကီလို၊ ဆေးခြောက် ၀ ဒသမ ၃၅၅ ကီလို၊ အိုက်(စ်) ပုံဆောင်ခဲ ၀ ဒသမ ၀၁၅၁ ကီလို၊ Ecstasy ဆေးပြားနှစ်ပြား၊ ဆေးပြားရိုက်စက် အစိတ်အပိုင်း လေးခု၊ တံဆိပ်ရိုက်မို အခု ၃၀၀၊ မိုပိတ် ၁၁၇ ခု၊ အီသိုင်းအယ်လ်ကိုဟော တစ်လစ်တာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၁၃၈ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၇၂၇ ဒသမ ၄၈ လစ်တာ၊ အက်ဖီဒရင်း ၇၂ ဒသမ ၂၀၁၄ ကီလို၊ ကဖင်း ၁၇၅၀ ဒသမ ၆ ကီလို၊ အမိုးနီးယားမှုန့် ၀ ဒသမ ၀၃ ကီလို၊ အရိုးမီးသွေး ၁၈၅ ကီလို၊ အရောင်တင်မှုန့် ၁၁ ဒသမ ၅ ကီလို၊ အရောင်မဲ့အရည် ခုနစ်လစ်တာ၊ အနံ့ဆေးရည် ၆၈ လစ်တာ၊ ကလိုရိုဖောင်း ၂၂ ဒသမ ၇၄ လစ်တာ၊ လိုင်ဇော ၈၇၆ ဒသမ ၆ လစ်တာ၊ ဘလောက်တုံးလုပ်သည့် သံကိုယ်ထည် အစိတ်အပိုင်း သုံးခု၊ အပြာရောင်အိတ်ခွံငယ် ၁၇၃ ကီလိုနှင့် ဘိန်းမျိုးစေ့ ကီလို ၅၁၀ တို့ဖြစ်သည်။

ယင်းမူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ ဓာတုဗေဒဆေးများ၏ ကာလတန်ဖိုးမှာ အမေရိကန်နိုင်ငံ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး ဒေါ်လာသန်းပေါင်း ၁၄၁၁သန်းရှိကြောင်း သိရှိရသည်။

ယနေ့ ကျင်းပသော သတင်းစာရှင်းလင်းပွဲသို့ ထိုင်းနိုင်ငံရှိ Thai Rat, Bangkok Post, Matichon သတင်းစာများ၊ Channel-7နှင့်TTV ရုပ်မြင်သံကြားတို့မှသတင်းထောက်များလည်း တက်ရောက် သတင်းယူကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)သို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဘိန်းဖြူသယ်ဆောင်လာသော စိုးစံဖုန် စက်လှေအား တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ဧပြီ ၂၉ ရက်တွင် တပ်မတော်ခန်းမ၌ပြသမည်

ရန်ကုန် ဧပြီ ၂၇

ပဉ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ရက်သတ္တပတ်(နည်းပညာပြပွဲ) ၂၀၀၆ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၂၈ ရက်အစား ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၄-၂၀၀၆ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀	၈။	ယာကြီးရေထိန်းတမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	English For Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သချာ်အထူးပြု၊ ဓာတုဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သချာ်)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၈။	**"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၅၀	၉။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင်ရွှေညာဏ်ရှင်
၁၉း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၄)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေနေ"** (အပိုင်း–၁)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကန်တော်ကြီးရေချိုငါးဥယျာဉ် (အပိုင်း–၂)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	အမျိုးသားပြတိုက် မြန်မာအကွရာနှင့် လက်ရေးမူပြခန်း
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	Myanmar Video Rhythm
၈း၄၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဆွေးနွေးခန်း)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ရှားပါးစာအုပ်ပြပွဲ
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	**"မေ့ထားလို့တော့မဖြစ်ဘူး"** နေအောင်၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ–စင်ရော်မောင်မောင်)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	Teen Star (ရဲလေးနှင့်တွေ့ဆုံခြင်း)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Say It in English(2)
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ရှေ့သို့ချီလှမ်း မြန်မာ့စက်မှုလုပ်ငန်း (သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေး)
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ရေငွေ့သုံးဆန်အရောင်တင်စက်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဆိုင်ကလုန်းမုန်တိုင်း အားကောင်းလာ

ရန်ကုန် ဧပြီ ၂၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့ တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'မာလာ'သည် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်သို့ ရောက်ရှိလာပြီး သိသိသာသာ ရွေ့လျားလာခြင်းမရှိဘဲ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၂၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက်ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းကြီးသည် မြောက်–အရှေ့မြောက် ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားနေပြီး ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြီး၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်သည်။ မုန်တိုင်း၏ ဗဟိုချက်အနီးတွင် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၉၀အထိ တိုက်ခတ်နိုင်ပြီး မြန်မာ့ကမ်း ရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကြစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်ကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

ကြို့ပင်ကောက်မြို့ မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီဝင်များစုပေါင်း၍ မတ် ၂၂ ရက်က မြို့မဈေးအတွင်း မီးသတ်ကားဖြင့် ဆေးအမြှုပ်ပက်ဖျန်း၍ မီးငြိမ်းသတ်မှုသရုပ်ပြသရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (၀၄၀)

မျိုးပွားကျန်းမာရေးမြှင့်တင်ပေးမည့် အကျိုးဆောင်သင်တန်းဖွင့်

မြစ်ကြီးနား ဧပြီ ၈

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မျိုးပွားကျန်းမာရေးမြှင့်တင်ပေးမည့် ကျန်းမာရေးအကျိုးဆောင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်မောင်မြင့်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးတို့က သင်တန်းနှင့်ပတ်သက်သော သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ပြည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မတ် ၁၆ ရက်က ကျင်းပရာ ဆုရအသင်းအား ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (က-ပ)

မူလတန်းကျောင်းဆောင်သစ်ပန္နက်တင် ညောင်တုန်းမြို့နယ်၌ အလှူငွေများပေးအပ်လှူဒါန်း

ညောင်တုန်း ဧပြီ ၁၇

ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်နှင့် ကျေးရွာအုပ်စုမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြသန်း၊ ချောင်းကြီးရဲစခန်းမှ ဒုရဲအုပ် စိုးမိုးအောင်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဦး၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ အဖွဲ့ဝင်(၁) ဦးစောအေး၊ အဖွဲ့ဝင်(၂) ဦးဗိုလ်မြင့်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဖိုးစိမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန် တွင် ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ပန္နက်တင်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဖိုးစိမ်းက လက်ခံရယူပြီး ကျေးရွာ တင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံ ပေ ၃၀ရှိပြီး ငွေကျပ် သိန်း ၅၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၈)**

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ပျိုးဥယျာဉ်၌ ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုကို မတ် ၂၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး ရွှေတောင်၌ စာပေရေးရာများ ဆွေးနွေး

ရွှေတောင် ဧပြီ ၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ပြည်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်တို့သည် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်တို့နှင့်အတူ မတ် ၂၄ ရက်က ရွှေတောင်မြို့နယ် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ သရက်သုံးပင်အုပ်စု ရွှေကျွန်းကုန်းရွာ ရွှေကျွန်းသာ ဘုန်းကြီးကျောင်းဝင်းရှိ လင်းရောင်ခြည်စာကြည့်တိုက်ကို ကြည့်ရှုကြပြီး ဆွေးနွေးပွဲကို ကျင်းပရာ စာကြည့်တိုက်ကော်မတီနာယက ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသက သြဝါဒစကားမြွက်ကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာပေရေးရာများနှင့် ဖွံ့ဖြိုးရှင်သန်ရေးကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဦးကြည်ဝင်းက စာကြည့်တိုက်အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နွားခြံကုန်းအုပ်စု ကျွန်တန်းရိုးရွာ သုတကွန်ရက်စာကြည့်တိုက်၌ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာပေရေးရာများနှင့် ဖွံ့ဖြိုးရှင်သန်ရေး ဆွေးနွေးရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် အုပ်စုဥက္ကဋ္ဌ ဦးဖိုးပါနှင့်အတူ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၂၉-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြင်ဦးလွင်မြို့မှ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ)
၁၁:၃၅ အဘိုးအဘွားအလေးထား (မုံရွာ ဘိုးဘွားရိပ်သာအကြောင်း)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၅ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)

ညနေပိုင်း

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ဧရာဝတီတိုင်းမှ မမို့မို့သူဇာနှင့် ကရင်ပြည်နယ်မှ မသဲနုအေးတို့၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့ (ကျော်စွာငယ်)
၁၈:၄၅ သိမှတ်စရာကွန်ပျူတာ (အမြင့်ဆုံးမှာထားချင်လျှင် Update လုပ်ပါ)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့် ကမ္ဘာ-၁)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

အမြို့မြို့ အနယ်နယ် သတင်းများ

ကောလင်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကြီးမှူး အားကစားဂျာနယ်မျိုးစုံပေးအပ်လှူဒါန်း

ကောလင်း ဧပြီ ၅

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်ဒေသ စာဖတ်ရှိန်မြင့်မားရေး၊ အားကစားစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အားကစားဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၀ ရက်က ကောလင်းမြို့နယ် ရှမ်းကလုံးအုပ်စု ရှမ်းကလုံးကျေးရွာ နတ်သျှင်နောင်စာကြည့်တိုက်တွင် ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မန္တလေးမြို့ ၂၉ လမ်း မီးသတ်တိုက်တန်းနေ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေ မိသားစုတို့က အားကစားစိတ်ဓာတ် မြင့်မားရှင်သန်နိုင်ရေး အားကစားဂျာနယ် ၃၀၀ ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းကျော်ထံ ပေးအပ်လှူဒါန်းသည်။ **(၀၂၆)**

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သောကုန်သည်လမ်းကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူး မောင်ဝင်းနှင့်အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)



ပဲခူးတိုင်း အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးခြံအတွင်း ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ခြင်းလုပ်ငန်းကို မတ် ၂၉ ရက်က အမှုဆောင် အရာရှိ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်း ပျိုးထောင်ကြစဉ်။ (၀၇၄)

ပြန်ကြားရေးဝန်ကြီး၏ လုပ်ငန်းမှာကြားချက်များ နတ်တလင်း၌ ထပ်ဆင့်ရှင်းလင်း

နတ်တလင်း ဧပြီ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေသည် ပဲခူးတိုင်း (အနောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ သာယာဝတီခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အေးတို့ လိုက်ပါလျက် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ ဧပြီ ၅ရက်က ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ **(ယာပုံ)**

အလားတူ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်နှင့် ဇီးကုန်းမြို့နယ်များတွင်လည်း ရုံးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းမှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ မတ်၂၆ရက်က ပေါက်ခေါင်းမြို့ ရပ်သစ် ကျေးရွာ အုပ်စု စမ်းကလေး ကျေးရွာတွင်ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အတွင်းဆောက်လုပ်ပြီးစီးသော ဦးကိုကိုနိုင်၏ တန်ဖိုးနည်း ကျေးလက်အိမ်ရာကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပလောက်မြို့၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ပလောက် ဧပြီ ၁၀

ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စု အရှေ့ကုန်း–ညောင်ရင်ကုန်း–သရက်တပင်ကျေးရွာများသို့ ဆက်သွယ်သော ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက် နံနက် ၈နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်နှင့် ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်တို့က အမှာစကားပြောကြားကြပြီး ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ပလောက်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာပြုံးချိုနှင့် ကျောက်လုံးကြီးကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးမောင်ငွေတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါလမ်းမှာအရှည်ပေ၁၂၀၀၀၊ အကျယ် ၁၂ပေရှိပြီး ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့၌ လုံခြုံရေးနှင့် အုပ်ချုပ်ရေးသင်တန်းဆင်း

မိုးကောင်း ဧပြီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့်ရပ်ကွက်၊ ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုံခြုံရေးနှင့် အုပ်ချုပ်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဆင်းပွဲကို ဧပြီ၂ရက် ညနေ ၄နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းစိန် တက်ရောက် အမှာစကားပြောကြားသည်။ သင်တန်းသို့ရပ်ကွက်၁၀ ရပ်ကွက်နှင့် ကျေးရွာ ၃၄ အုပ်စုတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၇၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

မြို့နယ်သတင်းများ

မန္တလေးခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးမြသန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မတ် ၂၁ရက်က မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံဝင်းအတွင်း ရေဆိုးထုတ်မြောင်း၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၁၆၂)



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ဈေးလျှပ်စစ်မီးလိုင်းကြိုးများ စနစ်တကျ သွယ်တန်းတပ်ဆင်ထားမှုနှင့် ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုကို ဧပြီ ၃ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာဒုတိယဦးစီးမှူး (ဈေး) ဦးကျော်ဌေးဦးက ဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ဟိုပင်မြို့၌ကျင်းပ

ဟိုပင် ဧပြီ ၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၄ ရက်က ဟိုပင်မြို့အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဟိုပင်မြို့ပြည်သူ့ဆေးရုံ တာဝန်ခံ ဒေါက်တာမျိုးမျိုးဝင်းက တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့်ဟောပြောသည်။

ရှင်းလင်း

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက တီဘီရောဂါနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ခံဆရာဝန်က ပြန်လည် ရှင်းလင်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇာတ်တိုက်လေ့ကျင့်နေမှုကို ဧပြီ ၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးရဲဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ ပန်းဆိုးတန်းချောင်း ကိုယ့်အားကိုယ်ကိုးတံတားသစ်ဖွင့်

ပဲခူး ဧပြီ ၈

ပဲခူးမြို့နယ် ပန်းဆိုးတန်းချောင်း ကိုယ့်အားကိုယ်ကိုး တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၅ရက်က အဆိုပါတံတားမုခ်ဦးတွင် ကျင်းပရာ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မိဘနှစ်ပါး အမှူးထား၍ တွံတေးမြို့ ကျွန်းတောရပ်ကွက် ကန်သာယာ ၁၂ လမ်းနေ ဦးဘိုကြီး–ဒေါ်တင့်တို့၏ သား မောင်ဝင်းဘိုထွေး မိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွား ရိပ်သာ နတ်လမ်းတစ် ခန်း အတွက် ဧပြီ၁၅ရက်က ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရိပ်သာဒုတိယဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၃၈၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆) ကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စွမ်းဆောင်အောင်မြင်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံရေးကိစ္စဗန်းပြပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှု အပါအဝင် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စား ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)ကို မေ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

စာမျက်နှာ ၁၃ ကော်လံ ၁ ●

မြန်မာလူမျိုးတစ်မျိုးတည်းမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးအတွက် မူးယစ်ဆေးဝါးသည် အန္တရာယ်ဖြစ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်အဖြစ် ရှုမြင်ပြီး အစွမ်းကုန်ဆောင်ရွက်နေ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရရှိ နိုင်ငံတကာနှင့် ဆက်စပ်နေသော မူးယစ်ဆေးဝါးဂိုဏ်းကြီးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့

မြန်မာနိုင်ငံက ရှိသမျှသယံဇာတအရင်းအမြစ်များကို အခြေခံပြီး ပြင်ပမှအကူအညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မူးယစ်ဆေးဝါးပပျောက်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြား

ရန်ကုန် မေ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရှင်းလင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးစွမ်းဆောင် အောင်မြင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)တွင် မေးမြန်းချက်များနှင့် ပြန်လည်ဖြေကြားချက်များကို အချပ်ပို(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့၌ အချပ်ပိုလေးမျက်နှာအဖြစ် ဖော်ပြပါရှိသည်။

(မြန်မာ့အလင်း)

ကျောက်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ စုပေါင်းပေးအပ်

ရန်ကုန် မေ ၂၇

၂၀၀၆ခုနှစ် မေ ၂၁ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျောက်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်အင်အား ၂၉ ဦးတို့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အဖြစ်မှ စုပေါင်းနုတ်ထွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းနုတ်ထွက်သည့် အခမ်းအနားတွင် ကျောက်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရပ်/ကျေးအဖွဲ့ဝင် ဦးလှဌေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားစတင်ဖွင့်လှစ်ပြီး နုတ်ထွက်ပါတီဝင် ၂၉ ဦး၏ကိုယ်စား ကျောက်ဆည်မြို့နယ် ပွတ္တိုင်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေး ဥက္ကဋ္ဌ ဦးအောင်ခင်က နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နုတ်ထွက်ပါတီဝင် ၂၉ ဦး ကိုယ်စားပါတီဝင် နှစ်ဦးက ပါတီတွင်း၌ ဆောင်ရွက်ခဲ့စဉ် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ကျောက်ဆည်ခရိုင် ဥက္ကဋ္ဌထံ ပေးအပ်သည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင် ကော်မရှင်ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ လေးဦး၊ မြို့နယ် ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည် ဘိလပ်မြေစက်ရုံ စက်ရုံမှူးတို့ တက်ရောက်ကြကြောင်း၊ နုတ်ထွက်သူများ အပါအဝင် စုစုပေါင်းအင်အား ၄၀ တက်ရောက်ကြပြီး နံနက် ၉ နာရီ မိနစ် ၄၀ တွင် အခမ်းအနားကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း NLD ဗဟိုဦးစီးအဖွဲ့ဝင် ဦးစံလှဘော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း ပါတီတာဝန်အသီးသီးမှလည်းကောင်း နုတ်ထွက်

ရန်ကုန် မေ ၂၇

မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင် ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားညီလာခံကိုယ်စားလှယ်၊ အထက်မြန်မာပြည် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းလူမှုဥက္ကဋ္ဌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သူ ဦးစံလှဘော် (အမျိုးသားမှတ်ပုံတင် အမှတ် MBU-၁၀၇၈၂၂ (ဘ) ဦးကျော်ရှိန်)သည် ယနေ့နံနက် ၁၀ နာရီအချိန်တွင် လမ်း ၃၀ X ၆၈ လမ်းထောင့်ရှိ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ ရုံးသို့ လာရောက်ပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျင်လင်းနှင့် အဖွဲ့ဝင် ခုနစ်ဦး၊ မန္တလေးခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ပုသိမ်ကြီးမြို့နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းတို့၏ ရှေ့မှောက်၌ ၎င်း၏အထက်ဖော်ပြပါ ပါတီတာဝန်များအား စွန့်လွှတ်ပြီး ယနေ့မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အပြီးအပိုင် နုတ်ထွက်ကြောင်း ကိုယ်တိုင်နုတ်ထွက်လွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသမှာ မူးယစ်ဆေးဝါးချုပ်ငြိမ်းရေးကို အဓိကရည်မှန်းချက်ထားခဲ့ ၁၉၉၇ ခုနှစ်မှာ မိုင်းလားဒေသကို ဘိန်းမဲ့ဇုန်အဖြစ် ကြေညာနိုင် ကိုးကန့်ဒေသမှာ ၂၀၀၃ ခုနှစ်ကစပြီး ဘိန်းစိုက်ပျိုးမှု မရှိတော့

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)ကို ဧပြီ၂၆ရက် နံနက် ၉နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်း မဂ္ဂဇင်းဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံမှ သတင်းစာ၊ ရုပ်မြင်သံကြားဌာနတို့မှ သတင်းထောက်များတက်ရောက်၍ သတင်းရယူခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြည်တွင်း မဂ္ဂဇင်းဂျာနယ်တိုက်များမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားသိလိုရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့၏ မေးမြန်းချက်များနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ SSA-S ရှက်ဆစ်အဖွဲ့မှ လက်နက်ချ အလင်းဝင်ရောက်လာသူများနှင့် SSA-S ရှက်ဆစ်အဖွဲ့၏ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော ကျေးရွာများမှ ရွာသားများ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

မေးမြန်းချက်များ ပြန်လည်ဖြေကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပသတင်းဌာနများနှင့်စာနယ်ဇင်းများမှ သတင်းတာဝန်ခံများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ဦးမြတ်ခိုင်

(ကောင်းသတင်းနှင့် မဟာသတင်းဂျာနယ်)

NLD ်က ဧပြီလ၂၁ရက်နေ့ကထုတ်တဲ့ အထူးကြေညာချက်ထဲမှာ လူတွေဟာ စားဝတ်နေရေး ကျပ်တည်းနေတယ်။ မူးယစ်ဆေးဝါး စိုက်ပျိုး ထုတ်လုပ်တာတွေကိုလဲ တားမြစ်နိုင်ခြင်း မရှိဘူးလို့ ဖော်ပြထားတယ်ဆိုတာ ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီကနေ့ ရောက်ရှိနေကြတဲ့ သံလွင်မြစ် အရှေ့ဘက်ခြမ်းအပါအဝင် နယ်စပ်ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူလူထုရဲ့ လူမှုဘဝ မြင့်မားအောင်၊ မူးယစ်ဆေးဝါး ပပျောက်အောင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးစီမံကိန်းတွေအပါအဝင် လက်ရှိမှာ ဘာတွေဆောင်ရွက်နေပါသလဲဆိုတာ သိခွင့်ရရင် သိချင်ပါတယ်။ ပြီးတော့ အဲဒီလိုဆောင်ရွက်နေမှုတွေဟာ အောင်မြင်မှုရှိတယ်လို့ရော ပြောနိုင်ပါသလား။ နောက်ထပ် မေးလိုတဲ့ မေးခွန်းတစ်ခုကတော့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ပြည်သူလူထုရဲ့ အသိဉာဏ်မြင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတယ်လို့လဲ ပြန်ကြားရေးဝန်ကြီးက အမိန့်ရှိသွားပါတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ ရှမ်းအရှေ့ဒေသမှာ ဟိုတုန်းက ပညာရေးအခြေအနေဘယ်လိုရှိပါသလဲ၊ အခု လက်ရှိပညာရေးအခြေအနေရော ဘာတွေပြောင်းလဲနေပြီလဲဆိုတာ သိခွင့်ရရင် သိလိုပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်

ပထမမေးတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေတွေ၊ သံလွင်အရှေ့ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်မှု ရရှိတဲ့အခြေအနေတွေကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဟာ တပ်မတော်အစိုးရ စတင်တာဝန်ယူချိန်ကစပြီး ယခုအချိန်အထိ အရှိန်အဟုန်နဲ့ ဆောင်ရွက်အောင်မြင်နေတဲ့ စီမံကိန်းဖြစ်ပါတယ်။ ယခုအချိန် နယ်စပ်ဒေသရှိ ပြည်သူများရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေဟာ စီမံကိန်းမစတင်မီ အချိန်နဲ့ နှိုင်းစာရင် မျှော်မှန်းခဲ့တာထက် ပိုမိုတိုးတက်မြင့်မားနေတာကို တွေ့ရမှာဖြစ်ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသတွေဟာ ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရတဲ့အပြင် နှစ်လေးဆယ်ကျော် ရောင်စုံသောင်းကျန်းမှုဒဏ် ခံခဲ့ကြရလို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့တဲ့ ပမာဏဟာ အလွန်ကြီးမားခဲ့ပါတယ်။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန် စယူစမှာပဲ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၁၉၈၉ခုနှစ် မတ်လ ၃၁ရက်နေ့မှာ ကိုးကန့်ဒေသနဲ့ မေလ ၉ရက်နေ့မှာ “ဝ”ဒေသမှ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါတယ်။

ဒီအဖွဲ့နှစ်ဖွဲ့ ဥပဒေဘောင်အတွင်း စတင်ဝင်ရောက်လာတာနဲ့ ၁၉၈၉ခုနှစ် မေလ ၂၅ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းပြီး စီမံကိန်း စတင်ခဲ့တာ ဖြစ်ပါတယ်။

ဗဟိုကော်မတီကချမှတ်ပေးတဲ့ မူဝါဒတွေ အကောင်အထည်ဖော်ရာမှာလဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဦးဆောင်တဲ့ လုပ်ငန်းကော်မတီက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် သီးခြားဖွင့်လှစ်ပေးထားတဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်တဲ့ ဒေသဆိုင်ရာလုပ်ငန်း ကော်မတီ(၁၁)ခု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဒုတိယဝန်ကြီးများဦးဆောင်တဲ့ လုပ်ငန်းဆပ်ကော်မတီ ၁၈ခုတို့ကို ဖွဲ့စည်း ပေါင်းစပ်ဆောင်ရွက်ခဲ့တာမို့ လုပ်ငန်းတွေ မြင်သာထင်သာ အောင်မြင်မှုရခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ နယ်စပ်ဒေသမှာ ကိုလိုနီအမွေဆိုးအဖြစ် ကျန်ရှိနေတဲ့ မူးယစ်ဆေးဝါးပြဿနာချုပ်ငြိမ်းရေးကိုလဲ အဓိက ရည်မှန်းချက်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၁၉၉၃ခုနှစ် ပြဋ္ဌာန်းရာမှာ အဓိကရည်မှန်းချက်ငါးရပ်အနက် နယ်စပ်ဒေသများမှာ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်ကို အတိအလင်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နယ်စပ်ဒေသ ပြည်သူတွေ လူမှုရေး၊ စီးပွားရေး၊ အခွင့်အလမ်းတွေရရှိစေဖို့အတွက် လူမှုစီးပွားအခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ စိုက်ပျိုးရေးစခန်း၊ မွေးမြူရေးစခန်းတွေ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်တွေ၊ ဆက်သွယ်ရေး စနစ်တွေကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ **၁၉၈၉ခုနှစ်ကနေ ယနေ့အထိ နိုင်ငံတော်ဘဏ္ဍာငွေ ကျပ် ၈၁၈၃၇သန်းကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့ရာမှာ ဒီသုံးစွဲခဲ့တဲ့ ငွေပမာဏရဲ့ ၇၉ ဒသမ၅ ရာခိုင်နှုန်းကို အဓိက ဘိန်းစိုက်ပျိုးမှုရှိခဲ့တဲ့ဒေသတွေမှာ သုံးစွဲခဲ့ပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို စတင် ဆောင်ရွက်ပြီး ၁၀နှစ်အကြာ ၁၉၉၉ခုနှစ်မှာ မူးယစ် ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့တဲ့အခါ ကြီးမားတဲ့အောင်မြင်မှုတွေ ဆက်တိုက်ရခဲ့တာဖြစ်ပါတယ်။**

သာဓကအားဖြင့် ၁၉၉၇ခုနှစ်မှာ မိုင်းလားဒေသက ဘိန်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီး ယခုအချိန်တွင် ဘိန်းပြန်လည်စိုက်ပျိုးမှုမရှိတော့တာ၊ ကိုးကန့်ဒေသမှာ ၂၀၀၃ခုနှစ်ကစပြီး ဘိန်းစိုက်ပျိုးမှု မရှိတော့တာတွေဟာ ယခင်ဘိန်းစိုက်တောင်သူဟောင်းများ အခြားအလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ဘဝရပ်တည် နေနိုင်ကြပြီဆိုတာ ထင်ရှားတဲ့ သာဓကဖြစ်ပါတယ်။

ထပ်မံပြီးတော့“ဝ”ဒေသကလဲ ၂၀၀၅ခုနှစ် ဇူလိုင် ၂၆ ရက်နေ့မှာ မူးယစ်ဆေးဝါး ဇစ်မြစ်ကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီး ဘိန်းစိုက်ပျိုးမှုကို တားမြစ်ပိတ်ပင်ခဲ့ရာမှာ ကြေညာခဲ့တဲ့အတိုင်း ပြီးခဲ့တဲ့ဘိန်းစိုက်ရာသီမှာ လုံးဝစိုက်ပျိုးမှု မရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ အဓိကကျတဲ့ လမ်းဖောက် တံတားဆောက်တဲ့လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှ ယခုအချိန်အထိ နယ်စပ်ဒေသတွေမှာ မြေလမ်း ၃၁၈၁မိုင်၊ ကျောက်ခင်းလမ်း ၁၉၉၅မိုင်၊ ကတ္တရာလမ်း ၃၅၁မိုင် ဖောက်လုပ်ပေးခဲ့သလို လမ်းဟောင်း ၃၂၉၅မိုင်ကိုလဲ ပြန်လည် ပြုပြင်ပေးခဲ့ပါတယ်။ ပေ ၁၀၀ အထက်တံတား ၅၁ စင်း၊ ပေ ၁၀၀ အောက်တံတား ၇၂၅စင်းနဲ့ကြိုးတံတား ၂၆စင်းလဲ ဆောက်လုပ်ပေးခဲ့ပါတယ်။

ပညာရေးနှင့် ပတ်သက်လို့လဲ ၁၉၈၉ခုနှစ်ကနေ ယနေ့အထိ ကျောင်းပေါင်း ၁၀၃၄ကျောင်း ဆောက်ပေးခဲ့လို့ ၁၉၈၈ခုနှစ်က ကျောင်းသား ၁၀၀၀ကျော်သာ ရှိခဲ့တဲ့ နယ်စပ်ဒေသတွေမှာ ယခုကျောင်းသား ၁၇၀၉၂၀ အထိ ရှိလာတာဟာလဲ အံ့သြဖွယ်တိုးတက်မှုဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်ရင် ဆေးရုံ ၇၉ရုံ၊ ဆေးခန်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ ဆောက်လုပ်ပေးခဲ့ပါတယ်။

နယ်စပ်ဒေသတွေမှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၁၀၈ခု ဆောက်လုပ်ပေးခဲ့တာမို့ နယ်စပ်လူထုကို အသိအမြင် ပိုမိုကျယ်ပြန့်စေပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ပတ်သက်လို့ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ ထွန်စက် စခန်း ၁၁ခု၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးစခန်း ၄၁ ခု ဖွင့်လှစ်ထားရှိပေးတာမို့ ဒေသနဲ့ကိုက်ညီမယ့် စိုက်ပျိုးသီးနှံများ၊ ဘိန်းအစားထိုးသီးနှံများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ပေါ်ထွန်းနေပြီ ဖြစ်ပါတယ်။ ယခင်က ဘိန်းခင်းတွေမှာ စပါးခင်း၊ ပြောင်းခင်းတွေအဖြစ် ပြောင်းလဲလာပြီ ဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်အတွက် စပါး၊ ပြောင်းများ စိုက်ပျိုးမှု တိုးချဲ့လာတဲ့အပြင် ရေရှည်အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးအတွက် နှစ်ရှည်ဥယျာဉ်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများကိုလဲ စိုက်ပျိုးနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက စီစဉ်ပေးတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအပြင် ဒေသခံ တိုင်းရင်းသားများကလဲ ရေရှည် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေရရှိစေမယ့် စိုက်ခင်းကြီးများ ဆောင်ရွက်နေပါတယ်။ “ဝ” ဒေသမှ ပန်ဆန်း၊မိုင်းမော၊ နမ့်တစ်ဒေသတွေမှာ ရော်ဘာစိုက်ခင်းကြီးတွေ ဖြစ်ထွန်းနေသလို စီးပွားရေး တွက်ခြေကိုက်တာမို့ ရော်ဘာအချောထည် စက်ရုံတွေပါ တည်ထောင်ထုတ်လုပ်နေပြီဖြစ်ပါတယ်။ မိုင်းမောဒေသက ဂူလုံတီးလက်ဖက်စိုက်ခင်းဟာ အရည်အသွေးကောင်းမွန်တဲ့အတွက်

အချပ်ပို (ခ) ကော်လံ ၁ သို့

၁၉၈၉ခုနှစ်ကနေ ယနေ့အထိ နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၈၁၈၃၇သန်းကျော် အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ရာမှာ ဒီသုံးစွဲခဲ့တဲ့ငွေပမာဏရဲ့ ၇၉ဒသမ၅ရာခိုင်နှုန်းကို အဓိကဘိန်းစိုက်ပျိုးမှုရှိခဲ့တဲ့ ဒေသတွေမှာ သုံးစွဲခဲ့။ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ပြီး ၁၀နှစ်အကြာ ၁၉၉၉ခုနှစ်မှာ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စတင် ဆောင်ရွက်ခဲ့တဲ့အခါ ကြီးမားတဲ့အောင်မြင်မှုတွေ ဆက်တိုက်ရခဲ့။

NLD ဟာ အပိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလ
ပြည်ပအားကိုးရေးဆိုတဲ့ မှားယွင်းတဲ့ဝါဒတွေနဲ့ ဆောင်ရွက်ခဲ့၊ ပြည်ပြေ
ဒါကြောင့် NLD ကို မတရားအသင်းကြေညာနိုင်ဖို့ ခိုင်လုံတဲ့ အ

မေးမြန်းချက်များ ပြန်လည်ဖြေကြား

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သတင်းစာရှင်းလင်း ပွဲ (၄/၂၀၀၆) တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

အချပ်ပို (က) မှ

နိုင်ငံခြားဈေးကွက်မှာ ဈေးကောင်းရနေတာမို့ တိုးချဲ့စိုက်ပျိုးနေပါတယ်။ ကိုးကန့်ဒေသမှ ရှိပြီးသား လက်ဖက်စိုက်ခင်းများ ပြန်လည်ပြုပြင်ဖြစ်ထွန်းနေသလိုကြံစိုက်ခင်းများဟာလဲအဓိကဝင်ငွေရရှိနေပါတယ်။

ဝမ်ဟုန်၊ နမ့်တစ်တို့မှာ 'ဝ' တိုင်းရင်းသားများရဲ့ လိမ္မော်၊ လိုက်ချီးနဲ့ နှင်းသီးစိုက်ခင်းများဟာဖြစ်ထွန်းပြီး ဈေးကွက်မှာ အများအပြားဝင်ရောက်နေပြီဖြစ်ပါတယ်။ မိုင်းလားဒေသ မိုင်းမဘိန်းအစားထိုး သီးနှံစိုက်ခင်းမှ သရက်၊ လိုက်ချီး၊ နှင်းသီးစိုက်ခင်းများဟာလဲ ဈေးကွက်တင်ပို့နိုင်နေပြီ ဖြစ်ပါတယ်။

သံလွင်အရှေ့ခြမ်း ကိုးကန့် 'ဝ' ဒေသနဲ့ မိုင်းလားဒေသတို့မှာ ဒေသခံတိုင်းရင်းသားများအစီအစဉ်နဲ့ ရော်ဘာ ဧက ၂၀၀၀၀ ကျော်နဲ့၊ လိမ္မော်၊ လက်ဖက်၊ လိုက်ချီး၊ နှင်းသီး ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းနေတာဟာ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အရှည်တည်တံ့မှု နိမိတ်များအဖြစ်တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင် စီမံဆောင်ရွက်နေတဲ့ နယ်စပ်ဒေသစီမံကိန်းဟာ တိုင်းပြည် အေးချမ်းသာယာမှု၊ နယ်စပ်ဒေသနေ ပြည်သူလူထုများရဲ့ လူမှုရေး၊ စီးပွားရေးတိုးတက်မှု၊ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း ဘိန်းစိုက်ပျိုးမှု လျှော့ချရေးလုပ်ငန်းစဉ်တွေမှာ အဓိကမောင်းနှင်အားအဖြစ် ထင်သာမြင်သာ တွေ့မြင်နိုင်ပါကြောင်း ပြောကြားလိုပါတယ်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်

ရှမ်းအရှေ့ဒေသရဲ့ ယခင်နဲ့ ယခု ပညာရေးဖွံ့ဖြိုးမှု အခြေအနေများကို မဖြေကြားမီမှာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုများနဲ့ ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေတဲ့ အစီအစဉ်များကို အနည်းငယ်ရှင်းပြလိုပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ရော ကျန်တဲ့တက္ကသိုလ်၊ ကောလိပ်များရှိတဲ့ ဝန်ကြီးဌာနများဟာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်များကို နှစ်တိုနှစ်ရှည်စီမံကိန်းများ ဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနဟာ အခြေခံပညာကဏ္ဍအတွက် ၁၉၉၈ခုနှစ် ကစပြီးတော့ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခဲ့ပြီး အဆင့်မြင့်ပညာကဏ္ဍမှာ ၉၆ခုနှစ်မှစပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံတော်အတွက် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းများအရ တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်တဲ့အခါမှာ အခြေခံပညာကဏ္ဍအတွက် ကျောင်းအသစ်တွေဖွင့်လှစ်တာ၊ ကျောင်းများကို အဆင့်မြှင့်တာ၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးစီမံချက်ကို ဆောင်ရွက်တာ၊ မူလတန်းအဆင့်ပြီးမြောက်တဲ့အခါမှာ လက်ရှိကျောင်းမှာပဲ ဆက်တက်ပြီးတော့ အလယ်တန်းပညာသင်ယူနိုင်ဖို့ရာအတွက် မူလတန်းလွန်ကျောင်းများ ဖွင့်ပေးတဲ့ဟာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဝန်ကြီးဌာနအသီးသီးဟာ တက္ကသိုလ်များအသစ်ဖွင့်တာ၊ ကောလိပ်များအသစ်ဖွင့်တာ၊ အဆင့်မြှင့်တာကို ဆောင်ရွက်ပြီးတော့ တစ်ချိန်တည်းမှာပဲ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍမှာ ICT ကို အသုံးပြုပြီးတော့ Intranet, Internet စနစ်များကိုပါ ချဲ့ထွင်ပြီး ကျောင်းတိုင်းမှာ သုံးနိုင်တဲ့ အခြေအနေတွေဖန်တီးပေးခဲ့ပါတယ်။ ဒီသဘောအတိုင်းပဲ ရှမ်းအရှေ့ဒေသမှာလဲပဲ အကျဉ်းချုပ်ပြီး တင်ပြရမယ်ဆိုရင် ၁၉၈၈ခုနှစ်မှာ ရှမ်းအရှေ့ဒေသမှာ ကျောင်းပေါင်း ၃၃၈ ကျောင်းပဲရှိ ပါတယ်။ ယခုအချိန်မှာ ကျောင်းပေါင်း ၅၉၄ ရှိတဲ့အတွက် ၂၅၆ ကျောင်း တိုးတက်လာပါတယ်။ ထိုနည်းတူစွာပဲ ၁၉၈၈ ခုနှစ်မှာ အခြေခံပညာ ဆရာ/ဆရာမ အင်အားဟာ ရှမ်းအရှေ့ပိုင်းမှာ ၈၅၈ ဦးရှိရာကနေ အခုဆိုရင် ၂၅၇၃ ဦးရှိလာပြီဖြစ်တဲ့အတွက် ၁၇၀၀ ကျော် တိုးတက်မြင့်မားလာပါတယ်။ ထိုနည်းတူစွာ ၁၉၈၈ ခုနှစ်မှာ ကျောင်းသားဦးရေဟာ ရှမ်းအရှေ့ပိုင်းမှာ ၂၈၆၀၅ ဦးရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၇၆၆၂၅ ဦးရှိတဲ့အတွက် ၄၀၀၀၀ ကျော် တိုးတက်လာပါတယ်။ ထိုနည်းတူစွာပဲ ရှမ်းအရှေ့မှာရှိတဲ့ အခြေခံကျောင်းများ အနက် ၃၃ ကျောင်းမှာ Multi Media စာသင်ခန်းအဖြစ် ပြုပြင်ပြီးတော့ Computer များ အသုံးပြုပြီးတော့ သင်ကြားပို့ချပေးလျက်ရှိပါတယ်။

ထိုနည်းတူစွာ ကျွန်တော်ခုနတင်ပြခဲ့တဲ့ သူငယ်တန်းကျောင်းဝင်မှုနှုန်းဟာလဲပဲ ၁၉၈၈ခုနှစ်မှာ ၅၁ ရာခိုင်နှုန်း ရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၉၅ ဒသမ ၉၈ ရာခိုင်နှုန်းရှိတဲ့အတွက် ၄၄ ရာခိုင်နှုန်းအထိအောင် တိုးတက်လာတာဟာ အလွန်ပဲသိသာတဲ့ တိုးတက်မှုဖြစ်ပါတယ်။ ထိုနည်းတူစွာ သက်ကြီးစာတတ်မြောက်မှုနဲ့ ပတ်သက်ပြီးတော့ ၈၈ခုနှစ်မှာ ၃၂ ရာခိုင်နှုန်းပဲရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် ၁၇ ရာခိုင်နှုန်း တိုးတက်လာတာဖြစ်ပါတယ်။ ဒီကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် ရှမ်းအရှေ့ဒေသမှာ ပညာရေးနဲ့ ပတ်သက်ပြီးတော့ အောင်မြင်မှုတိုးတက်လာကြောင်း သိသာပါတယ်။

ထိုနည်းတူစွာပဲ အဆင့်မြင့်ပညာကဏ္ဍမှာလဲပဲ ရှမ်းအရှေ့မှာ ၈၈ တုန်းက တက္ကသိုလ်၊ ကောလိပ်တစ်ခုမှ မရှိသော်လဲပဲ အခုအချိန်မှာ ဒီဂရီကောလိပ်သုံးခုရှိနေတာကို အားလုံးတွေ့ရမှာဖြစ်ပါတယ်။ သိပ္ပံနည်းပညာဝန်ကြီးဌာနက နှစ်ခုနဲ့ ပညာရေးကတစ်ခု အားလုံးပေါင်း သုံးခုရှိပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ကတော့ ဒီလိုဆောင်ရွက်တဲ့ လုပ်ငန်းများကြောင့် အကျဉ်းချုံးတင်ပြရလို့ရှိရင် အခြေခံပညာကဏ္ဍမှာ တစ်နိုင်ငံလုံးမှာ ၁၉၈၈တုန်းက ကျောင်းဦးရေဟာ ၃၃၇၄၇ ကျောင်းရှိပြီးတော့ အခုဆိုလို့ရှိရင် ၄၀၅၂၅ ကျောင်းရှိတဲ့အတွက် ကျောင်းဦးရေတိုးတက်မှုဟာ ၆၀၀၀ ကျော်ဖြစ်ပါတယ်။

ထိုနည်းတူစွာ ဆရာ ဆရာမ ဦးရေဟာ ၁၉၈၈ မှာ ၁၇၀၀၀၀ ကျော်ရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၂၄၀၀၀၀ ကျော်တဲ့အတွက် ၇၀၀၀၀ ကျော် တိုးတက်လာပါတယ်။ ကျောင်းသားဦးရေဟာ အခြေခံပညာ ကဏ္ဍမှာ ၈၈ မှာတုန်းက ၅ဒသမ၂ သန်းရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၇ ဒသမ ၈ ဖြစ်တဲ့အတွက် ၂ဒသမ ၅သန်းတိုးတက်လာပါတယ်။ ထိုနည်းတူစွာပဲ တက္ကသိုလ် အသီးသီးမှာလဲပဲ ၈၈ မှာတုန်းက တက္ကသိုလ်အားလုံး စုစုပေါင်းဟာ ၃၂ ခုရှိရာကနေပြီးတော့ အခုဆိုလို့ရှိရင် ၁၅၆ ခုရှိတဲ့အတွက် ၁၂၄ ခုတိုးမြင့်လာပါတယ်။ ဒါတွေကို ပြန်ပြီးတော့ အကျဉ်းချုပ်လိုက်လို့ရှိရင် နိုင်ငံတော်အနေနဲ့ တိုင်းနဲ့ပြည်နယ် အသီးသီးမှာ ဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်ခွဲပြီး တော့ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အတွက် ပညာရေးကဏ္ဍမှာ အခြေခံမှာရော၊ အဆင့် မြင့်မှာပါ ဖွံ့ဖြိုးတိုးတက်မှုဟာ မြင်သာပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဦးအောင်ခိုင် (ယုံကြည်မှုသတင်းဂျာနယ်)

ကျွန်တော့်အနေနဲ့ မေးခွန်းနှစ်ခု မေးချင်ပါတယ်၊ အခုဒီရှေ့မှာ ထိုင်နေကြတဲ့ ရွက်ဆစ်အဖွဲ့က ပအိုဝ်းလူမျိုးတွေအပေါ်ကို လူမျိုးရေး ဖိနှိပ်မှုလုပ်တယ်ဆိုတာ ဟုတ်ပါသလား အဲဒါသိချင်ပါတယ်၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီအဖွဲ့ထဲမှာ ကိုရင်ဝတ်နေတုံး SSA တောင်ပိုင်းအဖွဲ့ထဲမှာ ဝင်ရောက်သွားတယ်လို့ သိထားတာရှိပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီးတော့လဲ ရှင်းပြပေးစေချင်ပါတယ်။

ဦးကျော် (နောင်တေးကျေးရွာအုပ်စု ဥက္ကဋ္ဌ)

ကျွန်တော်ပြောချင်တာက အခုကျွန်တော်တို့ ပအိုဝ်းလူမျိုးကို ရွက်ဆစ်လာနှိပ်စက်တာမှန်ပါတယ်၊ ကျွန်တော့်ရွာအုပ်စုနှစ်အုပ်စုမှာ ပအိုဝ်းတွေပါတယ်၊ ရှမ်းလည်းပါတယ်၊ အဲဒါ စစ်ပွဲဖြစ်လို့ရှိရင် ပအိုဝ်းရွာကို အိမ်တစ်လုံးမကျန်မီးအကုန်ရှို့ပါ၊ ရှမ်းရွာကို မီးမရှို့နဲ့လို့ သူတို့ကအမိန့်ထုတ်ထားတယ်၊ စစ်ပွဲဖြစ်တဲ့အခါမှာ ရှို့တဲ့အခါတိုင်း ပအိုဝ်းရွာပဲရှို့တယ်၊ ရှမ်းရွာမရှို့ဘူး၊ ကျွန်တော်တို့ အုပ်စုမှာ ပအိုဝ်းရွာရှိတယ်၊ ရှမ်းရွာရှိတယ်၊ ပအိုဝ်းရွာနှစ်ရွာ၊ ရှမ်းရွာ ငါးရွာ၊ ခြောက်ရွာ၊ အဲဒီတော့ ပအိုဝ်းရွာ နှစ်ရွာ၊ အကုန်လုံးကို ရှို့ပစ်လိုက်တယ်၊ နည်းနည်းပြောချင်တယ်၊ မီးရှို့တဲ့အခါတိုင်း ကျွန်တော်တို့ ပအိုဝ်းရွာကို သထုံကိုပြန်ပါတဲ့၊ မပြန်လို့ရှိရင် မောင်းထုတ်မယ်တဲ့၊ ကျွန်တော်က ငယ်ခါစက တောင်ပေါ်မှာပဲရှိတယ်၊ အမေအဖေက တောင်ပေါ်မှာပဲသေတယ်၊ အခုက ကျွန်တော်က အသက်(၆၀) ကျော်သွားပြီ၊ ၆၂ နှစ် အဲဒီတောင်ပေါ်မှာပဲရှိတယ်၊ သူတို့က သထုံကို ပြန်ဆိုတော့ ကျွန်တော် သထုံကို တစ်ခါမှ မရောက်ပါဘူး။ သူတို့ အဲဒီလူမျိုးရေးအရခွဲတာဖြစ်တယ်၊ ကျွန်တော်က ပအိုဝ်းအမျိုးသား ဗုဒ္ဓဘာသာပဲ၊ နောင်တစ်နေ့နောင် တစ်ခါမဖြစ်အောင် ကျွန်တော်ဆုတောင်းပေးနေပါတယ်။

အိုက်အင် (SSA–S ရွက်ဆစ်အဖွဲ့မှ လက်နက်ချအလင်းဝင်)

ကျွန်တော်က အိုက်အင်လို့ခေါ်ပါတယ်၊ ကျိုင်းတုံမြို့နယ် မိုင်းပအုပ်စုနန်းနွဲ့ကျေးရွာမှာနေပါတယ်၊ အသက် ၁၁နှစ်အရွယ်မှာ ကိုရင်ဝတ်ပြီးတော့ ကျောင်းမှာနေပါတယ်၊ ၁၅နှစ်အရွယ်မှာ ယိုးဒယားကိုသွားပါတယ်၊ ယိုးဒယားမှာ တစ်နှစ် ကျော်ကျော်နေပြီးတော့ အဲဒီမှာ ယိုးဒယားရဲကဖမ်းပါတယ်၊ ဖမ်းပြီးတော့ သက်ိန်းချွတ်ပြီးတော့ ဒီဘက်ကို ပြန်ပို့ပေးမယ်ဆိုပြီးတော့ ယိုးဒယားရဲတွေက SSA ရွက်ဆစ်ထဲကို ပို့ပေးလိုက်ပါတယ်၊ အဲဒီမှာ သင်တန်းခြောက်လတက်ပြီးတော့ အပြင်ထွက်လာတဲ့အချိန်မှာ နှစ်လလောက်နေပြီးတော့ ကျွန်တော် မိုင်းဖြုတ်မှာပဲလာပြီး လက်နက်ချခဲ့ပါတယ်။

ဒေါက်တာတင်ထွန်းဦး (ပြည်မြန်မာဂျာနယ်)

NLDကနေပြီးတော့ ဧပြီလ၂၁ရက်နေ့က အထူးကြေညာချက် ထုတ်ပြန်ပါတယ်။ အဲဒီထုတ်ပြန်တဲ့အခါမှာ ကျွန်တော် မြန်မာနိုင်ငံအနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ငှက်ဖျား ရောဂါ၊ တီဘီအဆုတ်နာရောဂါ၊ ကြက်၊ ငှက်တုပ်ကွေးရောဂါစတဲ့ ကူးစက်ရောဂါတွေကို ကာကွယ်တားဆီးတဲ့နေရာမှာ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်ဆိုပြီး စွပ်စွဲထားပါတယ်။ အဲဒီတော့ ကျွန်တော်သိချင်တဲ့ အချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဒီရောဂါတွေကို ကာကွယ်တိုက်ဖျက်မှုအခြေအနေ၊ ကျန်းမာရေးကဏ္ဍ အနေအထားကို သိလိုပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး

အားလုံးတက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များခင်ဗျာ။ ဒီ NLDရဲ့ ကျန်းမာရေးကိစ္စတွေ စွပ်စွဲနေတာဟာ ဧပြီလ ၂၁ ရက်နေ့တင်မဟုတ်ပါဘူး။ ပြည်ပရေဒီယိုကနေပြီးတော့ မကြာခဏ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေကို၊ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဆောင်ရွက်မှုတွေကို လူထုအထင်မှားအောင် သားပုပ်လေလွင့် ပြောဆိုနေတာတွေဟာ ဒီ ၂၁ ရက်နေ့ဟာ အဆန်းမဟုတ်ပါဘူးလို့ ကျွန်တော်ပထမဦးဆုံး ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာမှာ အမျိုးသားကျန်းမာရေး ကော်မတီက ဖြေရှင်းနေတာဖြစ်ပါတယ်။ ဒီအမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌဟာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဦးဆောင်ပြီးတော့ ကျွန်တော်တို့ကျန်းမာရေး ဝန်ကြီးရယ်၊ တခြားဆက်နွှယ်နေတဲ့ ဝန်ကြီးဌာနတွေအားလုံး ပူးပေါင်းပြီး ကျန်းမာရေး မူဝါဒတွေကို စဉ်ဆက်မပြတ်ချမှတ်ပြီးတော့ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီလို ကျန်းမာရေး ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ကျွန်တော်တို့ တခြားဝန်ကြီးဌာန၊ ပုဂ္ဂလိကဌာနတွေ၊ နောက်ပြည်တွင်းလူမှုရေးအဖွဲ့ အစည်းဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မီးသတ်၊ နောက် စစ်မှုထမ်းဟောင်းအဖွဲ့၊ နောက် ကျွန်တော်တို့ရဲ့ ကျန်းမာရေးဆိုင်ရာ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဒီလို အသင်းအဖွဲ့တွေအပြင် UN အေဂျင်စီတွေဖြစ်တဲ့ WHO, UNICEF, UNDP, UNFPA စတဲ့အဖွဲ့တွေနဲ့အပြင် International NGO နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ International NGO အနေနဲ့ ကျန်းမာရေးကဏ္ဍ တစ်ခုထဲတင်ပဲ ၃၀ ကျော်ရှိပါတယ်။ ဆောင်ရွက်နေကြတာဟာ ကျွန်တော်တို့ စည်းချက်ညီညီနဲ့ အကောင်အထည်ဖော်နေကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

HIV/AIDS ရောဂါနဲ့ ပတ်သက် လို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ National Aid Program ခေါ်တဲ့ NAP ကို ချမှတ်ပြီတော့ စောစောက ကျွန်တော်တို့ တင်ပြခဲ့တဲ့ အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေမှုတွေကို UN Angency ဖြစ်တဲ့ UN Expanded Theme Group ရဲ့ (၂၀၀၃–၂၀၀၄)နဲ့ Technical World Theme ကော်မတီရဲ့ ၂၀၀၅ စက်တင်ဘာလမှာ သုံးသပ်ချက်တွေကို မှီငြမ်းပြီးတော့ ကျွန်တော် အချက်အလက်တွေကို အထောက်အထားနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ HIVဖြစ်ပွားမှုနှုန်းဟာ ၁၉၉၀ပြည့်နှစ်နဲ့စာရင် ထက်ဝက်နီးပါး ကျဆင်းလာကြောင်း အစီရင်ခံစာမှာပါပါတယ်။ သိသိသာသာ ကျဆင်းလာတာကတော့ ၂၀၀၀ပြည့်နှစ် နောက်ပိုင်းကျဆင်းလာတာ ဖြစ်ပါတယ်။ နောက်ဒီအစီရင်ခံစာထဲမှာ ဖော်ပြထားတာက ကျွန်တော်နိုင်ငံရဲ့ ဖြစ်နေတဲ့နှုန်းထားအခြေအနေက တည်ငြိမ်နေမှုရှိနေတယ်။ သို့သော်လဲ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ဖော်ပြထားပါတယ်။

နောက် ဦးတည်အုပ်စု (Targeted Population) ခေါ်တဲ့ လူငယ်အုပ်စု နောက်လိင်လုပ်ငန်းတွေနဲ့ စီးပွားရှာနေတဲ့ ဒီ High Risk Behaviot Group ပေါ့၊ မူးယစ်ဆေးဝါး Group တွေကို ၁၀၀ ရာခိုင်နှုန်း ကွန်ဒုံးကို အန္တရာယ်များတဲ့ မြို့တွေ ၁၅၄မြို့မှာ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်မှုက ဒီ ကွန်ဒုံးဖြန့်ဖြူးမှုဟာ ယခု၂၀၀၅ခုနှစ်မှာ ၃၅သန်း ဖြစ်လာပါတယ်။ အရင်ထက်စာရင်း သုံးဆမြင့်မားလာကြောင်းကို ဖော်ပြထားပါတယ်။ နောက်တစ်ခုကာကွယ် ပစ္စည်းဖြစ်တဲ့ ကွန်ဒုံး အသုံးပြုမှုမှာ ၂၀၀၃ခုနှစ်မှာ ၄၉ရာခိုင်နှုန်းဖြစ်ပြီးတော့ ၂၀၀၅ခုနှစ်မှာ ၇၆ရာခိုင်နှုန်းအထိမြင့်မားလာကြောင်းကိုလည်း ဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နောက်တစ်ခါ မူးယစ်ဆေးဝါးမှ တစ်ဆင့် HIV ကူးစက်မှုကာကွယ်ရေးနှင့် ကုသရေးကို ကျန်းမားရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၂၆ ခုဖြစ်တဲ့ Major Treatment Centre တွေမှာ ပါရဂူများနဲ့ ကုသသလို Minor Clinic လို့ ခေါ်တဲ့ မူးယစ်ဆေးဝါး ကုသရေးတွေကို တစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ CCDAC ရဲ့ ဦးဆောင်မှုနဲ့အတူ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီး ဌာနကလဲပဲ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံရဲ့မြောက်ပိုင်းနဲ့ အရှေ့ပိုင်း ဒေသမြို့များမှာ Harm Reduction ကို CCDAC နဲ့ UNODC တို့ ပူးပေါင်းပြီးတော့ ကျွန်တော်လူမှုရေးအသင်းတွေနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင် သတ်မှတ်မြို့နယ် ၂၀အနက် ၁၆မြို့နယ်မှာ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခု မိခင်မှ သန္ဓေသားသို့ HIV ကူးစက်မှု ကာကွယ်ရေး (PMCT)ကို မြို့နယ် ၆၈ မြို့နယ်နဲ့ ဆေးရုံကြီး ၁၇ရုံတွင် ဆောင်ရွက်ပြီးတော့ အခုလာမယ့် ငါးနှစ်စီမံကိန်းမှာ တိုးချဲ့ပြီး ဆောင်ရွက်သွားမယ်ဆိုတာလဲ ဒီနေရာကနေ တင်ပြပါတယ်။

နောက်ကုသရေးနဲ့ပတ်သက်ပြီးတော့ တင်ပြရရင်တော့ ကုသရေးကို အနည်းငယ်စခဲ့တာကတော့ ၂၀၀၀ပြည့်နှစ်လောက်မှာစပြီးတော့ ယနေ့ဆိုရင် လူနာပေါင်း ၁၀၀၀ကို ခုနကတင်ပြခဲ့တဲ့အဖွဲ့အစည်းတွေနဲ့ UN Agency, Local NGO, National NGO, International NGO တို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာ ၁၀၀၀၊ ၂၀၀၅–၂၀၀၆မှာ တိုးချဲ့ပြီးတော့ ၁၀၀၀၀ အထိ ဆောင်ရွက်သွားမည်ဆိုတာလဲပဲ ဒီနေရာကနေ တင်ပြလိုပါတယ်။

နောက်တစ်ခုက လူထုပညာပေးရေး၊ အသိပညာတွေ ခေါင်းပါးနေပါတယ်။ HIV အကြောင်း မသိပါဘူး ပြောတဲ့ဟာတွေကိုလဲ ဒီကနေ့

...ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နဲ့ နိုင်ငံတော်ကို ပိတ်ဆို့ရေး၊ ...ည်ပြေးအဖွဲ့၊ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့လဲ ပတ်သက်နေ ...တဲ့ အထောက်အထားများ နိုင်ငံတော်အစိုးရက ရရှိထားပြီးဖြစ်

...းကော်မတီဥက္ကဋ္ဌဟာ
...တွင်းရေးမှူး(၁)ဒုတိယ
...န်းမာရေး ဝန်ကြီးရယ်၊
...ါင်းပြီး ကျန်းမာရေး
...င်အထည်ဖော်နေတာ
...နဲ့ ဒီလို ကျန်းမာရေး
... တခြားဝန်ကြီးဌာန၊
...းဖြစ်တဲ့ ပြည်ထောင်စု
...သမီးရေးရာအဖွဲ့ချုပ်၊
...န်မာနိုင်ငံ ကြက်ခြေနီ
...ဟာင်းအဖွဲ့၊ နောက်
... သူနာပြုတွေ၊ ဒီလို
...WHO, UNICEF,
...lNGOနဲ့ ဆောင်ရွက်
... ကျန်းမာရေးကဏ္ဍ
...ကြတာဟာ ကျွန်တော်
...ဦးစွာပထမ တင်ပြလို

...်တို့ မြန်မာနိုင်ငံအနေ
...်ပြီတော့ စောစောက
...ရွက်လျက်ရှိပါတယ်။
...cy...တဲ့ UN Ex-
... Technical World
...ပ်ချက်တွေကို မှိုင်းမြင်
...က်အထားနဲ့ တင်ပြ
...နှစ်နဲ့စာရင် ထက်ဝက်
...သိသိသာသာ ကျဆင်း
...ာတာ ဖြစ်ပါတယ်။
...က်နိုင်ငံရဲ့ ဖြစ်နေတဲ့
...လဲ ဆက်လက်ဆောင်

...ion) ခေါ်တဲ့ လူငယ်
...igh Risk Behaviot
...ရာခိုင်နှုန်း ကွန်ဒုံးကို
...ယ်။ ဆောင်ရွက်မှုက
...စ်လာပါတယ်။ အရင်
...ါတယ်။ နောက်တစ်ခု
...ာ ၄၉ရာခိုင်နှုန်းဖြစ်ပြီး
...င်းကိုလည်း ဒီအစီရင်

...Vကူးစက်မှုကာကွယ်
... တစ်နိုင်ငံလုံးအတိုင်း
...re တွေမှာ ပါရဂူများ
...ဆေးဝါး ကုသရေးတွေ
...ဆောင်ရွက်တဲ့ နေရာမှာ
...ရေးဝန်ကြီး ဌာနကလဲပဲ
...မြောက်ပိုင်းနဲ့ အရှေ့
...AC နဲ့ UNODCတို့
...မာရေးဝန်ကြီးဌာနတို့
...အောင်အောင်မြင်မြင်နဲ့

...းစက်မှု ကာကွယ်ရေး
...၇ရုံတွင် ဆောင်ရွက်
... ဆောင်ရွက်သွားမယ်

...ရင်တော့ ကုသရေးကို
...ပြီးတော့ ယနေ့ဆိုရင်
...တွနဲ့ UN Agency,
...O တို့နဲ့ ပူးပေါင်းပြီး
...တော့ ၁၀၀၀၀ အထိ
...လိုပါတယ်။
...ပညာတွေ ခေါင်းပါး
...ာတွေကိုလဲ ဒီကနေ့

တီဗွီမှာ၊ ရုပ်မြင်သံကြားကနေတစ်ဆင့်၊ နောက်ပြီးတော့ Printed မီဒီယာကတစ်ဆင့် ဆောင်ရွက်နေပါတယ်။ ကျန်းမာရေး School Youthလို့ခေါ်တဲ့ ကျောင်းသားလူငယ်တွေကို ကျောင်းကျန်းမာရေး HIV ကာကွယ်ရေးနဲ့အခြား Healthy Life Styleဖြစ်ဖို့အတွက် UNICEFရဲ့ အကူအညီနဲ့ ဆောင်ရွက်ခဲ့တာလည်းကြာပါပြီ။ ဒီလို School Youth ကို ဆောင်ရွက်နေသလို Out of School Youthလို့ခေါ်တဲ့ ကျောင်းပြင်ပလူငယ်တွေကိုလည်းပဲ ကျန်းမာရေးဝန်ကြီးဌာနနဲ့ NGO တွေက National နဲ့ International NGO တွေနဲ့ ဆောင်ရွက်နေပါတယ်။

နောက်တစ်ခု ဘယ်နိုင်ငံမှမလုပ်သေးတာရှိပါတယ်။ ကျွန်တော်တို့က International Level မှာ ၂၀၀၃ခုနှစ် နိုဝင်ဘာလမှာ ရန်ကုန်မြို့မှာ နိုင်ငံတော်အဆင့် HIV ပြပွဲကြီးကိုလဲ ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခါ ဒုတိယအကြိမ် မန္တလေးမှာ ၂၀၀၄ခုနှစ် အောက်တိုဘာလမှာလဲ ဆောင်ရွက်ခဲ့ပါတယ်။ ခုနတင်ပြခဲ့တဲ့ အဖွဲ့အစည်းတွေဟာ ပြပွဲကြီးမှာအင်တိုက်အားတိုက် တက်ရောက်လာကြတာကိုလဲ TV တွေ၊ ရုပ်မြင်သံကြားတွေမှာ အားလုံးအသိဖြစ်ပါတယ်။ ဒီလိုပညာပေးလုပ်ငန်းတွေကို လူထုအပေါင်းသိရှိရအောင် ဆောင်ရွက်ထားတာတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီအစီရင်ခံစာမှာ ဖော်ပြထားတာကတော့ အသက် ၁၅နှစ်မှ ၄၉ အထိဟာ ၂၀၀၅ခုနှစ်မှာ ၁ဒသမ ၂၅ရာခိုင်နှုန်းဖြစ်ပြီးတော့ အားသွန်ခွန်စိုက်နဲ့ ဆောင်ရွက်သွားရင် ၂၀၁၀ပြည့်နှစ်မှာ တစ်ရာခိုင်နှုန်းအောက်ကို ရောက်သွားမယ် ဖြစ်ကြောင်းကိုလည်း Production အနေနဲ့ ခုန Agency တွေက ဆောင်ရွက်ထားပါတယ်။ ယခု လက်ရှိသွေးလှူတဲ့သူတွေ စစ်ဆေးတဲ့အခါမှာ ဝဒသမ ၈ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ HIV က NLD ကစွပ်စွဲသလို မဟုတ်ပါဘူး။ အခြေအမြစ်မရှိပါဘူး။ Objective Reality နဲ့ ကင်းကွာနေပါတယ်ဆိုတဲ့အကြောင်း ဒီနေရာက ပြောကြားလိုပါတယ်။

နောက် ငှက်ဖျားရောဂါနဲ့ ပတ်သက်ပြီး အကျဉ်းရုံးတင်ပြပါမယ်။ ၁၉၉၀ပြည့်နှစ်တွင် လူ ၁၀၀၀ လျှင် ရောဂါဖြစ်ပွားမှုနှုန်းဟာ ၂၄ ဒသမ ၃ ဖြစ်ပွားမှုနှုန်းရှိရာမှ ၂၀၀၄ခုနှစ်တွင် ဖြစ်ပွားမှုနှုန်း ၁၁ဒသမ၁ သို့ ကျဆင်းလာပါတယ်။ နောက် ငှက်ဖျားကြောင့် သေဆုံးမှုနှုန်းမှာ ၁၉၉၀ပြည့်နှစ်တွင် လူတစ်သိန်းလျှင် ၁၂ဒသမ၆ရှိရာမှ ၂၀၀၄ခုနှစ်မှာ ၃ဒသမ၇သို့ ကျဆင်းလာကြောင်းဖြစ်ပါတယ်။ ဘာကြောင့် ကျဆင်းလာသလဲဆိုရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြည်သူလူထုအား ပညာပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ ဝေငှခြင်း၊ ခြင်ထောင်များကို ဆေးရည်စိမ်ပေးခြင်း၊ ရောဂါအမြန် ရှာဖွေတွေ့ရှိဖို့ (Rapid Tast Kits)နဲ့ (Microscope)တွေ၊ ငှက်ဖျားဆေးဝါး (ACT)ခေါ်တဲ့ ငှက်ဖျားဆေးဝါး အသစ်များကို ကျေးရွာအထိ ဖြန့်ဖြူး ပေးနိုင်ပါတယ်။ ဒါကြောင့် အများဆုံးဖြစ်တဲ့ ကျေးရွာလူထုကို ငှက်ဖျားတိုက်ဖျက်ရေးမှာ ပြည်သူလူထုနဲ့အတူ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတယ် ဆိုတဲ့အကြောင်း အောင်မြင်မှုရနေတယ်ဆိုတာ တင်ပြလိုပါတယ်။

နောက်တစ်ခု တီဘီရောဂါနဲ့ပတ်သက်ပြီး အကျဉ်းရုံးပြီး ပြောပါမယ်။ **အားလုံးသိတဲ့ DOTS လို့ပြောနေတဲ့ ကုထုံးဟာ တစ်နိုင်ငံလုံးကို ဖြန့်ကြက်ပြီးတော့ ဆောင်ရွက်နိုင်တဲ့အဆင့်မှာ ရှိပါတယ်။ မြို့နယ်အားလုံးမှာ ဆောင်ရွက်နိုင်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာလဲ အခမဲ့ ကုသပေးနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးအနေနဲ့ နှစ်နှစ်စာ ဖူလုံစွာရှိပါတယ်။ ဒါကြောင့် DOTS မှာလဲ မခက်ခဲပါဘူး။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၅မှာ ရောဂါရှာဖွေတွေ့ရှိမှုနှုန်း ၇၀ရာခိုင်နှုန်း သတ်မှတ်ထားပြီးတော့ ကုသမှုအောင်မြင်မှုနှုန်း ၈၀ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။ ၁၉၉၄ခုနှစ်တုန်းက ရောဂါရှာဖွေမှုနှုန်းဟာ ၃၂ရာခိုင်နှုန်းရှိရာမှ ၂၀၀၄ခုနှစ်မှာ ၈၁ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဒါဆိုရင် သတ်မှတ်ချက်ကို ကျော်လွန်နေပါတယ်။ နောက်ကုသမှုမှာ ၂၀၀၄ခုနှစ်တွင် ၈၁ရာခိုင်နှုန်း ရှိနေတဲ့အတွက်ကြောင့် အနည်းငယ်သာလိုတော့ကြောင်း၊ ဒါကိုလဲ ၂၀၀၅–၂၀၀၆ခုနှစ်မှာ ပြည့်မီအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တီဘီရောဂါနဲ့ ပတ်သက်ပြီးတော့ အခက်အခဲတွေဖြစ်နေတယ်၊ ရင်ဆိုင်ကြုံတွေ့နေရတယ်ဆိုတာလဲ မမှန်ကြောင်း၊ ဒီရောဂါကြီးသုံးခုဟာ HIV၊ ငှက်ဖျား၊ တီဘီတွေဟာ ကျွန်တော်တို့ ကျန်းမာရေးပြဿနာ တစ်ခုမဟုတ်ဘဲနဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် နောက်ပြီးဆင်းရဲမှုလျော့ပါးရေး ဒီလိုခံယူချက်တွေနဲ့ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေပါတယ်လို့ တင်ပြလိုပါတယ်။

နောက်တစ်ခု ကြက်ငှက်တုပ်ကွေးရောဂါကို အာရှနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ရောဂါစတင်ဖြစ်ပွားတဲ့ ၂၀၀၄ခုနှစ် စောစောပိုင်းက ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားကျန်းမာရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျန်းမာရေး ဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီးတော့ တခြား NGOတွေ၊ အဖွဲ့အစည်းတွေပါတဲ့ ကြက်ငှက် တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးနဲ့ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး (Human Influenza Pandemic Preparedness and Response)ကို အဲဒီ အချိန်ကစပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လူထုပညာပေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်သလို ကျန်းမာရေးလုပ်သားတွေကို လေ့ကျင့်မှုများဆောင်ရွက်ရပါတယ်။ ရောဂါကာကွယ်ရေးဝတ်စုံတွေ၊ ဆေးဝါးတွေ စုဆောင်းပါတယ်။ ဗဟိုတင်မဟုတ်ဘဲ တိုင်း၊ ခရိုင်၊ မြို့နယ်တွေမှာလဲ ဒီကော်မတီတွေ ရှိပါတယ်။ **အခုလွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ် မတ်လဆန်းခန့်က စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းမှာမြို့နယ် ၁၃မြို့နယ်တွင် H5N1 ဖြစ်ခဲ့ပါတယ်။ ဖြစ်ပွားလျှင်ဖြစ်ပွားခြင်း Joint ကော်မတီမှာပါတဲ့ မွေးမြူရေးနဲ့ရေလုပ်ငန်း ဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာန ဒေသအာဏာပိုင်တွေ NGOတွေ၊ လူထုတွေပူးပေါင်းပြီးတော့ ကြက်ငှက်များကို သုတ်သင်ခြင်း၊ သယ်ယူပို့ဆောင်မှု၊ ရောင်းဝယ်မှုများကို ထိန်းချုပ်ခြင်း၊ ကြက်ငှက်များနဲ့ ထိတွေ့သူများကို စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင် ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်မှုကြောင့် ယခုဧပြီလဆန်းမှာ ကြက်ငှက် တုပ်ကွေးရောဂါမရှိတော့ကြောင့်၊ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်းကိုလဲ ဒီနေရာက ပြောကြားလိုပါတယ်။ အဲဒီအချိန်မှာ Avian Flueကြက်ငှက်များမှာဖြစ်ခဲ့သော်လဲ လူတစ်ဦးတစ်ယောက်မှမဖြစ်ကြောင်း၊ သေဆုံးမှုမရှိကြောင်းကိုလဲ ဒီနေရာမှ တင်ပြလိုပါတယ်။**

အခု ကျွန်တော်တင်ပြတဲ့ကိစ္စတွေက အချက်အလက်တွေအပေါ်မှာ အခြေထားပြီးတော့မှ တင်ပြခြင်းဖြစ်ပါတယ်။ အချက်အလက်တွေကလဲပဲ ကျွန်တော်တို့ဆီက အချက်အလက်တွေဖြစ်သလို နိုင်ငံတကာ အဖွဲ့အစည်းတွေက ကျွန်တော်တို့အပေါ်မှာ သုံးသပ်ထားတဲ့ အခြေခံတွေကို ယူခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ရောဂါကြီးသုံးခုကို MDG Goal နဲ့ အညီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံရဲ့ ပြည်တွင်းအင်အားကို အဓိကထားပြီးတော့ နိုင်ငံတကာရဲ့ အကူအညီတွေကိုလဲ မပစ်ပယ်ပါဘူး၊ သို့သော်လဲ ကျွန်တော်တို့ရဲ့ အဓိကဖြစ်တဲ့ Available Resources နဲ့ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ဦးမျိုးမင်းမင်း(ရွှေမန္တလေးဂျာနယ်)

လက်နက်ချ အလင်းဝင်လာတဲ့ သူတွေထဲမှာ လားဟူတိုင်းရင်းသားတွေပါတယ်လို့ သိရပါတယ်။ ရှက်ဆစ်အဖွဲ့က လားဟူတိုင်းရင်း သားတွေကို လူမျိုးခွဲခြားမှုရှိပါသလား။ ရှိရင် ဘယ်လိုများခွဲခြားပါသလဲဆိုတာ သိချင်ပါတယ်။ နောက်တစ်ချက်က ရှက်ဆစ်ရဲ့ SSA တောင်ပိုင်းအဖွဲ့ထဲကို ဘယ်လိုရောက်သွားပါသလဲ။ ဘာတွေလုပ်ရပါသလဲဆိုတာ သိချင်ပါတယ်။

ကိုရှေလ(လားဟူတိုင်းရင်းသား၊ SSA-S ရှက်ဆစ်အဖွဲ့မှအလင်းဝင်)

ကျွန်တော်က ရှေလပါ။ ချင်းမိုင်ခရိုင်၊ မယ်ဟိုင်မြို့နယ် ပါခွတ်ကျေးရွာမှာ နေပါတယ်။ မွေးတာက မြန်မာနိုင်ငံဘက်မှာ မွေးပါတယ်။ ကျွန်တော်က ထိုင်းနိုင်ငံမှာကြီးပြင်းပါတယ်။ ဟိုဘက်မှာ အလုပ်လုပ်ရင်းနဲ့ ကျွန်တော်တို့ ပါခွတ်ရွာမှာ SSA အဖွဲ့ရဲ့အတင်းအဓမ္မ ခေါ်ဆောင်ခြင်းကို ခံရပါတယ်။ ကျွန်တော်တို့ဟိုဘက်ကနေပို့ပြီးတော့ မယ်မွန်စခန်းကိုပို့ပါတယ်။ အဲဒီကိုရောက်တော့ ကျွန်တော်တို့ ကျောခိုင်းသင်တန်းကျောင်းမှာ ကျွန်တော်တို့ သင်တန်းတက်ပါတယ်။ သင်တန်းတက်ပြီးတော့ တပ်မဟာ (၈၁၁) တပ်ရင်း(၈၁၅)က တပ်ခွဲ(၁)မှာ ကျွန်တော်တို့တာဝန်ထမ်းဆောင်ရပါတယ်။ SSA ရှက်ဆစ်အဖွဲ့ထဲက ကျွန်တော်တို့ ဘာဖြစ်လို့အလင်းဝင် ရောက်လာလဲဆိုတာ ကျွန်တော်တို့ နည်းနည်းပြောလိုပါတယ်။ ကျွန်တော်တို့ SSA ရှက်ဆစ်အဖွဲ့က လားဟူ တိုင်းရင်းသားတွေကို နေရာမပေးဘူး။ နှိမ်တယ်။ ကျွန်တော်တို့လားဟူအဖွဲ့ထဲမှာ တပ်ခွဲမှူးကလွဲလို့ ရာထူးမရှိဘူး။ ကျွန်တော်တို့ အထက်အရာရှိ အားလုံးလိုလိုက ရှမ်းအမျိုးသားတွေကိုပဲ သူတို့က ဦးစားပေးတယ်။ ကျွန်တော်တို့ အခြားလူမျိုးစုတွေ၊ အခါတွေ၊ ပလောင်တွေ အမျိုးမျိုးရှိတယ်။ သူတို့ ရှမ်းလူမျိုးကိုပဲ သူတို့က အဓိကထားပြီး နေရာပေးတယ်။ အဲဒါ ကျွန်တော်တို့ကလဲ မခံမရပ်နိုင်ဖြစ်ပြီးတော့ အလင်းဝင်ရောက် ရခြင်းဖြစ်ပါတယ်။ နောက်ရှက်ဆစ်အဖွဲ့ထဲမှာ သူတို့လုပ်ငန်းတွေကတော့ လုပ်ရတယ်။ လူလွှတ်ပြီးတော့ မိုင်းတုံ၊ မိုင်းဆက်၊ မိုင်းပျင်း အကုန်လုံးမှာ ဆက်ကြေးကောက်ရတယ်။ လူလွှတ်ပြီးတော့ သူတို့အကုန်လုံးဆက်ကြေးကောက်တယ်။ ဆန်စက်ကောက်တယ်။ ဗီဒီယို၊ TV ကောက်တယ်။ ဆိုင်ကယ်တွေကောက်တယ်။ ထော်လာဂျီကောက်တယ်။ ကျွဲ၊ နွားတွေကအစ သူတို့အခွန်ကောက်ပါတယ်။ SSA အဖွဲ့က၊ ပြီးတော့ သူတို့က နယ်စပ်ကအရောင်းအဝယ် မှောင်ခိုသမားတွေ တစ်ယောက်စ နှစ်ယောက်စတွေ့ရင်၊ ရာဘာတွေဖမ်း မိရင် သူတို့ပစ္စည်းတွေကိုပဲ အများ ကြီးယူလာပြီးတော့ ခတ်ပုံရိုက်ပြီးတော့ သွားတယ်။ ဖမ်းမိတာက နည်းနည်းလေး။ ယူလာတာက အများကြီး။ သူတို့ခတ်ပုံရိုက်ပြီးတော့သွားတာ ကျွန်တော်တို့ တွေ့တယ်။ ဘာလို့လဲတော့ ကျွန်တော်တို့မသိဘူး။ ကျွန်တော်တို့ အလင်းဝင်ရောက်ခြင်း အကြောင်းအရာကတော့ ကျွန်တော်တို့က သူတို့လုပ်ရပ်ကို မခံနိုင်လို့ တစ်ဖက်နိုင်ငံကို ကျွန်တော်တို့ ထွက်ပြေးလာတယ်။ တစ်ဖက်နိုင်ငံကိုထွက်ပြေးပြီးတော့ ကျွန်တော်တို့က လက်နက်တွေ ဝှက်ထားခဲ့တာ တောထဲမှာ။ ယိုးဒယားတောင်ယာထဲမှာ ကျွန်တော်တို့ ဝှက်ထားခဲ့တယ်။ ဝှက်ထားပြီးတော့ ကျွန်တော်တို့က ရရာအလုပ်ကို ကျွန်တော်တို့လုပ်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ယိုးဒယားဘက်မှာ တောကောင်တွေ အရောင်းအဝယ်လုပ်တဲ့လူကို ကျွန်တော်တို့ သွားတွေ့တယ်။ တပ်မတော်အစိုးရ ဒီလိုဒီလိုလက်ခံတယ်။ အလင်းဝင် ပြန်လာတဲ့သူတွေကို နေရာပေးတယ်။ နေစရာပေးတယ်။ အဲဒီမျိုးသတင်းကြားလို့ ကျွန်တော်တို့က မိုင်းတွင်းပြည်သူ့စစ်ခေါင်းဆောင် ဦးပီငေါကတစ်ဆင့် ကျွန်တော်တို့ အဆက်သွယ်လုပ်ပြီးတော့ လွယ်ကျပ်မော်၊ လွယ်လန်းဒေသမှာ အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။

ကိုမာကူး(လားဟူတိုင်းရင်းသား၊ SSA-S ရှက်ဆစ်အဖွဲ့၏ အဓမ္မ လူသစ်စုခံရသူ)

ကျွန်တော် မာကူးပါခင်ဗျား။ ဦးကြတ်ထူးရဲ့ တပ်ခွဲကပါ။ ဘာဖြစ်လို့ အဲဒီ SSA အဖွဲ့ထဲဝင်ရလဲဆိုရင် သူတို့က အတင်းဖမ်းခေါ်ပါတယ်။ ကျွန်တော်က ယိုးဒယားမှာ နေ့စားခနဲ့ အသက်မွေးနေတာပါ။ သူတို့ ဖမ်းခေါ်သွားတဲ့အခါမှာ ကျွန်တော်တို့ကို တစ်လ ဘတ် ၁၀၀ ပေးမယ်ဆိုပြီး ကတိပြုပါတယ်။ တကယ်ကျတော့ မရပါဘူး။ ထမင်းစားရရုံပဲရှိတယ်။ ပြီးတော့ ကျွန်တော်တို့ လားဟူလူမျိုးတွေကို တအားနှိမ်တယ်။ အဲဒါ ကျွန်တော်တို့ မနေချင်ဘူး။ ထွက်ပြေးမယ်ဆိုလည်း အသတ် ခံရမှာကြောက်ရ၊ မသင်္ကာတဲ့ လူမြင်ရင်လည်း ဖမ်းပြီးတော့မှ ပညာပေးတာတို့၊ ရိုက်ပေးတာတွေ့ရပါတယ်။ နောက်ဆုံးတော့ သေလဲ သေပါစေဆိုပြီး ကျွန်တော်တို့ ထွက်ပြေးလာပါတယ်။ သေနတ်ကို ယိုးဒယားနိုင်ငံသူများ တောင်ယာဟောင်းမှာ ဝှက်ထားခဲ့ပါတယ်။ အလင်းဝင်ပြီးမှ သွားပြန်ယူပါတယ်။ ကျွန်တော်တို့ ထွက်ပြေးလာတဲ့ မယ်မွန်စခန်းဟာ ယိုးဒယားနိုင်ငံမှာရှိပါတယ်။ ကျထိန်နဲ့ နီးပါတယ်။ တင်ပြလိုတာ ဒါပါပဲခင်ဗျာ။

ဦးဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)

ကျွန်တော် မေးခွန်းနှစ်ခု မေးချင်ပါတယ်။ တစ်ခုကတော့ မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှုပြဿနာကို တားဆီးပိတ်ပင်နိုင်မှု မရှိကြောင်း စွပ်စွဲနေတာတွေ ကြားရပါတယ်။ အဲဒါကြောင့် လူကုန်ကူးမှု ကာကွယ်တိုက်ဖျက်မှုမှာ နိုင်ငံတော်အနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲဆိုတာ သိလိုပါတယ်။

တစ်ဆက်တည်းမှာပဲ လူကုန်ကူးမှုခံရတဲ့ သားကောင် Victim တွေကို ဘယ်လိုနှစ်သိမ့်ဆွေးနွေး ကာကွယ်စောင့်ရှောက်နေပါသလဲ။ အဲဒါနဲ့ အလားတူ မူးယစ်ဆေးစွဲနေသူတွေကို ထာဝရ မူးယစ်ဆေးပြတ်အောင် ဘယ်လို ပြန်လည်ပြုစုပျိုးထောင်နေပါသလဲ ခင်ဗျား။ အဲဒါသိလိုပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ

ကျွန်တော်တို့နိုင်ငံအနေနဲ့ လူကုန်ကူးမှုပြဿနာကို တားဆီးကာကွယ်ခြင်းမပြုနိုင်ဘူးဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ လူကုန်ကူးမှုပြဿနာနဲ့ ပတ်သက်ပြီတော့ အရေးယူတားဆီးမှုအပိုင်းမှာ ပထမပိုင်းမှာ တည်ဆဲဥပဒေနဲ့ အရေးယူနေဆဲပါ။ အဲဒီ အရေးယူနေဆဲမှာပင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို နိုင်ငံတော်အနေနဲ့ ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၂ခုနှစ်ကနေပြီးတော့ လက်ရှိအချိန်ထိ ကျွန်တော်တို့ရဲ့အရေးယူဆောင်ရွက်မှုကို ကြည့်မယ်ဆိုရင် လက်ရှိအမှုပေါင်း ၇၀၃မှု အရေးယူ ထားတာရှိပါတယ်။ တရားခံပေါင်း ၁၄၂၁ယောက်ကို အရေးယူခဲ့ပါတယ်။ အမှုပေါင်း ၁၄၁မှုဟာ ရဲတပ်ဖွဲ့မှာ စိစစ်ဆဲဖြစ်ပြီးတော့ အမှုပေါင်း၂၄၃မှုဟာ တရားရုံးမှာ စစ်ဆေးစီရင်ဆဲ ဖြစ်ပါတယ်။ အမှုပေါင်း ၃၀၅မှုဟာ ပြီးပြတ်ခဲ့ပြီး ၁၄မှုဟာ ပိတ်သိမ်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တားဆီးကာကွယ်ရေးအပိုင်းမှာ ထိထိရောက်ရောက် ဆောင်ရွက်နေပါတယ်ဆိုတာ ကျွန်တော် ဖြေကြားလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒေသတွင်း နိုင်ငံများနဲ့ ပူးပေါင်းတဲ့အပိုင်းမှာ မဲခေါင်ဒေသ အတွင်းမှာရှိတဲ့နိုင်ငံများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံချက်ကို ပူးပေါင်းဆောင်ရွက်တဲ့ အပိုင်းမှာ မဲခေါင်ဒေသအတွင်းရှိ နိုင်ငံပေါင်းခြောက်နိုင်ငံ (တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ)တို့ရဲ့ ဝန်ကြီးအဆင့်အစည်းအဝေးတွေကို အိမ်ရှင်နိုင်ငံအဖြစ် ကျွန်တော်တို့က စတင်ပြီး ကျင်းပခဲ့တာ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၇ရက်၊ ၂၈ ရက်၊ ၂၉ ရက်နေ့များမှာ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒေသအတွင်းမှာပင် ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အချပ်ပို (ဃ) သို့

နိုင်ငံတော်အစိုးရအနေနဲ့ စိတ်ရှည်သည်းခံ သဘောထားကြီးပြီး အဘက်ဘက်ကသုံးသပ်ကာ NLD ကို ပါတီအဖြစ်ရပ်တည်ခွင့်ပေးထား

အချပ်ပို (ဂ)မှ

ကျွန်တော်တို့ ပြည်သူလူထုအတွင်းမှာ တရားဝင်တားဆီးရေးအပိုင်းမှာပါ အသိပညာပေးတဲ့အခါ တရားဥပဒေကို ကိုင်တွယ်ပြီးတော့ တားဆီးရတဲ့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရှေ့နေချုပ်ရုံး ဥပဒေအဖွဲ့နဲ့ တရားရုံးချုပ်တရားရေးအဖွဲ့များ ပါဝင်တဲ့ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်နဲ့ မတ်လ ၈ရက်နေ့တို့မှာ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထုကို ပညာပေးတဲ့ အပိုင်းမှာတော့ NGO အဖွဲ့များဖြစ်ကြတဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ဟာ ဆိုရင် နိုင်ငံရဲ့နယ်မြေအနှံ့ တိုင်းနဲ့ပြည်နယ် အားလုံးမှာ အောက်ခြေအဆင့်ထိ ပညာပေးဟောပြောဆွေးနွေးမှုများနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် စွပ်စွဲတဲ့အဖွဲ့ဘက်က စွပ်စွဲတာ ပြန်ကြည့်လို့ရှိရင် မျက်စိပိတ် နားပိတ်ပြီးတော့ မဆောင်ရွက်နိုင်ဘူး ဆိုပြီး စွပ်စွဲခြင်းဟာ ကျွန်တော်တို့ နိုင်ငံရဲ့ သိက္ခာ၊ ကျွန်တော်တို့ လူမျိုးရဲ့ အကျင့်သိက္ခာကို စော်ကားလိုက်တာပဲလို့ပဲ ကျွန်တော် ဖြေကြားလိုပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်

ကျွန်တော်မေးခွန်းတစ်ခု အတိုချုပ်ပြီးတော့ ပြန်လည်ဖြေကြားပါမယ်။ တစ်ကတော့ လူကုန်ကူးခံ ရသူသားကောင် Victimတွေနဲ့ ပတ်သက်လို့ ဘယ်လိုနှစ်သိမ့်ဆွေးနွေးကာကွယ်စောင့်ရှောက် သလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ လူကုန်ကူးခံရတဲ့လူတွေဟာ ပြည်ပမှာ လူမှုရေးဒုက္ခတွေဖြစ်ပြီးတော့ ဖြစ်နေတဲ့၊ ကြုံတွေ့နေရတဲ့ လူမှုရေးဒုက္ခတွေကို လူမှုဝန်ထမ်းနဲ့ ပြန်လည်နေရာချထားရေးဌာနအနေနဲ့ လူမှုဝန်ထမ်းနည်းလမ်းများဖြစ်တဲ့ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ နောက်သင်တန်းများပို့ချပေးခြင်း၊ ကျွန်တော်တို့ နောက်ဆက်တွဲ စောင့်ရှောက်ပေးခြင်းဆိုတဲ့ After Care Services စသည့်လုပ်ငန်းကို အဓိကထားပြီး ကျွန်တော်တို့ စောင့်ရှောက်ကာကွယ်ပေးပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသံရုံးတွေကသော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ပြန်လည်စေလွှတ်လိုက်တဲ့ လူမှောင်ခိုခြင်းခံရတဲ့ Victim တွေနဲ့ ပတ်သက်လို့ နည်းလမ်းတကျနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက လက်ခံပါတယ်။ အဲဒီလို လက်ခံပြီးတော့ နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနအောက် အမျိုးသမီးသင်တန်းကျောင်း တွေမှာ ခေတ္တလက်ခံပါတယ်။ အဲဒီနောက်ပိုင်းမှာ ပထမဆုံး ၎င်းတို့ကို ကျန်းမာရေးဆေးစစ်ပေးတယ်။ ၎င်းနောက် ၎င်းတို့ရဲ့ ဘဝဖြစ်စဉ်စတဲ့ ကိစ္စများကို ကျွန်တော်တို့ စိစစ်ပါတယ်။ အဲဒါကတော့ Case Study လုပ်ပါတယ်။ အဲဒီ နောက်ပိုင်းမှာ သူတို့ကို တိုက်ရိုက်အိမ် မပြန်ပို့ဘဲနဲ့ ၎င်းတို့အား လက်ရှိလူမှောင်ခိုကူးခံရတဲ့အပြင် ထပ်မံ၍ မှောင်ခိုအကူးခံမှုမဖြစ်ဖို့ကိစ္စနဲ့ ၎င်းတို့ကို လူ့အသိုင်းအဝိုင်း ထဲကို ပြန်လည်ဝင်ဆံ့ဖို့နဲ့ ၎င်းတို့အသိုင်းအဝိုင်းထဲမှာ ၎င်းတို့ကဲ့သို့ မဖြစ်ဖို့အတွက် ပညာရရေးအတွက်ကို သိသင့်သိထိုက်တဲ့ အသိပညာများ ပေးခြင်းနဲ့ အသက်မွေးဝမ်းကျောင်းပညာများပေးခြင်းစတဲ့ သင်တန်းများ ပေးပြီးမှသာလျှင် ကျွန်တော်တို့က ပြန်လည်စေလွှတ်ဖို့ လုပ်ထားပါတယ်။

အဲဒီလိုလုပ်တဲ့ နေရာမှာ သင်တန်းနဲ့ပတ်သက်လို့ ရှိရင် စိတ်ပိုင်းဆိုင်ရာသင်တန်းနဲ့ အသက်မွေးဝမ်းကျောင်း သင်တန်းဆိုတာရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာသင်တန်းနဲ့ ပတ်သက်လို့ကတော့ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးသုတေသန၊ သာသနာရေးဦးစီးဌာန၊ နတလ၊ ရန်ကုန်တက္ကသိုလ်စိတ်ပညာ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကနေပြီးတော့ Victim တွေနဲ့ ပတ်သက်လို့ သင်တန်းပေးပါတယ်။ နောက်တစ်ခုကတော့ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်လို့ကတော့ စက်ချုပ်ပညာ၊ ဇာထိုး ပန်းထိုးစတဲ့ပညာများကို သင်ကြားပေးလျက်ရှိပါတယ်။ ထို့ပြင် ၎င်းတို့ပြန်သွားတဲ့အခါဆိုရင် ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်နိုင်ဖို့ အတွက်ကို လူမှုရေးအားပေးခြင်းများနဲ့ လိုအပ်တဲ့စီးပွားရေး အထောက်အကူများကို သင့်တင့်လျောက်ပတ်အောင်ပေးခဲ့ပါတယ်။ နောက်မိသားစုဆီကို ပြန်အပ်နှံလို့ရှိရင်လဲပဲ ကျွန်တော်တို့ စနစ်တကျ ပြန်အပ်နှံပါတယ်။ ထို့ပြင် မိသားစုဆီ ရောက်သွားပြီးတဲ့နောက်ပိုင်းမှာ လူမှောင်ခိုကူးမှု ထပ်မံမဖြစ်ပွားရေးအတွက် Victim မဖြစ်ပွားရေး အတွက်ကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်များရဲ့ ကာကွယ်စောင့်ရှောက်မှုမှာ ကျွန်တော်တို့ အစိုးရဌာနတွေ၊ လူမှုဝန်ထမ်းဦးစီးဌာန အပြင် UNI AP,World Vision Myanmar, Save the Children UK စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူး ပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်လို့ မူးယစ်ဆေးစွဲသူတွေကို ထာဝစဉ်မူးယစ်ဆေးစွဲမှုပျောက်အောင် ပြုစုပျိုးထောင်မှုကိစ္စဖြစ်ပါတယ်။ မူးယစ်ဆေးစွဲသူများကို ဆေးရုံမှာ ကျန်းမာရေးဝန်ကြီးဌာနကနေ ဆေးဖြတ်ပေးပါတယ်။ ဒီလိုဆေးဖြတ်ပြီးတဲ့ နောက်ပိုင်းမှာ ထာဝစဉ်မူးယစ်ဆေးဝါး ပြတ်အောင်နဲ့ လူ့အသိုင်းအဝိုင်းတွင်းမှာ ဝင်ဆံ့အောင် ဆိုပြီးတော့ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အခါမှာ ဆေးရုံမှာအခြေပြုပြီးတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးတာရှိသလို လူမှုဝန်ထမ်းအောက်မှာရှိတဲ့ စခန်းတွေကို ဖွင့်ပြီးတော့ ဆောင်ရွက်ပေးတာလဲ ရှိပါတယ်။ နောက်တစ်ခုက မူးယစ်ဗဟိုက ဦးစီးပြီးတော့ လူငယ်များ လေ့ကျင့်ပျိုးထောင်ရေးစခန်းမှာလဲ ဖွင့်လှစ်ပေးတာလဲရှိပါတယ်။ အဲဒီအပြင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း Community base upon Community base Rehabitalition ကို ဆောင်ရွက်ထားပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးများကို ဆောင်ရွက်ပြုလုပ်ပေးပါတယ်။ ရုပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့ တင်ပြရလို့ရှိရင် အားကစားပြုလုပ်ခြင်းများကြောင့် ကြံ့ခိုင်စေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစေခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး လက်မှုပညာ၊ လက်သမား၊ ဆံသစတဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်ရေး ပညာပေးသင်ကြားပေးစေခြင်း၊ ကားရေဆေး၊ ဆီထိုးစတဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ အလုပ်ပေးပြီးတော့ ကုထုံးများနဲ့ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပါတယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့ ပြန်လည်ထူထောင်ရေးများ လုပ်တဲ့အခါမှာ တစ်ဦးချင်းနဲ့ သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း နှစ်သိမ့်ဆွေးနွေးခြင်းများ လုပ်ပါတယ်။ ထို့အပြင် သီချင်းဆိုခြင်း၊ ကာရာအိုကေဆိုခြင်း၊ နောက် TV, Video ပြသခြင်းစတဲ့ အပန်းဖြေမှုများ ပြုလုပ်ပေးပါတယ်။ နောက် ဆရာတော်များ၊ လူပုဂ္ဂိုလ်များရဲ့ တရားများကို နာစေပါတယ်။ ထို့အပြင် ဆေးစွဲသူများရဲ့ ဘဝအတွေ့ အကြုံခံစားချက်နဲ့ ဆန္ဒများကို လွတ်လွတ်လပ်လပ်ဖော်ထုတ်စေပါတယ်။ နောက်မိသားစုများနဲ့ ဆွေးနွေးစေပါတယ်။ နောက် မူးယစ်ဆေးဝါးကို သုံးစွဲခြင်းဖြင့် ဆိုးကျိုးဖြစ်ပွားစေတဲ့ အသိပညာများကို သင်ကြားပြသပါတယ်။ အဲဒီလိုလုပ်ပြီးတဲ့နောက်ပိုင်းမှာ နောက်ဆက်တွဲ ဆက်ဆံရေးလုပ်ငန်း After Care Service တွေကို စေတနာ့ဝန်ထမ်း၊ မူးယစ်ကြီးကြပ်ရေးတွေရဲ့ အကူအညီနဲ့ဆောင်ရွက်ပါတယ်။

ဦးဇန်ဇန် (နံ့နက်ခင်းသတင်းဂျာနယ်)

ပြန်ကြားရေးဝန်ကြီးမိန့်သွားတဲ့ ရှင်းလင်းချက်ထဲမှာ ၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့ ပအိုဝ်းရွာ တစ်ရွာကို SSA-S ရှက်ဆစ်အဖွဲ့က နေပြီးတော့ မီးရှို့မှုတွေလုပ်တယ်။ Ethnic Cleansing လိုသဘောမျိုးပေါ့။ လူတွေသတ်တယ်။ အိုးမဲ့အိမ်မဲ့ဖြစ်တာတွေ တွေ့ရတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘာ့ကြောင့် မီးရှို့သလဲ၊ ဘယ်လိုမီးရှို့ခံရပါသလဲ၊ အဲဒါ တစ်ချက်သိချင်ပါတယ်။ ထိုင်နေတဲ့ အထဲထဲမှာ အဲဒီလိုမျိုးကြုံခဲ့တဲ့လူတွေ ပါပါသလား၊ နောက်မေးခွန်းတစ်ခုကတော့ ရန်ကုန်မှာရှိတဲ့ NLD ဌာနချုပ်ကို သံတမန်တွေဝင်ထွက်သွားလာတယ်။ နည်းပေးလမ်းပြလုပ်တယ်၊ နောက် NLD ကြေညာချက်တွေ အပေါ်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုသဘောထားပါသလဲ၊ အဲဒါလေး သိချင်ပါတယ်။

ဦးကျော် (မော့မွန်းကျေးရွာအုပ်စု ထီးတခုကျေးရွာ)

ကျွန်တော်တို့ဟာ ဟိုပုန်းမြို့နယ် မော့မွန်းကျေးရွာအုပ်စု ထီးတခုမှာ နေထိုင်ပါတယ်။ မီးရှို့တာကတော့ ဟုတ်ပါတယ်။ ဘာဖြစ်လဲဆိုရင် မီးရှို့တာ အုပ်စုနှစ်အုပ်စု ဖြစ်ပါတယ်။ အုပ်စုနှစ်အုပ်စုထဲမှာဆိုရင် လေးရွာဖြစ်ပါတယ်။ ကျွန်တော်တို့ မော့မွန်းကျေးရွာအုပ်စု ထီးတခုကျေးရွာကတော့ ၃၂အိမ်၊ အလယ်တန်းကျောင်းက တစ်ကျောင်း၊ မူလတန်းကျောင်းက ဖျက်ဆီးခံရပါတယ်။ ဘန်မိုင်းကျေးရွာမှာတော့ ၁၄ အိမ်ပါပါတယ်။ မောင်လွတ်ကျေးရွာက ၁၄အိမ်ပါပါတယ်။ နောင်တေးကျေးရွာ အုပ်စုကျတော့ ၃၈အိမ် ပါပါတယ်။ အားလုံး စုစုပေါင်း အိမ်ခြေပေါင်းက ၉၈အိမ်ဖြစ်ပါတယ်။ ဘာဖြစ်လို့ မီးရှို့သလဲဆိုရင်တော့ ကျွန်တော်တို့ ထီးတခုရွာ အရှေ့မြောက်ဘက်မှာ မုန်းသောင်ဘုရားစေတီရဲ့မြောက်ဘက် နောင်ခီသစ် တောကြိုးဝိုင်းမှာ တပ်မတော်စစ်ကြောင်းနဲ့ SSA နဲ့ တိုက်ပွဲဖြစ်ပါတယ်။ တိုက်ပွဲဖြစ်တဲ့နေရာဟာ ကျွန်တော်တို့ရွာနဲ့ သုံးမိုင်အကွာလောက် ဖြစ်ပါတယ်။ ဘာဖြစ်လဲဆိုရင် အဲဒီ SSA အဖွဲ့ဟာဆိုရင် သူတို့အကြံ အစည်းတစ်ခုနဲ့လုပ်ပြီးတော့မှ အဲဒီတိုက်ပွဲမဖြစ်ခင်မှာ ဘာဖြစ်လဲဆိုရင် သူတို့တစ်ရွာစီကို ၁၅ယောက်၊ ၁၀ယောက် သူတို့အတင်းချပါတယ်။ တိုက်ပွဲကိုအကြောင်းပြုပြီးတော့မှ ဘာဖြစ်သလဲဆိုရင် ကျွန်တော်တို့ရွာကို မတရားအနိုင်ကျင့်မီးရှို့ခြင်းဖြစ်ပါတယ်။ သူတို့ရဲ့အမြင်ကို ကျွန်တော်တို့ လုံးဝနားမလည်နိုင်တဲ့ အပြင် အခုအခါဆိုရင် ကျွန်တော်တို့ရွာကို သုံးကြိမ် သူတို့မီးရှို့တာ ခံခဲ့ရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

နောက်မေးခွန်းတစ်ခုက NLDရဲ့ ကြေညာချက်တွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ သဘောထား ဘယ်လိုရှိသလဲလို့ မေးတယ်လို့ ထင်ပါတယ်။

NLD ရဲ့ ကြေညာချက်တွေနဲ့ ပတ်သက်ပြီးတော့ NLDရဲ့ ကြေညာချက်တွေအပေါ်မှာ နိုင်ငံတော်အစိုးရရဲ့ သဘောထားကို ကျွန်တော့်ရဲ့ရှင်းလင်းချက်ထဲမှာ အတော်ပြည့်ပြည့်စုံစုံပါရှိပြီး ဖြစ်ပါတယ်။ အခု မေးလာတဲ့အတွက် ဖြည့်စွက်ပြီး ရှင်းပြရမယ်ဆိုရင် NLDဟာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အမိန့်ဟူသမျှဆန့်ကျင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နဲ့ နိုင်ငံတော်ကိုပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ မှားယွင်းတဲ့ မူဝါဒတွေနဲ့ မှားယွင်းတဲ့လုပ်ဆောင်မှုတွေကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင်လဲပဲ အခုလို ကြေညာချက်တွေထုတ်တာဟာ သူ့ရဲ့ အနောက်ဆရာကြီးများက နေ့စဉ်လိုလို သူတို့ ရုံးကိုသွား၊ ထိတွေ့၊ ညွှန်ကြားချက်တွေပေးတဲ့အတိုင်း ထုတ်နေတာဖြစ်ပါတယ်။ အဲဒီလို မှားယွင်းတဲ့မူဝါဒ၊ မှားယွင်းတဲ့ လုပ်ဆောင်ချက်တွေကြောင့် နိုင်ငံတော်နဲ့ ပြည်သူမှာ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ အများအပြား ရှိခဲ့ပါတယ်။ ဒါကြောင့်လဲ ကနေ့အခါမှာ ပြည်သူလူထုအနေနဲ့ NLD ကို လုံးဝမထောက်ခံတော့ပါဘူး။ ဒါ့အပြင်လဲပဲ NLDရဲ့ မှားယွင်းတဲ့မူဝါဒနဲ့ မှားယွင်းတဲ့လုပ်ရပ်တွေကြောင့်၊ နိုင်ငံတော်ကို သစ္စာဖောက်တဲ့လုပ်ရပ်တွေကြောင့် သူတို့ရဲ့ NLD အဖွဲ့ဝင် များကိုယ်တိုင်ကိုက NLD ကို မယုံကြည်တော့ပဲနဲ့ အဖွဲ့ဝင်အဖြစ်က နုတ်ထွက်ခဲ့ကြပါတယ်။ ကနေ့အထိလဲပဲ တဖွဲဖွဲနဲ့ နုတ်ထွက်နေဆဲဖြစ်ပါတယ်။

ဒါ့အပြင် သူတို့ရဲ့ကြေညာချက်ထဲမှာပါတဲ့ တွေ့ဆုံဆွေးနွေးရေး ဆိုတာတွေနဲ့ပတ်သက်ရင်လဲ နိုင်ငံတော်အစိုးရအနေနဲ့ NLDကို အဲဒီတွေ့ဆုံ ဆွေးနွေးရေးအခွင့်အရေးတွေ ပေးခဲ့ပြီးဖြစ်ပါတယ်။ ၁၉၉၃ခုနှစ်မှာ အမျိုးသားညီလာခံကို စတင်ကျင်းပပါတယ်။ အဲဒီ ကျင်းပတဲ့အခါမှာ NLD ကို အဲဒီအမျိုးသားညီလာခံမှာ ကျယ်ပြန့်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေလုပ်နိုင်ဖို့ ဖိတ်ကြားတက်ရောက်စေခဲ့ပါတယ်။ NLD ကိုယ်တိုင်ကလဲ ၁၉၉၃ ကနေ ၉၅ အထိ တက်ရောက်ခဲ့ပြီးတော့ ၉၅ ခုနှစ်ကျမှ အနောက်ရဲ့ ညွှန်ကြားချက်၊ သူတို့ပါတီတစ်ခုတည်းရဲ့ အကျိုး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးအတွက် ညီလာခံက နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လဲ ၂၀၀၄ ခုနှစ် အမျိုးသားညီလာခံ ပြန်လည်ကျင်းပဖို့ စီစဉ်တဲ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ NLDကို ထပ်မံပြီး ဖိတ်ကြားခဲ့ပါတယ်။ အဲဒီလို ဖိတ်ကြားတဲ့အခါမှာ ပထမသူက တက်မယ်လို့ အကြောင်းပြန်ပါတယ်။ သို့သော် နောက်ဆုံးကျတော့ ညီလာခံကို မတက်ပါဘူး။ ဒါတွေဟာ အရင်ကတည်းက နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ဟာတွေကို အခွင့်အရေးပေးခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင်လဲ ကနေ့အခါမှာ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အထဲမှာပါတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပါတယ်။ အမျိုးသားညီလာခံမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေ၊ ပါတီအသီးသီးက ကိုယ်စားလှယ်တွေ၊ အရွေးချယ်ခံ ကိုယ်စားလှယ်တွေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ အပါအဝင် လူထုလူတန်းစား အဖွဲ့ရှစ်ဖွဲ့က ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် တက်ရောက်ပြီးတော့ ဆွေးနွေးနေကြပါတယ်။ အဲဒီအမျိုးသားညီလာခံရဲ့ ဆွေးနွေးမှုဟာ အင်မတန်ကျယ်ပြန့်ပြီးတော့ နိုင်ငံရေး အနှစ်သာရရှိတဲ့ ဆွေးနွေးမှုဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံဟာ NLD က ကနေ့တောင်းဆိုတဲ့ လက်တစ်ဆုပ်စာ လူတစ်စုနဲ့ ဆွေးနွေးရေးထက် နိုင်ငံရေးအရ ပိုမိုပြီး ကျယ်ပြန့်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို အကြောင်းအချက်တွေကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ဟာကို ဆောင်ရွက်ဖို့ အကြောင်း မရှိပါဘူးလို့ ကျွန်တော်ဖြေကြားလိုပါတယ်။

ဦးကိုကို (ယူမီယူရီရှင်ဘွန်းသတင်းစာ)

ကျွန်တော်မေးချင်တာကတော့ ခုနက သတင်းစာရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းသွားတာလဲ သိလိုက်ရပါ တယ်။ နောက်သတင်းစာဆရာတစ်ဦးရဲ့ မေးမြန်းချက်ကို ဖြေကြားသွားတာလဲ ထပ်မံသိရှိရပါတယ်။ အဲဒီဟာကတော့ ကျွန်တော်တို့ ဖေဖော်ဝါရီ ၁၂ရက်နဲ့ ဧပြီ၂၁ရက်နေ့မှာ NLDကနေ အထူးကြေညာချက်တွေအပေါ်မှာ နိုင်ငံတော်က ဘယ်လိုသဘောထားလဲဆိုတော့၊ အဲဒီမှာပြန်လည်ဖြေကြားသွားတာကတော့ နိုင်ငံတော်က တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်မရှိဘူးလို့ ပြန်လည် ဖြေကြားသွားတာတွေ့ရပါတယ်။ နောက် ဝန်ကြီးရဲ့ ရှင်းလင်းချက်မှာလဲ NLDက ပြည်ပဆရာကြီးတွေနဲ့ လမ်းညွှန်ချက်နဲ့ ဆောင်ရွက်နေတာတွေ တွေ့ရတယ်ဆိုပြီးတော့ ပြည်ပအဖွဲ့အစည်းများနဲ့ဆက်စပ်နေတဲ့ အနေအထားကိုလဲ ကြေညာသွားတာတွေ့ရပါတယ်။ ထို့အပြင် ပြီးခဲ့တဲ့ မကြာသေးမီကာလကပဲ NLD (LA)အပါအဝင် အဖွဲ့အစည်းသုံးခုကို နိုင်ငံတော်က အကြမ်းဖက် အုပ်စုများအဖြစ် ကြေညာသွားတဲ့ကြေညာချက်ကိုလဲ သတင်းစာများမှာ ဖတ်ရှုခဲ့ရပါတယ်။ ကျွန်တော်သိချင်တဲ့အချက်ကတော့ NLDကို ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်မှု အစီအစဉ်များ နိုင်ငံတော်မှာ ရှိပါသလားဆိုတာ သိချင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဦးကိုကို။ ကျွန်တော့်ရဲ့ အရင်ရှေ့က ရှင်းလင်းချက်တွေထဲမှာ NLD အနေနဲ့ အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နဲ့ နိုင်ငံတော်ကို ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ တိုင်းပြည်နဲ့လူမျိုးကို ဘယ်လိုမှ အကျိုးမပြုနိုင်တဲ့ မှားယွင်းတဲ့ ဝါဒတွေနဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တယ်၊ အခုလဲပဲ ဒီအတိုင်း ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် NLD ဟာ ပြည်ပြေးအဖွဲ့တွေ၊ အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားအဖွဲ့တွေနဲ့လဲ ဆက်စပ်ပတ်သက်မှုတွေရှိပါတယ်။ ဒါကြောင့် NLD ကို မတရားအသင်းကြေညာနိုင်ဖို့ ခိုင်လုံတဲ့ အထောက်အထားများကို နိုင်ငံတော်အစိုးရမှာ ရရှိထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့လဲ နိုင်ငံတော် အစိုးရအနေနဲ့ စိတ်ရှည်သည်းခံပြီး သဘောတားကြီးကြီးထားပြီး အဘက်ဘက်က သုံးသပ်ပြီးတော့ NLDကို တရားဝင်ပါတီအဖြစ် ရပ်တည်ခွင့်ပေးထားခြင်းဖြစ်ပါတယ်။

(သတင်းစဉ်)

အမျိုးသားညီလာခံရဲ့ဆွေးနွေးမှု နိုင်ငံရေးအနှစ်သာရရှိ

အမျိုးသားညီလာခံရဲ့ ဆွေးနွေးမှုဟာ အင်မတန်ကျယ်ပြန့်ပြီးတော့ နိုင်ငံရေး အနှစ်သာရရှိတဲ့ ဆွေးနွေးမှုဖြစ်။ ဒါကြောင့် အမျိုးသား ညီလာခံဟာ NLD က ကနေ့တောင်းဆိုတဲ့ လက်တစ်ဆုပ်စာ လူတစ်စုနဲ့ ဆွေးနွေးရေးထက် နိုင်ငံရေးအရ ပိုမိုပြီးကျယ်ပြန့်တယ်ဆိုတာတွေ့ရမှာဖြစ်။ အဲဒီလို အကြောင်းအချက်တွေကြောင့် နိုင်ငံတော်အစိုးရ အနေနဲ့ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ဟာကို ဆောင်ရွက်ဖို့အကြောင်းမရှိ။